The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 20 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 6 , 2016

## မြဝတီနယ်စပ်တွင် လိုင်စင်မဲ့ကားသွားလာခွင့် ပိတ်ပင်လိုက်ပြီ၊ မြဝတီနယ်စပ်မှ အေးခဲအသားများ၊ ပုစွန်ခြောက်များ၊ ကြက်အရှင်များ တရားမဝင်တင်သွင်းလျက်ရှိ

|pmrsu ES- 3|

## မြန်မာ-ဥရောပသမဂ္ဂ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များမျှဝေရန်ဌာနကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရန်ကုန်တွင်ဖွင့်လှစ်

|pmrsu ES- 3|

## တရုတ်ဆိုင်ကယ်များကို မူဆယ်နယ်စပ်မှ တစ်ဆင့်တရားဝင် သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်းတင်သွင်းခွင့်ပြုပြီ

|pmrsu ES- 22|



## မြန်မာ့ကြံလုပ်ငန်းရေရှည် တိုးတက်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးကောင်းသကြား ထုတ်လုပ်ရေးသို့

မြန်မာနိုင်ငံမှာ ပို့ကုန်တွေ အမျိုးမျိုးရှိတဲ့အနက် ပြည်ပ ပို့ကုန်သကြားဟာ နိုင်ငံတော် အတွက်အရေးပါတဲ့ ပို့ကုန်တစ် မျိုးပဲဖြစ်ပါတယ်။ သကြားထုတ် လုပ်ရာမှာ အဓိက ကုန်ကြမ်း ပစ္စည်းတဲ့ ကြံပင်ကို မြန်မာနိုင်ငံ နေရာအနှံ့မှာ စိုက်ပျိုးနိုင်ပါ တယ်။ ကြံသီးနှံဟာ ရာသီဥတု ပြောင်းလဲမှု ဆိုးရွားသည့်ဒဏ် ကို ကြံ့ကြံ့ခံနိုင်ခြင်း၊ ပျက်စီးမှု

|pmrsu ES- 12|

# ပိုကုန်တိုးမြှင့်နိုင်ဖို့ အညာဒေသထွက် အရည်အသွေးကောင်းဆီးဆန်များ တင်ပို့ကြစို့



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့နေ့စဉ်ဝင်ရောက်နေသည့် ကုန်တင်ယာဉ်ကြီးများထဲတွင် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသော ကုန်ပစ္စည်းများမှာ ဆန်၊ သကြား၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ကြက်သွန်နီ၊ ရေထွက်ပစ္စည်းများအပြင် တစ်ဖက်နိုင်ငံမှ ပုံမှန်ဝယ်ယူသည့်မြန်မာပြည် အညာဒေသထွက် ဆီးဆန်ကုန်ပစ္စည်းသည် မိမိနိုင်ငံမှ တင်ပို့

|pmrsu ES- 12|

## ကသာခရိုင်အတွင်း အရည်အသွေးကောင်း သီးနှံများရရှိဖို့ သီးနှံအခြောက်ခံစက်များ ထားရှိရန်လို

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ဟာ လယ်ယာ စိုက်ပျိုးရေးနဲ့အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ကြပါတယ်။ တောင်သူ၊ ကုန်သည်နဲ့စက်ပိုင်များမှာ လယ်ထွန်စက်၊ ကောက်စိုက်စက်ကအစ စပါးရိတ်သိမ်းခြွေလှေ့စက်အဆုံး

|pmrsu ES- 24|



|pmrsu ES- 15|




MTSH
သီလဝါအထူးစီးပွားရေးဇုန်ရှိ လူနေဈေးဆိုင်ခန်း (Shop House) များ အရစ်ကျစနစ်ဖြင့် ရောင်းချမည့်အစီအစဉ်
TPD
(၁၁ လ) လစဉ်အရစ်ကျ ငွေချေစနစ်
Type (A)
Type (B)
Mini Mart
Today Fashion Shop
ပထမဆုံး ဝယ်ယူသည့်လူနေဆိုင်ခန်း (၂၈) ခန်းအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
မြန်မာ-ဂျပန် ပူးပေါင်း တည်ဆောက်အကောင်အထည်ဖော်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၏ လိုအပ်ချက်ကို အဘက်ဘက်မှ ပံ့ပိုးနိုင်ရန် (၃၅)ဟက်တာ ကျယ်ဝန်းသည့် Residential & Commercial Area အတွင်းရှိ လူနေဈေးဆိုင်ခန်း (Shop House) များတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသူ မည်သူမဆို (နိုင်ငံခြားသား အပါအဝင်) လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
Sales & Markteting Department
Thilawa Property Development Ltd.
Roof Top Floor - အမှတ်(၂၉)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း +၉၅-၉၇၅၆၀၅၂၁၂၊ ၇၈၀၇၆၄၄၈၃၊ +၉၅-၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃ E-mail : sales.mtsh@gmail.com, hlathandarwai.mtsh@gmail.com


KBZ BANK
STRENGTH OF MYANMAR
ဘဏ်ခွဲပေါင်း
၃၈၉
ဘဏ်
နေရာတိုင်း ...
သင်နှင့် အနီးဆုံးဘဏ်
01-2306219
/Kanbawzabank
kbzbank.com

# မြန်မာ-ဥရောပသမဂ္ဂ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များမျှဝေရန်ဌာနကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရန်ကုန်တွင်ဖွင့်လှစ်

မြန်မာ-ဥရောပသမဂ္ဂ သတင်းအချက်အလက်မျှဝေရန်ဌာနကို မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂဈေးကွက်များအကြား ပို့ကုန်၊ သွင်းကုန် စီး ဆင်းမှုမြန်ဆန်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရုံးကို မေ ၂၇ ရက်က ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။

"မြန်မာ-ဥရောသမဂ္ဂ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးစင်တာကို ကုန်သွယ်မှု၊ စီးပွားရေးနဲ့ ဈေးကွက် သတင်းအချက်အလက်များအား မြန်မာနိုင်ငံမှ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးနိုင်စေရန် ရည်ရွယ်ချက်နဲ့ တည်ထောင်ခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံဈေးကွက်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဥရောပသမဂ္ဂမှ အလားအလာရှိတဲ့ ဝယ်ယူသူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေကိုလည်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီသတင်းအချက်အလက်မျှဝေတဲ့ ဌာနဟာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် အဓိကရည်ရွယ်ပြီး ဥရောပသမဂ္ဂဈေးကွက်များကို သိရှိနိုင်ရန်နှင့် စူးစမ်းနိုင်စေရန်ဖြစ်တယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားခဲ့သည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TDP) က မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကို မြန်မာနိုင်ငံတွင် ပို့ကုန်ကဏ္ဍ တိုးမြှင့်စေရေးအတွက် အဆိုပါ သတင်းအချက်အလက်မျှဝေ ရန်ဌာနအား ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် လည်ပတ်လုပ်ဆောင်နိုင်ရန် ကူညီပေးသွားမည်ဖြစ်သည်။ အဆိုပါ သတင်းအချက်အလက် မျှဝေရန်ဌာနသို့ လာရောက်ကြသော ဝန်ဆောင်မှုရယူလိုသူများ၊ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် ဝယ်ယူသူများအား ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ဈေးကွက်သတင်းအချက်အလက်၊ ပို့ကုန်ဆိုင်ရာ စုံစမ်းမှုများ၊ အကျိုးဆောင်နှင့် ဥရောပသမဂ္ဂအသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် မြန်မာနိုင်ငံတို့အကြား ချိတ်ဆက်ခြင်းများကို ကူညီပေးသွား မည်ဖြစ်ကြောင်းသိရသည်။

"ဥရောပသမဂ္ဂဟာများစွာသော စံသတ်မှတ်ချက်များနဲ့အတူ လုံခြုံရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် လိုက်နာရမည့် ကျင့်ဝတ်များနဲ့ ပတ်သက်တဲ့ ဈေးကွက်ဆိုင်ရာတောင်းဆိုမှုများရဲ့ ဈေးကွက်ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ သို့ ➲

## မြဝတီနယ်စပ်တွင် လိုင်စင်မဲ့ကားသွားလာခွင့် ပိတ်ပင်လိုက်ပြီ မြဝတီနယ်စပ်မှ အေးခဲအသားများ၊ ပုစွန်ဖြူများ၊ ကြက်အရှင်များ တရားမဝင်တင်သွင်းလျက်ရှိ

ကညနလိုင်စင်မရှိသည့် မော်တော်ယာဉ်များကို မေ ၃၀ ရက်မှစတင်ကာ မြဝတီမှမဲဆောက်ဘက်သို့ သွားလာခွင့်ပိတ်ပင်လိုက်ကြောင်း သိရှိရသည်။ အထက်အမိန့်အရဟုဆိုကာ ဒေသအာဏာပိုင်များက အဆိုပါအမိန့်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်ဟု အကြောင်းကြားခြင်းခံရသည့် အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးကပြောဆိုသည်။

လိုင်စင်မရှိသော မော်တော်ယာဉ်များအပါအဝင် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ ထိုင်းဘက်ခြမ်း မဲဆောက်ဘက်သို့ လုံးဝသွားခွင့်မပြုတော့ခြင်းကို မဲဆောက်သို့ တရားဝင်ပြေးဆွဲနေကြသည့် ခရီးသည်ယာဉ်လိုင်းမှကားသမားများက ကြိုဆိုလိုက်ကြသည်ဟုဆိုသည်။

ရွှေမြန်မာယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက "ကြိုဆိုတယ်ဗျာ၊ ကျွန်တော်တို့ ခရီးသည်တင်ကားတွေက အစီးရေ ၁၀၀ လောက်ရှိတယ်၊ ဝစ်သောက်ဒဏ်ကိုခံနေရတာ လိမ့်နေတာပဲ၊ ဒီသတင်းကြားရတာ ဝမ်းသာတယ်ဗျာ"ဟုပြောဆိုသည်။

မြဝတီမြို့ခံ လိုင်စင်မဲ့ယာဉ်အသုံးပြုနေသူတစ်ဦးက "အနေအထားတစ်ခုအရ သုံးနေရတာပါ။ လိုင်းကားရှိတာကတော့ ဟုတ်ပါတယ်။ ထင်သလိုတော့ ခရီးမပေါက်ဘူးလေ ကချင်ပြည်နယ် အစိုးရလွှတ်တော်မှာ လိုင်စင်မဲ့ကားတွေ ပြည်နယ်လိုင်စင်ရရှိရေး ဆွေးနွေးနေကြသလို ကရင်ပြည်နယ်အစိုးရလွှတ်တော်မှာလည်း ဆွေးနွေးပေးစေချင်တယ်။ ပြည်နယ်အစိုးရဆိုတာက ကျွန်တော်တို့ရဲ့ မိဘတွေပါပဲ။ အားကိုးပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် မြဝတီ-ရန်ကုန်တစ်လျှောက် တစ်ဖက်နိုင်ငံမှ ကြက်အရှင်များ၊ တရားမဝင်သယ်ပို့နေမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း၊ မြဝတီ-ကော့ကရိတ်လမ်းတစ်လျှောက် ကြက်သယ်ယာဉ်အရေအတွက်မှာ လွန်စွာများပြားလာကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တင်သွင်းနေမှုများသည် ရန်ကုန် ကြက်၊ ဘဲဒိုင်များအရောက် ကြီးမားကျယ်ပြန့်နေသည့်အတွက် နိုင်ငံတွင်း ကြက်မွေးမြူရေး လုပ်ငန်းများကိုပါ ထိခိုက်စေလျက်ရှိကြောင်းလည်း သိရသည်။ ထို့အတူ နိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းများဖြင့် ဝင်ရောက်လာသည့် အခြားကုန်စည်တစ်မျိုးမှာ ပုစွန်များဖြစ်ကြောင်း၊ ပုစွန်ဖြူများသည်လည်း ရန်ကုန်ဈေးကွက်အရောက် တရားမဝင်တင်သွင်းနေသည်မှာ အေးခဲကြက်မြစ်၊ ကြက်သည်း၊ ကြက်နှလုံးများနည်းတူ မြန်မာပြည်အနှံ့အပြားသို့ ရောက်ရှိလျက်ရှိသည်ဟုလည်း သိရပါသည်။

**သတင်းရင်းမြစ်-မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း**




## အွန်လိုင်းကို အပြည့်အဝအသုံးပြုနိုင်သည့် ပို့ကုန် သွင်းကုန်လိုင်စင်စနစ်ကို ဇွန်လ ၇ ရက်မှ စတင်အသုံးပြုနိုင်ပြီ

အွန်လိုင်းကို အပြည့်အဝအသုံးပြုနိုင်သည့် ပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Fully Online Licensing System) ကို ဇွန် ၇ရက်မှစတင်ကာ ပို့ကုန်သွင်းကုန်အမယ်တချို့ဖြင့် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Fully Online Licensing System နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲနှင့် ရှင်းလင်းပွဲကို မေ ၃၀ ရက်က ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်သော ကုန်သွယ်မှုမူဝါဒစနစ်ကို ချမှတ်ကျင့်သုံးလျက်ရှိရာတွင် မဏ္ဍိုင်တစ်ခု ဖြစ်သော ကုန်သွယ်မှုဖြေလျော့ရေးကိုလည်း ဆောင်ရွက်လျှက်ရှိကြောင်း၊ Online အပြည့်အဝ အသုံးပြုနိုင်သည့် ပို့ကုန်သွင်းကုန်လိုင်စင်စနစ်ကို ဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်ရန်မလိုတော့ဘဲ မိမိတို့ကုမ္ပဏီ၊ ရုံးခန်းများမှ ဆောင်ရွက်နိုင်ခြင်း၊ အဆိုပါစနစ်တွင် ငွေပေးချေမှုစနစ်၊ ငွေကြေးလုံခြုံမှုစနစ်၊ လိုင်စင်အချက်အလက်စစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးပို့ခြင်းစနစ်များပါဝင်ပြီး ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ထောက်ခံချက်မလိုသော ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းအမယ် တချို့နဲ့စတင်မှာဖြစ်ကြောင်း၊ CMP အထည်ချုပ်လိုင်စင်လျှောက်ထားခြင်းများကိုလည်း သက်ဆိုင်ရာ စက်ရုံများမှနေ၍ online ရှိရုံဖြင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ လေ့လာနိုင်စေရန် ကုန်သွယ်မှုဘဏ်တိုက် Myanmar National Trade Portal website ကိုလည်း မေ ၂၆ရက်မှ စ၍ လွှင့်တင်ထားပြီးဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန သတင်းအချက်အလက်နည်းပညာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဝင်း က online အသုံးပြုလျှောက်ထားနိုင်သည့် ပို့ကုန်သွင်းကုန်လိုင်စင်စနစ်အား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ချိုသက်မူ

**လက်ထောက်စာတည်း**
ချောစုမာ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.20 Monday June 6 2016

## ရက်သတ္တတစ်ပတ်အတွင်း ဆန်တန်ချိန် တစ်သောင်းရှစ်ထောင်နီးပါးတင်ပို့

မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၉၂၅ သန်းဖိုးရှိ ဆန် ၁၆၁၈၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၄၄၅ တန်ကျော်နဲ့ ဧည့်မထဆန် တန် ၁၆၂၀၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၇၀၁၁ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၁၀၇ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၁၂၅ တန်လျော့နည်းခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၉၉ သန်းဖိုးရှိ ဆန်ကွဲ ၃၀၃၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ ဆန်ကွဲ ၂၉၈၂ တန်နဲ့ လွယ်ဂျယ်မှ ၅၆ တန်ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မေ ၂၂ ရက်မှ ၂၈ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၃၃ သန်းဖိုးရှိ ဧည့်မထဆန် တစ်မျိုးတည်း ၁၇၇၅ တန်ကို အီးယူနိုင်ငံများနဲ့ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တရုတ်သို့ ၆၂၅ တန်၊ ပိုလန်နိုင်ငံသို့ ၂၇၅ တန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ ၈၇၅ တန် အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၅၃ တန်လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပေါ်ဆန်းဆန်ချော အဝင်နည်းပြီး ဧည့်မထဆန်ကြမ်း အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေးနေ



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဇွန် ၃ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၄၅၀၀ ကျပ်၊ အလတ်စ ဆန်တစ်အိတ် ၃၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် လတ်စဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ လတ်စဆန်တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နယ်စုံပေါ်ဆန်းဆန်များကတော့ ထိပ်စ တစ်အိတ် ၃၃၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ဆန်လတ်စ တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန် အဝင်နည်းပေမယ့်အရည်အသွေးကောင်း ပစ္စည်းကောင်းတဲ့ ပေါ်ဆန်းဆန်ချောများမှာ အရောင်းအဝယ် ပုံမှန်ရှိနေပါတယ်။ ဆန်ဈေးမှာ ဈေးမကျပေမယ့် အညံ့စများကတော့ အရောင်းအဝယ် အေးနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စဆန် တစ်အိတ် ၂၂၀၀၀ ကျပ် နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဆက်လက်ဈေးငြိမ်နေကြောင်း၊ မနောသုခရှယ် ဆန်တစ်အိတ် ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ‌နွေသီးထပ် (ရှယ်) ဆန် တစ်အိတ် ၁၇၈၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ နွေဆန်ရက်၉၀ဆန်ဈေးနှုန်း တစ်အိတ် ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ဖြစ်လို့ တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်များ ကုန်စည်ဒိုင်သို့ အဝင်ပုံမှန်ရှိပြီး တရုတ်အဆွဲ သိပ်မရှိခြင်း၊ လက်လီသမားများ သာရှိနေခြင်းတို့ကြောင့် အရောင်းအဝယ်မှာလည်းအေးနေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဇွန် ၃ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခတစ်အိတ် ၁၃၀-၁၃၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၉-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၅-၁၃၇ ယွမ်အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၂ ယွမ်မှ ၅ ယွမ်ခန့်ဈေးကျလာပြီး၊ ငစိန်ဆန်မှာတော့ ၁ ယွမ်မှ ၄ ယွမ်ခန့် ဈေးကျလာ တွေ့ရပါတယ်။ တရုတ်လိုင်း မူဆယ်ရဲ့ ဆန်ဈေးကွက်အခြေအနေမှာ ဒီရက်အတွင်းအရောင်းအဝယ် ပြန်အေးလာကြောင်း၊ တရုတ်ဘက်မှာ အစစ်အဆေးအနည်းငယ် ပြန်ရှိလာလို့ ဝယ်လက် တန့်နေတဲ့အတွက်ကြောင့် အရောင်းအဝယ် အေးရခြင်းဖြစ်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဇွန် ၃ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၀ ဒသမ ၁၇ ကျပ်ဖြစ်ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၄၆၈ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၇၃၃၈ တန်ခန့်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၇ ရက်အထိ တင်ပို့မှုမှာ တန်ချိန် ၉၉၁၃၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၇၈၅၃၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၂၇၇၁၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၀၆၀၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၇၅၀၈၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MT-YGN**

### ၃၀-၅-၂၀၁၆ မှ ၃-၆-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 244 | 10,852,740.115 |
| 2 | Form D | 85 | 5,139,960.470 |
| 3 | Form E | 71 | 4,455,769.630 |
| 4 | Korea GSP | 1 | 22,003.200 |
| 5 | Form AK | 31 | 1,248,096.230 |
| 6 | Form AJ | 13 | 849,292.450 |
| 7 | Form AI | 50 | 2,200,044.080 |
| 8 | Form AANZ | 4 | 13,338.520 |
| 9 | Form DFTP | - | - |
| Grand Total | | 499 | 24,781,244.695 |

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၆-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၆ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၁ | □ | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၈၀ | △ | ၄၀၅ | ၄၁၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၂၁ | ၄၂၁ | □ | ၃၄၅ | ၃၆၀ | △ | ၃၅၅ | ၃၆၀ | △ | ၃၆၅ | ၃၇၀ | △ |
| ပေါင်းဆန် | ၄၂၅ | ၃၉၁ | ▽ | - | - | - | ၃၆၅ | ၃၇၀ | △ | - | - | - |

Source: oryza.com

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၆-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၅၃၅ | ၅၃၅ | □ | ၄၂၅ | ၄၂၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၅-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၄၆၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၇၃၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၁၀၀၀ | △ |
| ရွှေဘို | ၇၀၀၀ | □ | ၃၀၀၀၀ | □ | ၁၁၈၅၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | △ | ၂၄၀၀၀ | △ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၂၀၀၀ | □ | - | - | ၃၁၅၀၀ | ▽ |
| မန္တလေး | ၇၄၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၈၅၀၀ | △ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | △ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၆-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၅ | ၃/၆ | ပြောင်းလဲမှု | ၂၇/၅ | ၃/၆ | ပြောင်းလဲမှု | ၂၇/၅ | ၃/၆ | ပြောင်းလဲမှု | ၂၇/၅ | ၃/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၈၀၇ | ၂၇၇၁ | ▼ | ၂၆၈၃ | ၂၆၃၃ | ▼ | ၂၆၇၅ | ၂၆၀၀ | ▼ | ၂၇၀၀ | ၂၆၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၄၄၉ | ၂၄၁၃ | ▼ | - | - | - | ၂၄၁၀ | - | - | ၂၄၀၀ | ၂၃၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၅၀ | ၁၄၀၀ | ▼ | ၁၆၈၉ | ၁၅၁၁ | ▼ | ၁၆၈၄ | ၁၆၃၂ | ▼ | ၁၆၃၀ | ၁၄၅၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၅၀ | ၂၅၅၀ | ▲ | - | - | - | - | - | - | ၁၉၈၅ | - | - |
| ၅ | ပဲလွန်းဖြူ | ၉၆၅ | ၉၆၅ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | ၁၁၀၅ | ၁၁၇၅ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | - | - | ၆၀၅ | ၉၀၅ | ▲ | ၆၀၀ | ၆၀၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၆-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၇၀ | ၁၄၂၀ | ▼ | ၁၆၇၉ | ၁၅၄၄ | ▼ | ၁၇၈၃ | ၁၆၃၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၉၀ | ၁၂၅၀ | ▼ | ၁၂၇၀ | ၁၂၄၇ | ▼ | ၁၃၂၄ | ၁၂၆၅ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၆၂ | ၈၃၁ | ▼ | ၉၅၂ | ၈၆၁ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၉၁၄ | ၉၁၃ | ▼ | ၉၂၂ | ၉၀၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၂၁.၅.၁၆)ထိ | (၂၈.၅.၁၆)ထိ | (၂၈.၅.၁၆) ထိ |
| မတ်ပဲ | ၁၆၀၉၆ | ၁၀၇၃၆ | ၂၀၃၇၅၄ |
| ပဲတီစိမ်း | ၄၆၉၂ | ၃၀၃၀ | ၁၀၃၅၆၅ |
| ပဲစင်းငုံ | ၅၅၁၀ | ၉၉၁ | ၁၂၅၆၀၇ |
| ကုလားပဲ | - | ၁၈၇ | ၁၁၇၅၅ |
| ပဲလွန်းဖြူ | ၃၇၀ | ၂၆၄ | ၉၇၈၆ |
| မြေထောက်ပဲ | ၂၂၆ | ၈၇ | ၄၃၅၀ |



## မန္တလေးပွဲရုံများတွင် ပဲစင်းငုံ အရောင်းအဝယ်အေးနေ

ငါးဇွန်မြို့တွင် ပဲစင်းငုံကို နှစ်စဉ် မိုးဦးကျကာလဖြစ်သော မေ၊ ဇွန်လများတွင်စိုက်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရိတ်သိမ်းကြောင်း၊ စိုက်ပျိုးရာတွင် တစ်ဧက၌ မျိုး၊ ထွန်ယက်ခ၊ လုပ်သားခ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဖိုး အပါအဝင် စုစုပေါင်း ကျပ် ၈၀၀၀၀ နှုန်းကုန်ကျကြောင်း၊ မျိုးစေ့အနေဖြင့် တစ်ပြည် သာကုန်ကျပါကြောင်း၊ အတန်းလိုက် တစ်တန်းနှင့်တစ်တန်းလေးပေခြားကာ မျိုးစေ့ကို တစ်စေ့နှင့်တစ်စေ့ ခြောက်လက်မခြား စိုက်ပျိုးကြောင်း၊ စိုက်ပြီးတစ်လ အကြာတွင် ပေါင်းသင်မြေဆွခြင်း၊ အဖူးအပွင့်ဝေချိန်တွင် အသီးအပွင့်အားဆေး၊ ရွက်ဖြန်းအားဆေးနှင့် ပိုးသတ်ဆေးများ လိုအပ်သလို ပက်ဖျန်းကြောင်း၊ အထွက်နှုန်းမှာ ရာသီဥတု ကောင်းမွန်ပါက တစ်ဧကငါးတင်းမှရှစ်တင်းအထိ ထွက်ရှိ ကြောင်း ငါးဇွန်းမြို့နယ်၊ အောင်ချမ်းသာရွာ တောင်သူတစ်ဦးက ပြောပါသည်။

ပဲစင်းငုံကို ဈေးကွက်စီးပွားရေးစနစ်အရ Export သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးလာကြပြီး မန္တလေးပွဲရုံများ၌ ပဲစင်းငုံအသစ် ဝင်ရောက်မှုမရှိသော်လည်း အဟောင်းဖြစ်သော ပဲစင်းငုံ(နီ)နှင့်ပဲစင်းငုံ(ကြား) တစ်တင်းလျှင် ကျပ် ၄၈၀၀၀၊ ကျပ် ၅၀၀၀၀၊ ပဲစင်းငုံ (ရွှေ) တစ်တင်းလျှင် ကျပ် ၄၁၀၀၀၊ ကျပ် ၄၃၀၀၀ နှုန်းဖြင့် အရောင်းအဝယ်အေးနေကြောင်း သိရှိရပါသည်။

**တင်မိုး(DOT-MDY)**

## ယခင်လကာလတူဈေးနှုန်းအောက်နဲ့ အရောင်းအဝယ် ဖြစ်နေတဲ့ ဇွန်လပထမပတ် မန်းကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မန္တလေးကုန်စည်ဒိုင်(ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ လာရောက်ပြီး အရောင်း အဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံ (ပဲ၊ နှမ်း၊ ပြောင်း၊ မြေပဲ) များရဲ့ ၂၀၁၆ ခုနှစ် ဇွန်လပထမပတ် အရောင်း အဝယ်ဖြစ်တဲ့ဈေးနှုန်းများနဲ့ အရောင်းအဝယ်ဖြစ်မှု အခြေအနေများမှာ-

| စဉ် | သီးနှံအမည် | ၃-၅-၂၀၁၆ | | ၃-၆-၂၀၁၆ | |
|---|---|---|---|---|---|
| | | နိမ့် | မြင့် | နိမ့် | မြင့် |
| ၁ | ပဲတီစိမ်းရွှေဝါ | ၁၇၄၂ | ၁၇၇၀ | ၁၆၀၀ | ၁၇၄၂ |
| ၂ | ပဲတီစိမ်းအညာ | | ၁၈၃၁ | ၁၅၁၁ | ၁၆၇၁ |
| ၃ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၈၃ | ၁၀၀၀ | ၁၀၈၃ |
| ၄ | ပဲကြီး | ၁၁၇၆ | ၁၅၅၇ | ၁၄၄၈ | ၁၄၈၄ |
| ၅ | ပဲနီပြား | | ၁၁၇၆ | ၁၀၅၀ | ၁၁၇၆ |
| ၆ | ပဲပုပ် (ရှမ်း) | ၉၇၇ | ၁၀၃၃ | ၈၄၅ | ၉၃၉ |
| ၇ | ပဲပုပ် (ဗမာ) | ၁၀၁၄ | ၁၀၃၃ | ၉၅၈ | ၉၇၇ |
| ၈ | ပဲယင်း | | ၇၅၀ | ၇၁၇ | ၇၂၅ |
| ၉ | ထောပတ်ပဲ | ၆၅၈ | ၈၈၉ | | ၈၀၀ |
| ၁၀ | မြေထောက်ပဲ | ၁၀၁၉ | ၁၂၂၂ | ၁၀၁၉ | ၁၁၄၈ |
| ၁၁ | မတ်ပဲ | ၂၇၁၇ | ၂၇၅၀ | | ၂၆၆၇ |
| ၁၂ | ပဲစင်းငုံနီ | | | | ၂၃၈၃ |
| ၁၃ | ကုလားပဲဖြူလုံးကြီး | | ၁၈၁၃ | | ၁၉၉၁ |
| ၁၄ | ကုလားပဲဖြူလုံးကြီး ထိုင်ဝမ်) | | ၁၇၇၈ | | ၂၀၂၆ |
| ၁၅ | ပြောင်းဖူးစေ့(ရှမ်း) | ၄၂၆ | ၄၃၁ | | ၄၄၁ |
| ၁၆ | ပြောင်းဖူးစေ့(CP) | | ၄၃၅ | ၄၄၄ | ၄၅၀ |
| ၁၇ | အထွက်တိုးပြောင်း | ၅၂၈ | ၅၃၈ | ၅၀၉ | ၅၂၈ |
| ၁၈ | ဆန်ပြောင်း | ၅၂၃ | ၅၄၀ | ၅၂၃ | ၅၃၂ |
| ၁၉ | နှမ်းဖြူ | ၂၂၂၂ | ၂၂၈၉ | ၂၁၁၁ | ၂၁၃၃ |
| ၂၀ | နှမ်းညို | ၁၇၇၈ | ၁၈၀၀ | ၁၆၆၇ | ၁၇၇၈ |
| ၂၁ | နှမ်းနက် | ၁၆၆၇ | ၁၈၈၉ | ၂၀၀၀ | ၂၂၂၂ |
| ၂၂ | နှမ်းနက်စမုံ | ၄၁၁၁ | ၄၂၂၂ | ၃၇၇၈ | ၃၈၂၂ |
| ၂၃ | ပန်းနှမ်း | ၂၁၇၈ | ၂၂၂၂ | | ၂၀၆၇ |
| ၂၄ | မြေပဲဆန်(S1လုံးဆန်) | ၂၅၅၀ | ၂၆၅၀ | ၂၉၅၀ | ၃၀၀၀လ |

ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ ပဲတီစိမ်းရွှေဝါနဲ့ ပဲတီစိမ်းအညာရဲ့ ဈေးနှုန်းက ယခင်လကာလတူဈေးနှုန်းအောက်မှာ ဈေးအေးအေးနဲ့ အရောင်းအဝယ်ဖြစ်သလို အရောင်းအဝယ်ဖြစ်မှုလည်း အေးပါတယ်။ ယခုတစ်ပတ်မှာ နေ့စဉ်ပျမ်းမျှ သုံးတင်းအိတ် ၂၀၀၀ ခန့်နဲ့ ပဲလွန်းဖြူဈေးနှုန်းတည်ငြိမ်နေသလို အရောင်းအဝယ်ကလည်း တစ်ရက်ကို သုံးတင်းအိတ် ၁၀၀ မှ ၁၅၀ ခန့်သာ ပုံမှန်လေးဖြစ်နေပါတယ်။ ပဲကြီးဈေးနှုန်းက ယခင်တစ်ပတ်ဈေးအောက်ကိုရောက်နေပြီး အရောင်းအဝယ်အေးလို့ တစ်ရက်ပျမ်းမျှ သုံးတင်း အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်သလို ပဲနီပြားက ဈေးငြိမ်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲပုပ်(ရှမ်း)ရော၊ ပဲပုပ်(ဗမာ)ပါ ယခင်လကာလတူ ဈေးအောက်ရောက်ပေမယ့် ဒေသတွင်းဝယ်လက်တွေကြောင့် နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ပဲယင်း၊ ထောပတ်ပဲနဲ့ မြေထောက်ပဲများမှာလည်း ဈေးအေးပြီး အရောင်းအဝယ် အနည်းငယ်အေးပါတယ်။

ပြည်ပ(အိန္ဒိယ) နဲ့ ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုမရှိတဲ့ မတ်ပဲနဲ့ ပဲစင်းငုံနီမှာ ယခင်လကာလတူဈေးနှုန်းအောက် အနည်းငယ်ရောက်ရှိပေမယ့် ဈေးနှုန်းကွာဟမှုကျဉ်းမြောင်း စွာနဲ့ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့်စီ အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ ဒေသတွင်းဝယ်လက်နဲ့ ပဲခွဲစက်၊ ပဲသန့်စင်စက်များမှ ဝယ်ယူတဲ့ကုလားပဲမှာ ယခင်လထက်ဈေးမာပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။

ပြောင်းဖူးစေ့က ယခင်လဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ဈေးနိမ့်၊ ဈေးမြင့်ကွာခြားမှု အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်သော်လည်း ရောင်းဝယ်မှုလွန်စွာနည်းပါးပါတယ်။ နှမ်းရောင်စုံ (နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်၊ နှမ်းနက်(စမုံ)၊ ပန်းနှမ်း) များအနက် နှမ်းနက် တစ်မျိုးတည်းသာ ယခင်လကာလတူ ဈေးနှုန်းအထက်မှာ အရောင်းအဝယ်ဖြစ်ပြီး ကျန်နှမ်းများမှာ ဈေးအေးလျက်ရှိပါတယ်။ အဆိုပါနှမ်း ရောင်စုံ ငါးမျိုးမှာ တစ်ရက်ပျမ်းမျှသုံးတင်းအိတ် ၈၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲဆန် S1 လုံးဆန်မှာ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာကျပ် ၃၅၀ (တစ်တန် ၂၁၄၃၃၆ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရ ပါတယ်။

ဇွန်လဆန်းပိုင်းမှာ ပဲအများစုရဲ့ ဈေးကမေလဆန်း ဈေးအောက်ကိုရောက်နေပြီး ပဲတီစိမ်း၊ နှမ်းနဲ့မြေပဲများသာ အရောင်းအဝယ်သွက်ကြောင်း၊ ကျန်ပဲများမှာ ပြည်တွင်း ဝယ်လက်များနဲ့ ပဲခွဲစက်များမှ ဝယ်ယူမှုရှိတဲ့အတွက် အရောင်းအဝယ်ဖြစ်သော်လည်း အရောင်းအဝယ် အနည်းငယ်အေးသွားကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။ **စိုးအောင်(မန္တလေး)**

## မုံရွာကုန်စည်ဒိုင်ဇွန်လဆန်းပဲဈေးကွက် အရောင်းမသွက်ဝယ်လက်အေးနေ

မုံရွာကုန်စည်ဒိုင် ဇွန်လဆန်း ပဲဈေးကွက်မှာ ပြီးခဲ့တဲ့မေလကုန်ပတ်ကထက် ပဲအများစုမှာ ပုံမှန်အောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဈေးအသီးသီးကျဆင်းသွားတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ရက်တွေက ဒိုင်ကိုအဝင်သွက်ခဲ့တဲ့ နွေပဲတီလည်း ယခုတစ်ပတ်မှာ ဒေသတွင်း မိုးရွာသွန်းမှု ရှိခဲ့လို့ ပဲကောက် ပဲဆွတ် မလုပ်နိုင်တဲ့အတွက် ပဲအဝင်လျော့ခဲ့တယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။ ဝယ်လက်အနေနဲ့ တရုတ်ပြည်အတွက် ဝယ်/သယ်/ပို့တိုက်ရိုက်သာဖြစ်ခဲ့ပြီး၊ မနှစ်ကလို အမြင့်ဈေးမျိုးမှန်းပြီး၊ လှောင်လက်အဝယ်မျိုးမရှိခဲ့လို့ ယခုတစ်ပတ်မှာ စိမ်းကြီးတစ်တင်းကျပ် ၃၀၀၀၀ အထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ စိမ်းသေးကတော့ ဒိုင်မှာ အဝင်နည်းပြီး တစ်တင်းကျပ် ၂၇၀၀၀ နဲ့ဈေးငြိမ်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ ယခုရက်သတ္တပတ်မှာ တစ်ရက် အိတ် ၇၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှသိရပါတယ်။

ယခုတစ်ပတ်ပဲစင်းငုံနီဈေးကွက်မှာ ဒေသခံကုန်သည်တွေ ရောင်းလိုအားနည်းခဲ့သလို ရန်ကုန်၊ မန္တလေး ကုန်သည်တွေရဲ့ ဝယ်လိုအားလည်း နည်းခဲ့တာကြောင့် ဈေးအေးကာ အရောင်းအဝယ်ပမာဏပါ ကျဆင်းသွားတာတွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးအနေနဲ့ တစ်တင်းကျပ် ၄၇၇၀၀ အမြင့်ဆုံးနဲ့ တစ်တင်းကျပ် ၄၆၃၀၀ အထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ အရောင်းအဝယ်အနေနဲ့လည်း အရောင်းအဝယ် ဖြစ်တဲ့ရက်မှာ အများဆုံး အိတ် ၁၀၀၀ မဖြစ်တဲ့ရက်မှာ အိတ် ၃၀၀/၄၀၀ အထိ အေးသွားတယ်လို့ ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာလည်း ယခုတစ်ပတ်မှာ နယ်အဝင်ပါးခဲ့ပြီး၊ ပုံမှန်အဝယ်သာရှိခဲ့လို့ တစ်တင်း ကျပ် ၅၃၀၀၀ မှ ကျပ်၅၄၀၀၀ အတွင်းဈေးငြိမ်ခဲ့ကာ အရောင်းအဝယ်မသွက်ဘဲ တစ်ရက်အိတ် ၂၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ်မှာ ပြည်ပရောင်းတန်းဝင်ပဲတွေ ဈေးအေးအရောင်းအဝယ်ပါးခဲ့သလို ပြည်တွင်းသုံးဒေသသုံးပဲဈေးကွက်မှာလည်း ဆက်လက်ဈေးငြိမ်ခဲ့ရာ ပဲကြီးတစ်တင်း ကျပ် ၂၂၅၀၀/ကျပ် ၂၆၅၀၀၊ စွန်တာနီတစ်တင်းရိုးရိုး ကျပ် ၁၄၅၀၀၊ (ကသဲ) ကျပ် ၁၅၀၀၀၊ ပဲနီကြားလုံးတစ်တင်း ကျပ် ၁၅၃၀၀၊ ပဲပုပ်၊ ကျပ် ၁၈၀၀၀/ကျပ်၁၈၅၀၀ ၊ ပဲယင်းဝါ တစ်တင်း ကျပ် ၁၄၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၁၄၅၀၀၊/ကျပ် ၁၆၀၀၀ ၊ မြေထောက်ပဲတစ်တင်းကျပ် ၁၅၀၀၀/ ကျပ် ၁၇၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၁၀၀၀ နဲ့လွန်းပြာတစ်တင်း ကျပ် ၂၀၅၀၀ အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ် ပုံမှန်သာဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

Vol: 16, No.20 Monday June 6 2016

# ပြည်ပဲဈေးကွက်မှာ နှစ်အလိုက်ကာလတူအချိန်က ဖြစ်ပေါ်ခဲ့တဲ့ ပဲမျိုးစုံဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း နှစ်အလိုက်ကာလတူအချိန်ကဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများကို လေ့လာရာတွင် ၂၀၁၆ ခုနှစ်အတွင်း ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ၂၀၁၄ ခုနှစ်ထက် နှစ်ဆကျော် ဈေးမြင့်တက်ခဲ့ပြီး၊ ပြည်တွင်းဝယ်ယူမှုများတဲ့ ကုလားပဲသီးနှံကလည်း ၎င်းပဲများနည်းတူ ၂၀၁၄ ခုနှစ်တုန်းက ဈေးထက် နှစ်ဆကျော် ဈေးကောင်းရရှိလာခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံကတော့ သုံးနှစ်စာဈေးနှုန်းအရ ဈေးအပြောင်းအလဲအတက်/အကျ သိပ်မဖြစ်ဘဲ ကျပ်သုံးသောင်းအောက်သာဈေးရရှိခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ယခုနှစ်အတွင်း ၎င်းပဲများနှင့်ယှဉ်လျှင် ဈေးအနိမ့်ဆုံးရခဲ့ပေမယ့် ယခင်နှစ်များကထက်တော့ ဈေးပိုရနေခဲ့တာကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ်။

**တင်းဈေး-ကျပ်**

| ပဲအမျိုးအစား | ၂၀၁၄ မေလ | | ၂၀၁၅ မေလ | | ၂၀၁၆ မေလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၃၀၀၀ | ၂၆၀၀၀ | ၃၇၂၀၀ | ၄၀၂၀၀ | ၅၃၅၀၀ | ၅၄၇၀၀ |
| ပဲစင်းငုံ | ၁၉၁၀၀ | ၂၀၀၀၀ | ၃၆၅၀၀ | ၃၉၃၀၀ | ၄၈၅၀၀ | ၅၀၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၁၄၉၀၀ | ၁၅၇၀၀ | ၂၁၅၀၀ | ၂၄၀၀၀ | ၃၈၃၀၀ | ၄၀၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၅၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၅၅၀၀ | ၂၆၀၀၀ |
| ပဲပုပ် | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |

မတ်ပဲသီးနှံမှာ တစ်နှစ်ထက်တစ်နှစ်ဈေးကောင်းရလာပြီး ၂၀၁၆ ခုနှစ်မေမှာ တစ်တင်းကျပ် ၅၃၅၀၀ မှ ကျပ် ၅၄၇၀၀ ရရှိခဲ့ပေမယ့် ယခုလိုကာလမျိုးတွင် ပဲဈေးက အတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ ရပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာလများတွင်တော့ ယခင်နှစ် ဈေးကွက်အရ ၎င်းလများတွင်ပဲဈေးနှုန်းသိသာစွာမြင့်တက်ခဲ့တာကြောင့် ပဲဈေးကွက်မှာ ၂၀၁၅ ခုနှစ်နှစ်ကုန်ပိုင်း မှာ မတ်ပဲကစံချိန်တင်ဈေးမြင့်ခဲ့တဲ့ သီးနှံဖြစ်ခဲ့တာကို တွေ့ရ ပါတယ်။ ယခုနှစ်မှာလည်း ယခုလိုမိုးဦးကာလအချိန်တွင် ဈေးအေးခဲ့ပေမယ့် ယခင်နှစ်ကဲ့သို့ နောက်ပိုင်းကာလများတွင် ပဲဈေးနှုန်းအမြင့်ကို ဆက်မျှော်ကာ တောင်သူအချို့နဲ့ လှောင်လက်အချို့က ဆက်လက်သိုလှောင်ထားရှိတာကိုလည်း တွေ့ ရပါတယ်။ ၂၀၁၄ ခုနှစ်မေလအတွင်းတစ်တင်း ကျပ် ၂၃၀၀၀ မှ ကျပ် ၂၆၀၀၀ သာ ရရှိခဲ့လို့ ယခုနှစ်ဈေးနှင့်ယှဉ်လျှင် ဈေးလျော့နည်းခဲ့တယ်လို့ ထင်ရပေမယ့် ၎င်းနှစ်အတွင်းမှာ အခြားပဲများလည်း ဈေးအေးခဲ့တဲ့အတွက် မတ်ပဲဈေးက အခြားပဲများထက် ဈေးပိုရနေခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း တစ်တင်းကျပ် ၃၈၂၀၀ မှ ကျပ် ၄၀၂၀၀ အထိ ယခင်နှစ်ထက် ဈေးပိုလာသလိုအခြားပဲများထက်လည်း ဈေးကောင်းဆက်ရခဲ့တာကို တွေ့ရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲကဲ့သို့ တစ်နှစ်ထက်တစ်နှစ်ဈေးပိုလာပြီး ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ မှာရော ၂၀၁၆ မှာပါ ဈေးနှစ်ဆမြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှ မေလအတွင်းတစ်တင်းကျပ် ၁၉၁၀၀ မှ ကျပ် ၂၀၀၀၀ ကြား သာဈေးရခဲ့လို့ ဈေးအေးခဲ့ပြီး ၂၀၁၅ မေလမှာ တစ်တင်းကျပ် ၃၆၅၀၀ မှကျပ် ၃၉၃၀၀ အထိ ယခင်နှစ်ထက် ဈေးကောင်းလာခဲ့ပါတယ်။ မတ်ပဲဈေးနီးပါး ဈေးကောင်းခဲ့ပေမယ့် ယခုလို မေလအတွင်း မတ်ပဲသီးနှံသာ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံကတော့ လက်ကျန်လည်းနည်းခဲ့တာကြောင့် ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မေလမှာ ပဲစင်းငုံသီးနှံဈေးဟာ တစ်တင်းကျပ် ၄၈၅၀၀ မှ ကျပ် ၅၀၀၀၀ ရရှိခဲ့လို့ ပဲဈေးကွက်မှာ မတ်ပဲသီးနှံပြီးလျှင် ပဲစင်းငုံသီးနှံဟာ ဒုတိယဈေးအမြင့်ဆုံးပဲဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံ ဈေးနှုန်းများကိုလေ့လာရာမှာတော့ ၎င်းပဲကလည်း ပြည်ပဝယ်လိုအားကောင်းတဲ့ မတ်ပဲနဲ့ပဲစင်းငုံသီးနှံတွေလိုပဲ ၂၀၁၄ ခုနှစ်ထက် ၂၀၁၆ ခုနှစ်မှာ ဈေးနှစ်ဆကျော်မြင့် တက်ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မေမှာ တစ်တင်းကျပ် ၁၄၉၀၀ မှ ကျပ်၁၅၇၀၀ သာရရှိခဲ့လို့ ဈေးအေးပြီးဝယ်လက်အနေဖြင့် ပဲခွဲစက်သမားများပုံမှန်အဝယ်ရှိတဲ့ပဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ယခင်နှစ်ကထက်ဈေးပိုလာပြီး တစ်တင်း ကျပ် ၂၁၅၀၀ မှ ကျပ် ၂၄၀၀၀ အထိဈေးရခဲ့ပေမယ့် မတ်ပဲ၊ ပဲစင်းငုံ ဈေးနှုန်းများထက်ဈေးအေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မေလ အတွင်းမှာ တစ်တင်းကျပ် ၃၈၃၀၀ မှ ကျပ် ၄၀၅၀၀ အထိ ရရှိလာခဲ့လို့ မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းနီးပါး ဈေးကောင်းရရှိခဲ့လို့ ပြည်တွင်းဝယ်လက် အဓိက အရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာကုလားပဲဈေးနှုန်းက ဈေးမြင့်လျက်ရှိတာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံအနေဖြင့် မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများကဲ့သို့ တစ်နှစ်ထက်တစ်နှစ်ဈေးပိုလာခြင်းမျိုးမဟုတ်ဘဲ သုံးနှစ်ဆက်တိုက် ဈေးသိပ်ကွာခြားမှုမရှိဘဲ ကျပ်သုံးသောင်းအောက်သာလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ မေအတွင်း ဈေးနှုန်းများမှာ (ရွှေကျွန်း) တစ်တင်းကျပ် ၂၄၀၀၀ မှ ကျပ် ၂၆၀၀၀ (ကမ်းနား) တစ်တင်းကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀ ဖြင့် ဈေးနှုန်းများ အတက်အကျ ကျပ် ၅၀၀ ခန့်သာ ကွာခြားမှုရှိပြီး နှစ်နှစ်တာကာလနီးပါး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မေဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀ မှ ကျပ် ၂၈၅၀၀ ၊ (ကမ်းနား) တစ်တင်းကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀ တို့ဖြင့် ရှေ့ကနှစ်များထက် တစ်တင်းကျပ် ၃၀၀၀ ခန့်ဈေးပိုရလာခဲ့ပါတယ်။ ဒေသအတွင်း အရောင်းအဝယ်သွက်တဲ့ ကုလားပဲနဲ့ ပဲကြီးဈေးနှုန်းအရဆိုလျှင်တော့ ပဲကြီးဈေးက ကုလားပဲထက်ဈေးလျော့ကာ ပဲကြော်ဖိုလုပ်ငန်းများက အဓိကထားဝယ်ယူမှုရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏကတော့ တစ်ရက်အိတ် ၂၀၀ ကျော် ဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း**



## မုံရွာကုလားပဲ အဆွဲမညီလို့ ဈေးအတက်အကျဖြစ်နေ

တစ်ချိန်က အိန္ဒိယဈေးကွက်အတွက် အရေးပါခဲ့တဲ့ ပြည်ပ ပို့ကုန်ကုလားပဲမျိုးစုံဟာ မျိုး၊ အရည်အသွေးနဲ့ပေါက်ဈေးအခြေအနေအရ ပြည်ပအဝယ်ရပ်သွားပြီးတဲ့နောက် ပြည်တွင်းဝယ်လိုအားကြောင့် ဒီနှစ်မှာ ဈေးမြောက်ခဲ့တာ တွေ့ရပါတယ်။ အဓိကလိုအပ်တဲ့ ဒေသတွင်းလုပ်ငန်းတွေဖြစ်ကြတဲ့ ကြာဆံလုပ်ငန်း၊ ပဲခွဲစက်၊ အမှုန့်ကြိတ်လုပ်ငန်း၊ ပဲလှော်နဲ့ ပဲကြော်လုပ်ငန်းတွေမှာ ကုန်ကြမ်းအဖြစ် နေ့စဉ်လိုအပ်ချက်ရှိတဲ့အတွက် ဒေသတွင်းဈေးကွက်မှာ ကုလားပဲက ဆက်လက်ခိုင်မာနေတာ တွေ့ရပါတယ်။

ယခုနှစ်ထွက်ရှိခဲ့တဲ့ ကုလားပဲဟာ မုံရွာကုန်သည်တွေဆီမှာသာမက တောင်သူတွေဆီမှာပါ ပဲလက်ကျန်ရှိနေပြီး၊ လိုရောင်း/ လိုဝယ်ကြောင့် နေ့စဉ်ဈေးအနည်းငယ်အတက်အကျဖြစ်ခဲ့ကာ ယခုတစ်ပတ်မှာ ထိုင်ဝမ်ကုလားပဲတစ်တင်းကျပ် ၃၇၇၀၀၊ 929 ကုလားပဲတစ်တင်း ကျပ် ၃၇၇၀၀ နဲ့ ကုလားပဲဖြူလုံးကြီးတစ်တင်းကျပ် ၃၈၇၀၀ အသီးသီး တက်ဈေးပြန်ဖြစ်ခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ ကြား ပုံမှန်ဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင် ရပ်ကွက်ကလေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

## ပြည်စားတော်ပဲဈေးကွက် နှစ်စဉ် ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ပဲအဝင်သိပ်မရှိတော့ဘဲ လက်ကျန်ပဲများရှိတဲ့အတွက် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ စားတော်ပဲသီးနှံဟာ လက်လီအဝယ်သမားများ ပုံမှန်ဝယ်ယူလျက်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၉၅၀၀ ဖြင့် မေလအတွင်းဖြစ်ပေါ်ခဲ့တဲ့ ဈေးများအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ ဒေသအတွင်း လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲများထဲမှာလည်း ဈေးကောင်းရသလို ပြည်ပဝယ်လက်ပဲများနည်းတူ ဈေးကောင်းရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## လက်လီပဲဈေးကွက်မှာ ပြည်ပဲနီပြား ဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲထဲမှာ ပဲနီပြားသီးနှံက စားတော်ပဲသီးနှံပြီးလျှင် ဒုတိယဈေးအမြင့်ရရှိနေတဲ့ပဲဖြစ်ခဲ့ပါတယ်။ ပဲအဝင်ပါးသွားပေမယ့် လက်ကျန်ပဲရှိလို့ နေ့စဉ်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၀၀၀ နဲ့ ဈေးငြိမ်ခဲ့ပြီး မေလက ဈေးနှုန်းအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲနီပြားသီးနှံ၏ ယခင်နှစ်ကဇွန်လဆန်းဈေးမှာ တစ်တင်းကျပ် ၁၈၅၀၀ သာရရှိသည့်အတွက် ယခုနှစ်ဈေးကောင်းရရှိတဲ့နှစ်ဖြစ်ပြီး နှစ်ဆန်းပိုင်းအစကဆိုလျှင် ပဲတစ်တင်း ကျပ် ၃၄၀၀၀ ထိရရှိခဲ့သလို ဖေဖော်ဝါရီလထိ ဆက်လက် ဈေးကောင်းရခဲ့ပါတယ်။ မတ်လမှစ၍ ပဲဈေးနှုန်းလျော့နည်းသွားတဲ့အတွက် တစ်တင်း ကျပ်နှစ်သောင်းကျပ်သာရရှိခဲ့တော့သလို ယခုအချိန်ထိလည်း ဆက်လက်ပြီး ကျပ် နှစ်သောင်းကျပ်ရရှိနေတဲ့အတွက် နှစ်ဆန်းပိုင်းဈေးနှင့်ယှဉ်လျှင် ဈေးလျော့သော်လည်း လက်လီပဲဈေးကွက်မှာတော့ ဒုတိယဈေးအများဆုံးရလျက်ရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်ပဲ ဈေးကွက်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်လည်းအေး

ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ပဲအဝင်ရှိနေသော်လည်း ဘိုကိတ်ပဲသီးနှံမှာ ပဲအဝင်နည်းသွားပြီဖြစ်လို့ လက်လီသမားလောက်သာ ဝယ်ယူမှုရှိခဲ့ကြပါတယ်။ ဒါကြောင့်အိတ်အနည်းငယ်သာအရောင်းအဝယ်ဖြစ်ပြီး တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ ဘိုကိတ်ပဲသီးနှံဈေးမှာ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးအတက်အကျသိပ်မရှိဘဲ တစ်တင်း ကျပ်နှစ်သောင်းတစ်ပတ်လည်သာ ရရှိခဲ့ပါတယ်။ ဘိုကိတ်ပဲသီးနှံရဲ့ ပဲဟောင်းဈေးနှုန်းများအရ ပဲသစ်မပေါ်ခင်အထိ ပဲဟောင်းဈေးမှာ တစ်တင်းကျပ်သုံးသောင်းကျော်အထိ ဈေးကောင်းရခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ ပဲနီပြားသီးနှံနှင့်ဘိုကိတ်ပဲသီးနှံဟာ နှစ်ကုန်မှစပြီး နှစ်ဆန်းပိုင်းကာလအထိ ဈေးပြိုင်ရလျက်ဈေးလည်းကောင်းခဲ့တဲ့ ပဲများဖြစ်ပါတယ်။ ပဲသစ်ဝင်ချိန်မှစ၍ ပဲဈေးနှုန်းများမှာ ပဲဟောင်းဈေးထက်လျော့နည်းသွားပြီး ယခုချိန်အထိလည်း ပဲဟောင်းဈေးကိုမမီခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ အဝယ်လိုက်သော်လည်း ဈေးငြိမ်နေ

ပြည်ပဲဈေးကွက်မှာ ပဲပေါ်ချိန်ကာလတွင်သာ ပဲလွန်းဖြူသီးနှံအနေဖြင့် လက်လီ/လက်ကားအဝယ်လိုက်ခဲ့သော်လည်း ကျန်အချိန်များတွင် လက်လီသမားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲလက်ကျန်ကလည်း အနည်းငယ်သာရှိခဲ့ပါတယ်။ နေ့စဉ်အရောင်းအဝယ်ရှိခဲ့ပေမယ့် အိတ်အနည်းငယ်သာရောင်းချခဲ့ကြပါတယ်။ မေလအတွင်းကတည်းက ပဲဈေးနှုန်းတစ်တင်းကျပ် ၂၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့အတွက် ဈေးငြိမ်နေခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ယခင်နှစ်က နှစ်ကုန်ခါနီးအချိန်တွင် ပဲဈေးအားလုံးလိုလိုမြင့်တက်ခဲ့ကြတဲ့အတွက် ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းဝယ်လက်များပါ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲပုပ်နှင့်ထောပတ်ပဲမှလွဲလျှင် ဈေးကောင်းရရှိခဲ့ကြပါတယ်။ ဖေဖော်ဝါရီလမှစ၍ ပဲသစ်များဝင်ရောက်မှုများလို့ ပဲဈေးမှာဈေးလျော့သွားပြီး ကျပ်နှစ်သောင်းကျော်သာ ယခုအချိန်ထိရရှိနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ချင်း

### ပြည်ချင်းဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်ပြည်ဈေးကွက်အတွင်းသို့ အောင်ပန်းချင်းများ ဝင်ရောက်မှုမှာ ယခင်တစ်ပတ်ကထက် ပိဿာ ၃၀ ဝင် အိတ် ၅၀ ခန့်မြင့်တက်ကာ ပုံမှန်အဝင်ရှိပြီး အခြားဒေသများဖြစ်သော ဧရာဝတီတိုင်းနှင့် ရခိုင်ဘက်သို့ ဈေးကွက်မှတစ်ဆင့် ပိဿာ ၃၀၀ ခန့် နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ ဈေးကွက်အတွင်း ပွဲရုံများ၌ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး အဝင်လည်းပုံမှန်ရှိနေတဲ့အတွက် တစ်ပိဿာကို ချင်း(ရှယ်) ကျပ် ၁၁၀၀ မှ ကျပ် ၁၃၀၀ (ဂွန်) ကျပ် ၈၀၀ မှ ကျပ် ၉၀၀ တို့နှင့်ရောင်းဝယ်လျက်ရှိပြီး၊ ယခင်တစ်ပတ်က ဈေးအတိုင်းမပြောင်းလဲဘဲ ဈေးငြိမ် နေတာတွေ့ရပါတယ်။ **ဝင်းဝင်းခိုင်(ပြည်)**

### ချင်းပိဿာချိန်ပေါင်းတစ်သိန်းခွဲခန့် အရောင်းအဝယ်ဖြစ်

ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ချင်းကပြည်ပဝယ်လက်မရှိခဲ့တာ နှစ်နှစ်၊သုံးနှစ်ရှိခဲ့ပါပြီ။ ပြည်တွင်းသုံးဝယ်လက်တွေသာ ရှိတာကြောင့် ဖြန်းအားကလည်း သိပ်မကောင်းပါဘူး။ ယခင်ပြည်ပဝယ်လက်တွေရှိစဉ်ကတော့ တစ်ပတ်ကို ပိဿာချိန်လေးသိန်း၊ ငါးသိန်းအထိအရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် အခုနောက်ပိုင်းနှစ်တွေမှာတော့ တစ်ပတ်ကိုပိဿာချိန် အများဆုံးမှတစ်သိန်း၊ တစ်သိန်းခွဲခန့်သာရှိပါတော့တယ်။ အိမ်နီးချင်းနိုင်ငံတွေက မြန်မာ့ချင်းတွေကိုမျိုးအဖြစ် ဝယ်ယူပြီးကတည်းက ရှမ်းချင်းလည်း ပြည်ပဝယ်လက် ဝယ်ယူမှုနည်းသွားပါတယ်။ ဒီဘက်နှစ်တွေမှာ ဝယ်ယူမှုမရှိသလောက်ဖြစ်သွားတယ်လို့ လည်း ဒေသခံတွေထံမှ သိရှိရပါတယ်။ ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းအဝင် နည်းနေပါတယ်။ မိုးကလည်းရွာလာပြီဆိုတော့ စိုက်ဖို့ပြင်ဆင်ထား တဲ့တောင်သူတွေကလည်း စိုက်နေကြပြီဖြစ်လို့ ဈေးကွက်မှာအဝင်နည်းလာတာလို့ လည်း သိရပါတယ်။ ဓားလှီးချင်းတွေအတွက် တပ်ကုန်းကအဝယ်ရှိနေသလို၊ လျှော် ဖို့အတွက်ရန်ကုန်၊ စစ်တွေ၊ ပြည်ကဝယ်ယူနေလို့ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း တစ်သိန်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်ချင်း(စို) တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံး ကျပ် ၆၀၀ ရှိပြီး၊ ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၆၀၀ ဈေးရှိပါတယ်။ **ဇေခိုင်(တောင်ကြီး)**



## နနွင်း

### အောင်ပန်းဈေးကွက်မှာ နနွင်းပုံမှန်အဝင်ရှိနေ

ဟိုပုံးဈေးကွက်မှာလည်း နနွင်းအဝင်နည်းနေတယ်လို့ သိရပါတယ်။ အဓိကဝယ်ယူနေတဲ့ ဝယ်လက်တွေကလည်း ဥပုသ်လဖြစ်လို့ ဝယ်ယူမှုရပ်သွားတာကြောင့်၊ ပြည်တွင်းလျှော်လက်တွေလည်း အဝယ်နားနေတယ်လို့ သိရပါတယ်။ ချင်းလိုပဲ နနွင်းကလည်း ပြန်စိုက်တဲ့အချိန်ရောက်လာတာကြောင့် တောင်သူတွေကလည်း ပြန်စိုက်နေလို့ အဝင်နည်းသလို၊ အရောင်းကလည်းအေးလာပါတယ်။ ဟိုပုံးချင်းတွေကိုတော့ မေလပထမပတ်ကတည်းကစပြီး အရောင်းအဝယ်အေးသွားပြီး ဈေးကလည်း တစ်ပိဿာ ကျပ် ၁၇၈၀၊ ကျပ် ၁၈၀၀နဲ့ ဈေးပိတ်သွားတယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းက ပုံမှန်အဝင်ရှိနေပါတယ်။ ရန်ကုန်ဝယ်လက်တွေကတော့ ပင်လယ်ရေကြောင်းမှတစ်ဆင့်ပို့ဖို့ ဝယ်ယူသလို၊ မူဆယ်ဝယ်လက်တွေက တရုတ်ကို တင်ပို့ဖို့နဲ့ ပြည်တွင်းသုံးအတွက် ပြည်၊ နေပြည်တော်စတဲ့မြို့တွေက ဝယ်ယူနေပါတယ်။ တရုတ်ကိုပို့ဖို့အတွက် အရည်အသွေးကောင်းတဲ့ ဆင်တောင်နနွင်းကို ဝယ်ယူကြပြီး၊ ပြည်တွင်းသုံးအတွက်တော့ တောင်ပို့လစတွေကို ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဈေးနှုန်းတွေကတော့ ရိုးရိုးစက တစ်ပိဿာကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀၊ တောင်ပို့လစက တစ်ပိဿာကျပ် ၁၇၀၀မှ ကျပ် ၁၈၀၀ နဲ့ ဆင်တောင်နနွင်းက ကျပ် ၂၅၀၀ မှကျပ် ၂၉၀၀ ဈေးရှိတယ်လို့ ဈေးကွက်မှ သိရှိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

### ဒီတစ်ပတ် နနွင်း ခုနစ်တန်ကျော်သာတင်ပို့နိုင်

မေ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း နနွင်း၇ဒသမ ၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန် ၉၀ ကျော်အထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တင်ပို့မှုတော်တော်လေး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၆၂၂၄ ရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### မူဆယ်မှ နနွင်းတက်ရော နနွင်းခေါင်းပါတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်းတန်ဖိုးရှိ နနွင်းတက် ၁၇ တန်ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ နနွင်းခေါင်း ၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်းတက် တန် ၉၀ ကျော်နဲ့ နနွင်းခေါင်း ၂၅ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တန် ၇၀ ကျော်နဲ့ နနွင်းခေါင်း တန် ၂၀ ကျော်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး ငွေလဲနှုန်းအရ ၉၀၁၆၃၇ ကျပ်ဈေးနဲ့ နနွင်းခေါင်း တစ်တန်ကို မိမိဘက်ပေါက်ဈေး ငွေလဲနှုန်းအရ ၅၁၅၆၅၂ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့် ဈေးကျ

ပြည်မန်ကျည်းမှည့် ပွဲရုံများတွင် ဇွန်(ပထမပတ်)တွင် မန်ကျည်းမှည့်ဈေး အနည်းငယ်ကျလာတာတွေ့ရပါတယ်။ မိုးဥတုအစပျိုးလာတာနဲ့ ရာသီစာ အသီးအနှံတွေလည်း ဈေးသက်သာလာတာတွေ့ရပါတယ်။ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ မန်ကျည်းရွက်၊ ငွေးသီး၊ မျှစ်စပ်၊ မျှစ်ချဉ် စတဲ့ အချဉ်ဓာတ်ပါတဲ့ အသီးအရွက်များ ပေါများလာတဲ့အတွက် မန်ကျည်းမှည့် အသုံးနည်းကာ ဈေးကျလာတာဖြစ်တယ်လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ရှင်းပြပါတယ်။ ပွဲရုံများသို့ ဟသ်ာတ၊ ကြံခင်း၊ ထုံးဘိုမှ ပုံမှန်ပိဿာချိန် ၇၀၀ ကျော် ဝင်ရောက်နေပါတယ်။ ယခုတစ်ပတ်(ပွဲရုံ) တစ်ပိဿာဈေး ကျပ် ၁၄၀၀ နှင့် လက်လီတစ်ပိဿာဈေး ကျပ် ၁၆၀၀ တို့ဖြစ်ကြောင်းလည်း တွေ့ရပါတယ်။ ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ နေ့စဉ်ပုံမှန် အိတ် ၃၀ ကျော် ပိဿာချိန် ၇၀၀ ခန့် တင်ပို့နေရကြောင်း သိရပါတယ်။ **နီနီဝင်း**

### ဒီတစ်ပတ်မန်ကျည်း ၂၃ တန်ကျော် တင်ပို့

ဧပြီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၂၃ ဒသမ ၅တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတန်ချိန် ၂၇၀ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ မန်ကျည်းတင်ပို့မှု တော်တော်လေးလျော့နည်းခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၀၀၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အဝင်အေးအရောင်းအဝယ်အေး

ပြည်ကြက်သွန်နီဈေးကွက်သို့ ယခုတစ်ပတ်အောင်လံ၊ ရေနံချောင်း၊ သရက်ဘက်မှ နေ့စဉ် အိတ် ၂၀၀ ဆံ့ ကားစီးရေ နှစ်စီးခန့်သာ ဝင်ရောက်မှုရှိပါတယ်။ ဧပြီလဆန်းပိုင်းက အဝင်နည်းအရောင်းသွက်ပြီး မေတွင် ပုံမှန်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုဇွန်လဆန်းတွင် သိသိသာသာ အရောင်းအဝယ်အေးနေ ကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံများ၌ လက်ကားဈေးအနည်းငယ် ကျဆင်း၍ တစ်ပိဿာကို (သေး) ကျပ် ၅၀၀၊ (လတ်) ကျပ် ၅၅၀၊ (ကြီး) ကျပ် ၅၈၀ တို့နှင့် ရောင်းချနေပေမယ့် ဒေသတွင်း လက်လီဈေးများတွင် ဈေးမကျဘဲ တစ်ပိဿာကို (သေး) ကျပ် ၆၀၀၊ (လတ်) ကျပ် ၆၅၀၊ (ကြီး) ကျပ် ၇၀၀၊ ဟိုတယ်ကြိုက် (ရှယ်သန့်) ကျပ် ၈၀၀တို့နှင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

စားသုံးသူထံ တိုက်ရိုက်ရောင်းချမှုရှိသည့် မော်ဇာ၊ ကုန်းရိုးကြက်သွန်နီများမှာလည်း အသေး/အကြီးခွဲကာ တစ်ပိဿာကို (သေး) ကျပ် ၆၀၀၊ (ကြီး) ကျပ် ၇၅၀တို့နှင့် ကြက်သွန်စိုက်တောင် သူကိုယ်တိုင် လက်လီဈေးကွက်အတွင်း ရောင်းချခြင်းများလည်း အနည်းငယ်ရှိကြောင်း သိရှိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

### ကြက်သွန်နီ အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်

ပခုက္ကူကုန်စည်ဒိုင်တွင် မေလအတွင်း ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ အရောင်းအဝယ် တော်တော်လေး သွက်ခဲ့ပါတယ်။ ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာဒေသတွေဖြစ်တဲ့ ပေါက်၊ ဆိပ်ဖြူမြို့နယ်တို့တွင် ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ မတ်လဆန်းမှ စတင်၍ ဈေးကွက်အတွင်းဝင်ရောက်လာရာ လက်ကားဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စ ကျပ် ၅၀၀၊ လတ်စ ကျပ် ၄၅၀၊ အနိမ့် ကျပ် ၃၇၀ဈေးနှုန်းများဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀၀ မှ ၁၅၀၀၀ ကြား ဝင်ရောက်ခဲ့ပါတယ်။

ဆောင်းစိုက်(ပင် စိုက်) ကြက်သွန်နီ ကနဦးအဖွင့်ဈေးမှာ ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် တစ်ပိဿာ ကုန်ကျစရိတ် ၂၇၅ ကျပ်၊ ကျပ် ၃၀၀ ၊ ၃၂၅ ကျပ်၊ ကျပ် ၃၅၀ တို့နဲ့နှိုင်းယှဉ်ပါက အကျိုးအမြတ် ဖြစ်ထွန်းမှုရှိခဲ့သော်လည်း မတ်ဒုတိယပတ်မှစ၍ ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများမှာ တဖြည်းဖြည်း ဈေးကျဆင်းလာခဲ့ရာ ပင်ရင်းလက်ကား တစ်ပိဿာ ထိပ်စ ကျပ် ၃၅၀၊ အလတ်စ ကျပ် ၂၅၀ နှင့် အနိမ့် ကျပ် ၂၀၀ ဈေးဖြင့် ဧပြီပထမပတ်အထိ ဈေးဆက်လက်ကျဆင်းခဲ့ပြီး ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများမှာ အရှုံးဘက်သို့ပါနေ၍ ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ လှိုင်လှိုင်ပေါ်ထွက်ရာ ဧပြီတွင်ပင်လျှင် တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀၀ မှ ၁၅၀၀၀ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

သင်္ကြန်အပြီး ဧပြီ တတိယပတ်တွင် ကြက်သွန်နီ ဈေးနှုန်းမှာ ပြန်လည်မြင့်တက်ခဲ့ပြီး ကနဦးဈေးဖြစ်သည့် ထိပ်စ တစ်ပိဿာကို ကျပ်၅၀၀သို့ ပြန်လည်ရောက်ရှိပါတယ်။ အရောင်းအဝယ်အားဖြင့် တစ်နေ့လျှင် ပိဿာချိန် ၄၀၀၀၀ မှ ၅၀၀၀၀ ရှိခဲ့ပါတယ်။ မေလအတွင်း ကြက်သွန်နီဈေးနှုန်းမှာ ဆက်လက် မြင့်တက်လာရာ ပင်ရင်းလက်ကားဈေးနှုန်းမှာ တစ်ပိဿာ လျှင် ထိပ်စ ၅၅၅ ကျပ်မှ ကျပ် ၅၈၀၊ လတ်စကျပ် ၄၅၀ မှ ကျပ်၅၀၀ ၊ အနိမ့် ကျပ် ၃၅၀ မှ ကျပ် ၄၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နေ့စဉ် ပိဿာချိန် ၈၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဈေးအမြင့်နဲ့ အရောင်းအဝယ်သွက်ခဲ့ပြီး ကြက်သွန်နီစိုက် တောင်သူများနဲ့ ကြက်သွန်နီသိုလှောင်သော ကုန်သည်များအနေဖြင့် ထိုက်သင့်သောအကျိုးအမြတ် ရရှိနေကြောင်း သတင်းများရရှိပါတယ်။ **ချယ်ရီမြင့်(ပခုက္ကူ)**

# TPP နှင့် EU-Vietnam FTA များကြောင့် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အာဆီယံအဖွဲ့ဝင် LDC နိုင်ငံများရဲ့ ယှဉ်ပြိုင်စွမ်းအား

L Myo Zaw (မူဝါဒ)




ဗီယက်နမ်နိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုက ဦးဆောင် အကောင်အထည်ဖော်လျက်ရှိတဲ့ ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်မှု သဘောတူစာချုပ် (Trans-Pacific Partnership - TPP) မှာပါဝင်သလို ဥရောပသမဂ္ဂနဲ့ ဗီယက်နမ် နိုင်ငံတို့ ချုပ်ဆိုခဲ့တဲ့ Free Trade Agreement (FTA) များကြောင့် အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှာ တွေ့ကြုံလာနိုင်သော စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး အလွတ်သဘော ဆွေးနွေးပွဲကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ မေ ၂၆ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ Mr.Stefano Inama (UNCTAD) က TPP နှင့် EU-Vietnam FTA များကြောင့် အာဆီယံအဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအနေဖြင့် နောင်လာမယ့်နှစ်နှစ်၊သုံးနှစ်အတွင်း၌အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့သို့ တင်ပို့နေသည့် ပို့ကုန်ဈေးကွက် ဝေစုများ ဆုံးရှုံးသွားနိုင်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံတို့ အားထားနေရသော CMP ထုတ်ကုန်များအတွက် ဈေးကွက်ဝေစု များနစ်နာ ဆုံးရှုံးမှုကြီးစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း ဂျီနီဗာမြို့မှာရှိတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးက ပေးပို့လာတဲ့သတင်းတစ်ပုဒ်အရ သိရပါတယ်။

**Trans-Pacific Partnership (TPP) ဆိုတာ ဘာလဲ**

Trans-Pacific Partnership (TPP) ဆိုတာကတော့ ဩစတြေးလျ၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ အမေရိကန် တို့နဲ့ အာဆီယံအဖွဲ့ဝင် စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်းနဲ့ ဗီယက်နမ် စတဲ့ နိုင်ငံပေါင်း ၁၂ နိုင်ငံ တို့နဲ့ ဖွဲ့စည်းထားပြီး အမေရိကန်ဦးဆောင်တဲ့ ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်မှု သဘောတူ စာချုပ်ဖြစ်ကာ ကမ္ဘာ့ GDP ရဲ့ ၄၀ ရာခိုင်နှုန်းခန့် ရှိကြောင်း တွေ့ရှိရပါတယ်။ TPP ရဲ့ ထူးခြားချက်ကတော့ အဖွဲ့ဝင် တစ်နိုင်ငံမှ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွင် အဖွဲ့ဝင်နိုင်ငံတွင်းမှ ပေါင်းစပ် ပါဝင်မှု တန်ဖိုးအား ပင်ရင်းနိုင်ငံ သတ်မှတ်ခွင့်ပြုပြီး အခွန်လျှော့ပေါ့ခွင့်၊ သက်သာခွင့်များ ပေးအပ်ထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံ အချင်းချင်း Value Chain ပြုလုပ်ခွင့်ရရှိကာ အရည်အသွေးမြင့် ပစ္စည်းများ ထုတ်လုပ်ပြီး ဈေးကွက်ချဲ့ထွင်နိုင်ကြောင်း ယှဉ်ပြိုင်နိုင်စွမ်းကြီးမားကြောင်း၊ ရင်းနှီး မြှုပ်နှံမှုများ တိုးတက်ခြင်း၊ ကုန်သွယ်မှုပမာဏ တိုးတက်ခြင်း အကျိုးကျေးဇူးများရရှိနိုင်ကြောင်း တွေ့ရှိရပါ တယ်။ တကယ်တော့ TPP ဆိုတာ အမေရိကန်အနေနဲ့ အာရှမှာ ၎င်းရဲ့ရပ်တည်မှုကို မြှင့်တင်ဖို့ ရည်ရွယ်ပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းကိစ္စရပ်တွေကို အမေရိကန်မှ အဓိက ဦးဆောင်ခဲ့တာ ဖြစ်ပါ တယ်။ လတ်တလောမှာပဲ အမေရိကန်သမ္မတ အိုဘားမားက ဗီယက်နမ်နိုင်ငံသို့ မေ ၂၃ ရက်မှာ ရောက်ရှိလာပြီး TPP ဆိုင်ရာကိစ္စတွေကို ဆက်လက်ဆွေးနွေးခဲ့ပါတယ်။

တရုတ် (တိုင်ပေ)၊ ဖိလစ်ပိုင်၊ ကိုလံဘီယာ၊ ထိုင်းနဲ့ လာအိုတို့က ၂၀၁၂ ခုနှစ်မှာ လည်းကောင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများဟာ ၂၀၁၃ ခုနှစ်မှာ လည်းကောင်း၊ TPP အဖွဲ့ဝင်ဖြစ်ရန်ဆက်သွယ်လေ့လာမှုများ စတင်ပြုလုပ်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ အဆိုပါ နိုင်ငံတွေအနေနဲ့ TPP အဖွဲ့ဝင်ဖြစ်ဖို့ အဓိကအားဖြင့် ၎င်းတို့ရဲ့ ကုန်သွယ်မှုမူဝါဒနဲ့ သက်ဆိုင်တဲ့ အကာအကွယ်ပေးမှုများကို ပြောင်းလဲရန်အဓိကလိုအပ်မှာ ဖြစ်ပါတယ်။ TPP ရဲ့အသွင်သဏ္ဌာန်မှာ ကုန်စည် ကုန်သွယ်မှု၊ ပင်ရင်းဒေသစည်းမျဉ်း၊ ကုန်သွယ်မှုဆိုင်ရာ ကုစားမှုများ၊ SPS နှင့် TBT ဆိုင်ရာများ ဝန်ဆောင်မှုကုန်သွယ်ရေး၊ မူပိုင်ခွင့် (IP)၊ Government Procurement နှင့် ယှဉ်ပြိုင်မှု မူဝါဒများ ပေါင်းစပ်ပါဝင်နေတဲ့ သဘောတူညီချက် ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း (၉၀ ရာခိုင်နှုန်း) အခွန်လျှော့ချရန်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုဆိုင်ရာ အခွန်အားလုံး သုညရာခိုင်နှုန်း ( သုည ရာခိုင်နှုန်း) သို့ လျှော့ချနိုင်ရန် ဖြစ်ပါတယ်။

**ဗီယက်နမ်နိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်း CMP အပေါ် လေ့လာတွေ့ရှိချက်များ**

ဗီယက်နမ်နိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းမှ ပြည်ပတင်ပို့မှုက ၂၀၀၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံမှ ၂၀၁၃ ခုနှစ်တွင် ၁၇ ဒသမ ၉ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း တွေ့ရှိ ရပါတယ်။ အဲဒီ ၁၇ ဒသမ ၉ ဘီလီယံမှာ ပြည်တွင်းလုပ်ငန်းရှင်များ ထုတ်လုပ်မှုရဲ့ ပြည်ပတင်ပို့မှုတန်ဖိုးဟာ ၇ ဒသမ ၃ ဘီလီယံခန့်ပါဝင်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ ထုတ်လုပ်တင်ပို့ မှုဟာ ၁၀ ဒသမ ၇ ဘီလီယံခန့်ပါဝင်တဲ့အတွက် ပြည်တွင်းထုတ်လုပ်တင်ပို့မှုထက် မြင့်မားကြောင်း တွေ့ရှိရပါတယ်။ ဗီယက်နမ်ရဲ့ CMP အဓိက တင်ပို့တဲ့ နိုင်ငံများအနေနဲ့ အမေရိကန်၊ အီးယူ ၊ ဂျပန်၊ ကိုရီးယားတို့ဖြစ်ကြောင်း တွေ့ရှိရတာကြောင့် မြန်မာနိုင်ငံရဲ့ အဓိက တင်ပို့နိုင်ငံများနဲ့ တူညီနေကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ CMP တင်ပို့နိုင်မှုမှာ ၂၀၁၃ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ နီးပါးခန့် သာရှိခဲ့တာမို့ ဗီယက်နမ်ရဲ့ CMP ပြည်ပတင်ပို့မှုနဲ့ နှိုင်းယှဉ်လိုက်ရင် များစွာကွာခြားနေကြောင်း တွေ့ရှိရပါတယ်။

**ဗီယက်နမ်နိုင်ငံ အထည်ချုပ်လုပ်ငန်းရဲ့ အားနည်းချက်၊ အားသာချက်များ**

ဗီယက်နမ်အနေနဲ့ TPP သာမက EU နှင့် FTA သဘောတူချက်များ ချုပ်ဆိုခဲ့ပေမယ့် CMP လုပ်ငန်းများအခြေအနေကို လေ့လာခဲ့ရာ မှာ ဗီယက်နမ်ရဲ့ အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အားနည်းချက်၊ အားသာချက်များရှိနေသေးကြောင်း တွေ့ရှိရပါတယ်-

**အားနည်းချက်တွေက**

- ဗီယက်နမ်နိုင်ငံအနေဖြင့် ဒီဇိုင်းပုံစံ (Design) တီထွင်ဖန်တီးပြုလုပ်ရာတွင် ဖွံ့ဖြိုးမှု အားနည်းခြင်း၊
- FOB ဖြင့် တင်ပို့မှု နည်းပါးသေးခြင်း၊
- အဆင့်မြင့်နည်းပညာ အသုံးပြု၍ အရေအတွက်မြောက်မြားစွာ ထုတ်လုပ်မှုစွမ်းအား နည်းပါးသေးခြင်း၊
- ကုန်ကြမ်းလုံလောက်စွာ ရရှိမှုနည်းပါးပြီး အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် လိုအပ်ခြင်း၊
- CMP လုပ်ငန်းအများစုမှာ အသေးစား၊ အလတ်စားများသာဖြစ်ပြီး နည်းပညာနဲ့ တီထွင်မှုအပိုင်း၊ စီးပွားဖြစ် ထုတ်လုပ်မှုအပိုင်းများ အားနည်းခြင်း၊
- စီမံခန့်ခွဲမှုနဲ့ နည်းပညာပိုင်း အားနည်းခြင်း၊ ထုတ်လုပ်မှုစွမ်းအားနည်းပါးခြင်း၊
- နည်းပညာဆိုင်ရာ သင်တန်းများ ပို့ချမှု မရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအားနည်းခြင်း၊
- ဈေးကွက်ထိုးဖောက်မှု အကန့်အသတ် ရှိခြင်း၊ ကိုယ်ပိုင် Brand Name ဖြင့် ထုတ်လုပ်တင်ပို့နိုင်မှု OEM (Original Equipment Manufacturing)၊ ODM (Original Design Manufacturing)၊ OBM (Original Brand Manufacturing) စနစ်တို့ဖြင့် တင်ပို့နိုင်မှုမရှိခြင်းတို့ ဖြစ်ပါတယ်။

**အားသာချက်များကတော့**

- ဗီယက်နမ်ရဲ့ နိုင်ငံရေးနဲ့ လူမှုဝန်းကျင် တည်ငြိမ်မှု၊ လုံခြုံမှုတို့က နိုင်ငံခြားကုန်သွယ် ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်စွမ်းရှိခြင်း၊
- ပြည်ပသို့ ပြန်လည်တင်ပို့ရန် ရည်ရွယ်ပြီး အထည်ချုပ်လုပ်ငန်းအတွက် တင်သွင်းလာတဲ့ ကုန်ကြမ်းပစ္စည်းအတွက် အခွန်ကင်းလွတ်ခွင့်နဲ့ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်း၊
- အထည်ချုပ်လုပ်ငန်းအတွက် ငယ်ရွယ်တဲ့ လုပ်သားအင်အားများပြားခြင်း၊
- လုပ်ငန်းကျွမ်းကျင်ပြီး လုပ်ခစရိတ် သက်သာသောလုပ်သားအင်အားရရှိနိုင်ခြင်း
- အီးယူ ၊ အမေရိကန်နဲ့ ဂျပန်ဈေးကွက်များ ရရှိထားခြင်း၊
- ကမ္ဘာအနှံ့ကုန်ကြမ်းတင်သွင်းမည့် နိုင်ငံ များနဲ့ နီးကပ်စွာဆက် သွယ်ဆောင်ရွက်မှုရှိခြင်းတို့ ဖြစ်ပါတယ်။

➲ ဆက်လက်ဖော်ပြပါမည်

## COSMO BEAUTE MYANMAR 2016 ကျင်းပ

အလှအပရေးရာ ကုန်သွယ်မှု စီးပွားရေးပြပွဲ COSMO BEAUTE MYANMAR 2016 ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အလှကုန်ပစ္စည်းလုပ်ငန်း ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အလှအပဆိုင်ရာ ကုန်သွယ်စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မီဒီယာများ တက်ရောက်ကြပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အလှကုန်ပစ္စည်းလုပ်ငန်းကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးဝင်းနိုင်က ယခုပြပွဲသည်တတိယအကြိမ်ပြသခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာပညာရှင် ကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုအားပေးကြည့်ရှုကြသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် အလှပြင်ဆိုင်များ၊ Spa များ အောင်မြင်စွာ လုပ်ကိုင်နေကြသည်ကိုလည်း တွေ့မြင်နိုင်ကြောင်း၊ အလှ အပရေးရာသင်တန်းကျောင်းများနှင့် လေ့ကျင့်ရေးကျောင်းများအပြင် အသက်မွေး ဝမ်းကျောင်းပညာရှင်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုပေါ်ထွန်းလာသည်ကို တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း၊ ယခုပြပွဲမှတစ်ဆင့် စီးပွားရေးလမ်းကြောင်းသစ်များ ပေါ်ထွန်း လာစေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ယင်းကုန်စည်ပြပွဲကို ဇွန်၁ ရက်မှ ၃ အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသခဲ့ပြီး အလှပြင်ဆိုင်ပိုင်ရှင်များ၊ အလှဖန်တီးသူများ၊ စီးပွားရေးလုပ် ငန်းရှင်များ လာရောက် လေ့လာကြည့်ရှုကြကြောင်း သိရှိရပါသည်။

**KMT**

## ခာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဒီဇယ်တစ်မျိုးတည်းသာဝင်

မေ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၃၀၃၂၂၅၀ တန်ဖိုးရှိ ဒီဇယ် ၆၉ တန်နဲ့ ကန်ဒေါ်လာ ၁၀၁၇၈၇၈ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၂၃ ဒသမ ၀၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ခာတ်ဆီအဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်နှစ်ပတ်ဆက်တိုက် အဝင်ပျောက်ခဲ့တဲ့ စက်သုံးဆီက ဒီတစ်ပတ်မှ ပြန်လည် ဝင်လာခဲ့တာဖြစ်ပါတယ်။

မြိတ်စခန်းမှကန်ဒေါ်လာ၇၇၈၈၇၈ တန်ဖိုးရှိ ဒီဇယ်၁၆၉၀ တန်တင်သွင်းခဲ့သလို မြဝတီစခန်းမှ ကန်ဒေါ်လာ၄၂၄၅၆ တန်ဖိုးရှိ ဒီဇယ်၁၁၈ တန်နဲ့ ကန်ဒေါ်လာ ၂၆၉၅၀တန်ဖိုးရှိ ခာတ်ဆီ ၅၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၃၇၃၃၀၄ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၈၁၀ တင်သွင်းခဲ့တယ်လို့လည်းသိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ခာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးဈေးငြိမ်နေပြီး မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာလက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်ဝယ်ဈေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်း (95)မှာ ဈေးငြိမ်နေ တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဒီဇယ် ၅၃၀ ကျပ်၊အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၅၇၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၃၀ ရက် ဒီဇယ် ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ဇွန် ၁ ရက်မှစပြီး ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျလာခဲ့ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ခာတ်ဆီပီပါဈေးမှာ မေ ၃၀ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ခာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီတစ်လီတာ ၇၀၀ ကျပ်၊ ဒီဇယ် ၅၇၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၂၅ကျပ်၊ အောက်တိန်း (92) ၆၄၀ ကျပ်နဲ့ ရောင်းချ နေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၃၀ ရက် ဒီဇယ်ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဇွန် ၂ ရက်တွင် ဝယ်ဈေး ၁၁၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာမေလ ၃၀ ရက်တွင် ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဇွန် ၁ ရက်တွင် ဝယ်ဈေး၁၂၇၀၀၀ကျပ်၊ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ် ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၅၀၀ ကျပ်၊ ခာတ်ဆီ၃၂၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၂၀ကျပ် ၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန်၂၆၀၀ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ခာတ်ဆီနဲ့ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ **DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30 - May | 15.92 | 1928.64 | 1558.37 | 4799.87 | 967.00 |
| 31 - May | 16.06 | 1944.32 | 1571.14 | 4801.44 | 978.00 |
| 1- June | 15.97 | 1939.39 | 1571.81 | 4703.33 | 975.00 |
| 2 - June | 15.97 | 2030.11 | 1599.36 | 4711.17 | 974.00 |
| 3 - June | 16.00 | 1998.75 | 1560.38 | 4701.76 | 958.00 |

Source:kitco.com

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ယခင်တစ်ပတ်က ထက်အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရှိရသည်။

ပြီးခဲ့သည့်တစ်ပတ်က ဈေးကစားမှုများကြောင့် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ခဲ့ပြီးနောက် ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ပတ်အတွင်း တစ်ဒေါ်လာလျှင် ခြောက်ကျပ်ခန့်မြင့်တက်ခဲ့ကြောင်း၊ ဈေးကွက်တွင်အဝယ်လိုက်လာမှုများကြောင့်လည်း ဈေးများမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ တော်တော်လေး အဝယ်လိုက်လာတယ်။ အဝယ်လိုက်လာလို့ ဈေးကမြင့်တက်လာတာပါ။ ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ဈေးမြင့် တက်နေတာဆိုတော့ တချို့ကုန်သည်တွေက ဈေးဆက်တက်မှာစိုးလို့ ဝယ်ထားကြတာလည်းပါတယ်။ အဲဒါကြောင့် ဈေးကွက်ထဲမှာ ဈေးမြင့်တက်လာရတာပါ။ အမေရိကန်ရဲ့ စီးပွားရေးအားကောင်းလာတယ်လို့ ခန့်မှန်းလိုက်တဲ့အတွက် ကမ္ဘာမှာ ဒေါ်လာနဲ့လဲလှယ်နှုန်းတွေ မြင့်တက်လာတယ်။ ပြီးတော့ ဗဟိုဘဏ်ရဲ့ဖလှယ်နှုန်းကလည်း မြင့်တက်လာတဲ့အတွက် ပြင်ပငွေဈေး ကွက်မှာလည်း မြင့်တက်လာပါတယ်"ဟု ပြည်တွင်းငွေလဲလှယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောကြားခဲ့သည်။ မေ ၃၀ ရက်တွင် ရောင်းဈေး ၁၁၉၅ ကျပ်၊ ဝယ်ဈေး ၁၁၉၀ ကျပ်ရှိခဲ့ပြီး ဇွန် ၁ ရက်တွင် ရောင်းဈေး ၁၁၉၇ ကျပ်၊ ဝယ်ဈေး ၁၁၉၃ကျပ်ရှိခဲ့သည်။ ဇွန် ၃ ရက်တွင် ရောင်းဈေး ၁၁၉၆ ကျပ်၊ ဝယ်ဈေး ၁၁၉၂ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး တစ်ရက်အတွင်း ကျပ်တစ်သောင်းနီးပါး မြင့်တက်ခဲ့

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်ဖြစ်သည့် မေလ ၄ ရက်တွင်တစ်ရက်အတွင်းကျပ်တစ်သောင်းနီးပါး မြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးရုတ်ခြည်းမြင့်တက်လာခဲ့မှုကြောင့် ပြည်တွင်းရွှေဈေးပါ လိုက်ပါမြင့်တက်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ရုတ်တရက် ဈေးမြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးက မေ ၃ရက်(သောကြာနေ့)ညနေပိုင်းမှာပဲ ဈေးခုန်တက်သွားတယ်။ အမေရိကန်နိုင်ငံရဲ့ အလုပ်အကိုင်အစီရင်ခံစာတွေ ထွက်ပေါ်လာပြီးနောက်ပိုင်းမှာ ကမ္ဘာ့ရွှေဈေးက မြင့်တက်သွားတယ်။ တက်မယ်လို့လည်းထင်ထားပြီးသားပါ။ ရွှေဈေးကျနေတာကို ဆွဲတင်လိုက်တဲ့သဘောမျိုးဖြစ်တယ်လို့ထင်ပါတယ်။ ဈေးကွက်ထဲမှာတော့ တော်တော်လေးကို လှုပ်သွားတယ်" ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မေ ၃၀ ရက်က ပြည်တွင်းရွှေဈေးသည် ကျပ် ၇၇၁၅၀၀ ရှိခဲ့ပြီး မေ ၁ ရက်တွင် ကျပ် ၇၇၆၀၀၀ သို့ မြင့်တက်ခဲ့သည်။ သို့သော် မေ ၃ ရက်တွင် ကျပ် ၇၇၄၀၀၀ သို့ ကျဆင်းခဲ့သော်လည်း မေ ၄ရက်တွင် ကျပ် ၇၈၄၀၀၀ သို့ မြင့်တက်ခဲ့သဖြင့် တစ်ရက်အတွင်း ကျပ်တစ်သောင်းမြင့် တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၃၀ ရက်က ၁၂၁၄ ဒေါ်လာရှိခဲ့ပြီး မေ ၃ ရက်တွင် ၁၂၁၂ဒေါ်လာရှိခဲ့သည်။သို့သော် မေ ၄ ရက်တွင် ၁၂၄၃ ဒေါ်လာသို့ ရုတ်ခြည်းမြင့်တက်ခဲ့သည်။

**မယ်သီတာ**

## YSX ၏ သတိပေးစာကြောင့် အစုရှယ်ယာဈေးများ ပြန်လည်မြင့်တက်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာများအပေါ်တွင် ဈေးကစားမှုများ ပြုလုပ်နေသဖြင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) က သတိပေးစာများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်တွင် အစုရှယ်ယာဈေးများအား ဈေးကမောက်ကမဖြစ်အောင်ပြုလုပ်နေသူများရှိနေသဖြင့် ယခုကဲ့သို့ သတိပေးစာများ ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်ကတည်းက သီလဝါအစုရှယ်ယာများ၏ ဈေးနှုန်းနှင့် FMI အစုရှယ်ယာများ၏ ဈေးနှုန်းများသည် ကျဆင်းခဲ့သဖြင့် ဈေးအမြင့်ဖြင့် ဝယ်ယူထားသူများ အချိန်တိုအတွင်း အခက်တွေ့ခဲ့ရကြောင်း သိရသည်။

ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ရန်ကုန်စတော့အိတ်ချိန်းအတွင်း ရှယ်ယာဝယ်ယူသူအချို့သည် အစုရှယ်ယာဝယ်ယူရန် တင်ထားသော်လည်း အရောင်းအဝယ်ဖြစ်ကာနီးအချိန်တွင် ပြန်လည်ဖြုတ်ချမှုများ ပြုလုပ်နေသောကြောင့် ထိုကဲ့သို့ ပြုလုပ်မှုများထပ်မံတွေ့ရှိပါက ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သတိပေးကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။

ယခုတစ်ပတ်အတွင်း FMI အစုရှယ်ယာများသည် ကျပ် ၂၅၅၀၀ သို့ ကျဆင်းသွားခဲ့ပြီး MTSHအစုရှယ်ယာများသည် ကျပ် ၅၅၀၀၀ အထိကျဆင်းခဲ့သည်။ သို့သော် YSX ၏ သတိပေးစာထုတ်ပြန်အပြီးတွင် ရှယ်ယာဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကာ FMI က ကျပ် ၂၇၀၀၀၊ MTSH က ကျပ် ၅၉၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

## Currency Exchange Rate

June 3, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 78.25 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.58 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 67.25 |
| I DR | Indonesia Rupiahs | 13589.78 |
| JPY | Japan Yen | 108.72 |
| MYR | Malaysia | 4.15 |
| PKR | Pakistan Rupees | 104.08 |
| PHP | Philippines Pesos | 46.50 |
| RUB | Russia Rubles | 66.86 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1183.53 |
| LKR | Sri Lanka Rupe | 147.40 |
| THB | Thailand Baht | 35.57 |
| GBP | United Kingdom Pounds | 0.69 |
| VND | VietnamDon | 22408.00 |

Source : xe.com

## World Gold Price

May-June, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1247 | 1250 | 1250 |
| 31 | 1240 | 1241 | 1244 |
| 1 | 1222 | 1225 | 1225 |
| 2 | 1212 | 1213 | 1213 |
| 3 | 1208 | 1210 | 1211 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-5- 2016 | 787.00 | 786.30 |
| 31-5- 2016 | 785.50 | 785.20 |
| 1-6- 2016 | 788.50 | 788.30 |
| 2-6- 2016 | 775.00 | 775.00 |
| 3 -6- 2016 | 774.00 | 773.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ-ဇွန်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6 .58 | 35.77 | 78.61 | 67.31 |
| 31 | 6. 58 | 35.73 | 78.55 | 67.21 |
| 1 | 6 59 | 35.67 | 78.55 | 67.35 |
| 2 | 6 .58 | 35.59 | 78.33 | 67.35 |
| 3 | 6.58 | 35.57 | 78.25 | 67.25 |

## Energy NYMEX

3-6-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.18 | 0.01 | 0.02 |
| Brent Crude Futr (USD/bbl) | 50.04 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 162.72 | -0.74 | -0.45 |
| Natural Gas Futr (USD/MMBtu) | 2.41 | 0.01 | 0.37 |
| Heating Oil Futr (Cent/gal) | 149.42 | -0.02 | -0.01 |

## ဘီလပ်မြေ

### ဒီတစ်ပတ်ဘီလပ်မြေအဝင်လျော့

မေ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၇၇၇၀၄ တန်ဖိုးရှိ ဘီလပ်မြေ ၄၃၅၆၀ ဒသမ ၀၃၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အီရန်နိုင်ငံမှ ၂၅ဒသမ ၀၃၂ တန်၊ စင်ကာပူမှ ၁၁၆၂၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၁၉၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်တံဆိပ်၊ စိန်တံဆိပ်၊ SCG စတဲ့ တံဆိပ်များ ဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘီလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းငါးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၂၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ဘီလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

မေ၂၂ ရက်မှ၂၈ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘီလပ်မြေ အဝင်မှာ ၄၃၅၆၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘီလပ်မြေ အဝင်မှာ ၅၅၉၇၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘီလပ်မြေအဝင်မှာ ၁၃၀၉၂ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၈၉၉၅ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၉၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘီလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘီလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် အေးပေမယ့်လည်း ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၃၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘီလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် (ထိုင်း) ၇၅၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၈၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘီလပ်မြေက ဒီတစ်ပတ်မိုးနည်းနည်းရွာလာပေမယ့် အရောင်းအဝယ်က ပုံမှန်ရှိနေတယ်။ အထိုင်ဈေးနဲ့ အရောက်ဈေးက၁၀၀ ကျပ်ဝန်းကျင်ပဲ ဈေးကွာတယ်လို့သိရပါတယ်။ အထိုင်ဈေးအနေနဲ့ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၆၀၀ ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပြီး ဆိုင်ဈေးအနေနဲ့ ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ စိန် ၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၄၀၀ ကျပ်၊ကြံ့နှစ်ကောင်(အစိမ်း) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘီလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဆီ တန်ချိန် ၇၀၀၀ ကျော်အဝင်လျော့

မေ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၀၈၉၁၆ တန်ဖိုးရှိ မြေဩဇာ ၄၉၄၃ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၁၂၄ ဒသမ ၁၀ တန်၊ အိန္ဒိယမှ၁၂တန်၊ အင်ဒိုနီးရှားမှ တန်ချိန် ၁၀၀၀၊ စင်ကာပူမှ ၁၂၆၇ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၅၄၀ ဒသမ ၇၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုး အစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း၊ နိုက်တြိုဂျင် ၊ EXE၊ Bulk Blend ၊ Mahkota Compound တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းဆက်အေး

မေ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ တန်ချိန် ၄၉၄၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၁၂၀၁၂ တန် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၀၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၂၇၃၆၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၃၀၃၉၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၀၂၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေးနဲ့တောင်ကြီးမှာ ဈေးငြိမ်ပြီး မော်လမြိုင်၊ မကွေးမှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက မိုးသီးနှံတွေ နည်းနည်းစပြီး စိုက်ပျိုးလာတာကြောင့် အရောင်းအဝယ်လိုက်လာတယ်။ ဒါပေမဲ့ ဈေးနှုန်းတွေက ငြိမ်နေသေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၀၅၀၀ ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ် အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ ပစ္စည်းပြတ်နေတဲ့ ယူရီးယား (ရွှေတောင်) ပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ(**GTSP**၄၆%-တရုတ်) ၁၈၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၅၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊အာမို ၁၅း၁၅း၁၅ ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၆၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းဆက်လက်အေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ တီစူပါ ၁၂%နဲ့ ၁၆% က အဝယ်မရှိတာကြောင့် ဆိုင်တွေပေါ် တင်မရောင်းကြတော့ဘဲ သူ့အစား တီစူပါ ၂၀%ကို ရောင်းချလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား မြေဩဇာက ၆၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်က ၅၀၀ ကျပ်၊ မြားကမ္ဘာက ၂၀၀ ကျပ်၊ ယူအေအီးက ၈၀၀ ကျပ် ဈေးကျခဲ့ပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်)၁၉၇၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၂၀၀ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၃၂၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၃၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ကျပ်၊ ပိုတက် (တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး ) ၁၉၀၀၀ ကျပ်၊မြားကမ္ဘာ၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်နား နို့မှုန့်တစ်မျိုးတည်းသာဝင်

မေ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း နို့ဆီ/နို့စိမ်း အဝင်မရှိဘဲ နို့မှုန့်တစ်မျိုးသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၃၉၄၂၉၁ တန်ဖိုးရှိ နို့မှုန့် ၄၆၇ ဒသမ ၆၈၅ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှ ၁၆၉ ဒသမ ၃၇၂ တန်နဲ့ နယူးဇီလန်မှ ၂၉၈ဒသမ၃၁၃ တန်ဝင်လာခဲ့ပါတယ်။

ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၃၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မြဝတီစခန်းမှ ကန်ဒေါ်လာ ၅၆၆၂ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၇ ဒသမ ၀၇၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘီလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၅ မှ ၂၇/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၅ မှ ၂၀/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၅၅.၀၀ | ၅၆၄.၂၅ | (+) | ၉၀.၇၅ |
| ၂။ | လွယ်ဂျယ် | ၆၉၈.၀၀ | ၁၀၇၈.၀၀ | (-) | ၃၈၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၅၀၁.၀၀ | ၄၇၆၉.၀၀ | (-) | ၂၂၆၈.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၇၀၅၅.၀၀ | (-) | ၄၅၅၅.၀၀ |
| ၆။ | မြဝတီ | ၉၇၃.၄၀ | ၂၂၈၈.၇၅ | (-) | ၁၃၁၅.၃၅ |
| ၇။ | ကော့သောင်း | ၅၆၁၅.၀၀ | ၉၉၅၅.၀၀ | (-) | ၄၃၄၀.၀၀ |
| ၈။ | မြိတ် | ၁၀၀.၀၀ | ၃၂၈၅.၀၀ | (-) | ၃၁၈၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၃၀၉၂.၄၀ | ၂၈၉၉၅.၀၀ | (-) | ၁၅၉၀၂.၆၀ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၅ မှ ၂၇/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၅ မှ ၂၀/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၂၄၆၁.၄၃၀ | ၂၇၂၉၅.၁၀၀ | (-) | ၄၈၃၃.၆၇၀ |
| ၂။ | လွယ်ဂျယ် | ၂၀၇.၀၀၀ | ၃၂၄.၀၀၀ | (-) | ၁၁၇.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၁၃၉.၅၀၀ | ၄၄၇.၆၁၈ | (+) | ၂၆၉၁.၈၈၂ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၈၀၆.၈၅၀ | ၅၀၃.၀၀၀ | (+) | ၃၃၀.၈၅၀ |
| ၆။ | ကော့သောင်း | ၁၈၅.၀၀၀ | ၂၁၀.၀၀၀ | (-) | ၂၅.၀၀၀ |
| ၇။ | မြိတ် | ၁၂၀.၀၀၀ | ၆၅.၀၀၀ | (+) | ၅၅.၀၀၀ |
| ၈။ | ရိုဒ် | ၄၅၀.၀၀၀ | ၁၅၅၀.၀၀၀ | (-) | ၁၁၀၀.၀၀၀ |
| | စုစုပေါင်း | ၂၇၃၆၉.၇၈၀ | ၃၀၃၉၄.၇၁၈ | (-) | ၃၀၂၄.၉၃၈ |

တင်တင်ထွန်း

## နှမ်း/မြေပဲ

### ပြည်နှမ်းဈေးကွက်တွင် မျိုးသမားများအဝယ်လိုက်လာ၍ ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မျိုးနှမ်းများအဝယ်ရှိသဖြင့် နှမ်းဈေးပြန်တက်လာတာတွေ့ရပါတယ်။ အဝင်မရှိဘဲ လှော်နှမ်းများကို မျိုးသမားများက အဝယ်ရှိနေသဖြင့်ဈေးမှာ ယခင်တစ်ပတ်ထက် မြင့်တက်လာတာတွေ့ရပါတယ်။

ဆီစက်သမားများကလည်း ဆီကြိတ်ရန်အဝယ်ရှိခြင်းနဲ့ နှမ်းနက်ကို မိုးနှမ်းစိုက်ပျိုးရန် မျိုးအဖြစ်အဝယ်ရှိခြင်းတို့ကြောင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ကျပ် ၇၀၀၀ ဈေးမြင့်လာတာတွေ့ရပြီး ဆီဈေးမှာလည်း နှမ်းနီတစ်ပိဿာလျှင် ကျပ် ၄၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရိုးရိုးနှမ်းနက် တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ကျပ် ၂၀၀၀၀ ဈေးမြင့်လာပြီး၊ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၁၃၀၀၀ ဈေးဖြင့် မျိုးသမားများ အဝယ်လိုက်လာ၍ ယခင်တစ်ပတ်ထက် ကျပ် ၆၆၀၀ခန့် ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### မုံရွာမြေပဲ အဆွဲသွက်လို့ ဈေးဆက်လက်မာ

ယခုတစ်ပတ် မုံရွာဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဟာ နယ်အဝင်လျော့ခဲ့ပေမယ့် တရုတ်ဝယ်လက် အဆွဲသွက်လို့ ဈေးဆက်လက်မာခဲ့ရာ မြေပဲဆန်(ဖြူ)တစ်ပိဿာ ၂၉၇၅ ကျပ်၊ မြေပဲဆန်(နီ) တစ်ပိဿာကျပ် ၃၁၅၀ အထိ အမြင့်ဈေးထိရောက်ခဲ့ပြီး ဆီဆန်ကလည်း တစ်ပိဿာကျပ် ၂၃၀၀ နဲ့ ဈေးဆက်မာခဲ့တာတွေ့ရပါတယ်။

နှမ်းဈေးကွက်အနေနဲ့ နယ်စုံက နှမ်းအဝင်ပုံမှန်ရှိခဲ့ပေမယ့် ဈေးအသီးသီးငြိမ်ခဲ့ရာ နှမ်းညို(သစ်) တစ်တင်းကျပ် ၂၆၅၀၀၊ နှမ်းဖြူ(ဟောင်း) တစ်တင်းကျပ် ၃၂၀၀၀၊ နှမ်းနက်(ဂွ) တစ်တင်းကျပ် ၃၀၀၀၀/၅၀၀၀၀ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ကာ အရောင်းအဝယ်အားဖြင့် နှမ်းမျိုးစုံတစ်ရက် အိတ် ၅၀၀ နဲ့ မြေပဲဆန်မျိုးစုံ တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

စားသုံးဆီဈေးကွက်မှာလည်း ပဲဆီတစ်ပိဿာ ကျပ် ၄၇၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၃၆၀၀ နဲ့ စားအုန်းဆီတစ်ပိဿာ ကျပ် ၁၆၈၀ အသီးသီးပေါက်ဈေးငြိမ်ခဲ့ပြီး၊ နေကြာဆီအနေနဲ့ လက်လီဈေး တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်နဲ့ အရောင်းအဝယ်သွက်လျက်ရှိတယ်လို့ ဈေးကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

### ပြည်တွင်းဆီဈေးနှုန်းများ (၃-၆-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၇၀၀ | ▽ |
| ရန်ကုန် | ၅၁၀၀ | ၅၁၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၅၀ | ၁၅၆၅ | △ |
| မန္တလေး | ၄၆၀၀ | ၄၅၀၀ | ▽ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၇၀ | ၁၆၈၀ | △ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၂၀၀ | △ | ၁၆၂၀ | ၁၆၂၀ | □ |
| မကွေး | ၄၀၀၀ | ၄၂၀၀ | △ | ၃၈၀၀ | ၃၈၀၀ | □ | ၁၉၀၀ | ၁၆၈၀ | ▽ |
| မုံရွာ | ၄၆၀၀ | ၄၇၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၆-၂၀၁၆ US$/Ton

| အမျိုးအစား | မေလစတုတ္ထပတ် | မေလပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၂.၀၀ | ၆၅၄.၀၀ | ▽ |
| RBD P.Olein | ၆၈၆.၀၀ | ၆၆၉.၀၀ | ▽ |
| RBD P.Strarin | ၆၂၃.၀၀ | ၆၂၆.၅၀ | △ |

*Source: econ.mpob*



### ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းဖြူနဲ့ နှမ်းနက် တန် ၄၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၇၃ သန်းဖိုးရှိ နှမ်းနက် ၁၂၈ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၃၉၂ သန်းဖိုးရှိ နှမ်းဖြူ ၃၂၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းနက် ၈၂၉ တန်ကျော်နဲ့ နှမ်းဖြူ ၃၃၇ တန် ကျော်တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ နှမ်းနက်တန် ၇၀၀ ကျော်နဲ့ နှမ်းဖြူ ၁၀ တန်ကျော် လျော့နည်းတင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ မြဝတီနဲ့ မူဆယ်ကုန်သွယ်ရေးဇုန်မှ နှမ်းတင်ပို့မှုမရှိဘူးလို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းဖြူ တစ်တန် မိမိဘက် ပေါက်ဈေး ၁၄၃၀၁၂၆ ကျပ်နဲ့ နှမ်းနက် တစ်တန် မိမိဘက်ပေါက်ဈေး ၂၁၄၉၅၅၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

### မန္တလေးဝယ်လက်များ အဝယ်လိုက်လာ၍ ပြည်ဈေးကွက်မှာ မြေပဲလုံးဆန်ဈေးမြင့်လာ

ပြည်ဈေးကွက်သို့ မင်းတုန်းနဲ့ ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့လျှင် မြေပဲဆန် အိတ် ၈၀၀ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ ဆီဆန်ကို မြို့ခံဆီစက်များက အဝယ်ရှိနေပေမယ့် ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေတာတွေ့ရပါတယ်။ လုံးဆန်ကို မန္တလေး ဝယ်လက်များက အဝယ်ရှိနေသဖြင့် ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။

မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၂၀၀ နှင့်လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဖြင့် မြေပဲလုံးဆန်အဖြူ အနီဈေးမှာ ဈေးတူနေပြီး ယခင်တစ်ပတ်ထက်ကျပ် ၁၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ မြေပဲဆီဈေးကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာလျှင် ကျပ် ၄၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### ဇီဝဒီဇယ်အသုံးပြုမှုကို မြှင့်တင်မယ့် အစီအစဉ်ကြောင့် ရက်သတ္တသုံးပတ်အတွင်း စားအုန်းဆီဈေး အမြင့်ဆုံးဈေးအဖြစ် မြင့်တက်



မလေးရှားနိုင်ငံမှာ ဇီဝလောင်စာဆီကို အသုံးပြုဖို့သတ်မှတ်ချက်မြှင့်တင်မယ်လို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်ကြောင့် ရင်းနှီးမြှုပ်နှံသူတွေက စားအုန်းဆီဈေးမြင့်တက်လာမယ်လို့ ယုံကြည်မှုရှိနေချိန်မှာ ရင်းဂစ်တန်ဖိုးကလည်း ကျဆင်းလာတဲ့အတွက် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက ဇွန် ၁ ရက်နေ့မှာ ရက်သတ္တပတ်သုံးပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Mala ysia Derivatives Exchange) မှာ ဩဂုတ်အတွက် ကြိုတင်ချုပ်ဆိုတဲ့ စာချုပ်ဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး မွန်းတည့်ချိန်မှာ တစ်တန်ကို ၂၆၃၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၇) နှုန်း ရှိခဲ့ပါတယ်။

ဈေးကွက်က သုံးရက်မြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး စောစောပိုင်းက တစ်ရက်အတွင်း အမြင့်ဆုံးဖြစ်တဲ့ တစ်တန်ကို ၂၆၃၂ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပြီး မေ ၁၂ ရက်နောက်ပိုင်းအမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ ရောင်းချခဲ့တဲ့ပမာဏက ၂၅တန်ရှိ အတွဲပေါင်း ၁၇၃၀ တွဲရှိခဲ့ပါတယ်။

"ရင်းဂစ်တန်ဖိုး ကျဆင်းနေပြီး ဇီဝဒီဇယ်သုံးစွဲမှုကို မြှင့်တင်လိုက်တဲ့အတွက် စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်ခဲ့ပါတယ်"လို့ ဇီဝဒီဇယ်အသုံးပြုမှု မြှင့်တင်ဖို့ မေ ၃၁ ရက်ကကြေညာချက်ကို ရည်ညွှန်းပြီး ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

သယ်ယူပို့ဆောင်ရေး ကဏ္ဍမှာ အသုံးပြုတဲ့ ဒီဇယ်လောင်စာဆီမှာ ဇီဝဒီဇယ်ထည့်သွင်းအသုံးပြုဖို့ လက်ရှိသတ်မှတ်ချက်က ၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဇွန်မှစတင်ပြီး ၁၀ ရာခိုင်နှုန်းအထိတိုးမြှင့်သုံးစွဲဖို့ သတ်မှတ်ခဲ့ပါတယ်။ စက်မှုလက်မှုကဏ္ဍအတွက် သတ်မှတ်ချက်ကို ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့ပါတယ်။

ကမ္ဘာမှာ စားအုန်းဆီအများဆုံး ထုတ်လုပ်တဲ့ အင်ဒိုနီးရှားနိုင်ငံက ဒီဇယ်ဆီမှာ ဇီဝဒီဇယ်ဆီ အနိမ့်ဆုံးပါဝင်မှုနှုန်းကို ယခုနှစ်အကုန်မှာ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးဖို့ ရည်မှန်းထားပါတယ်။

စားအုန်းဆီ ရောင်းဝယ်ရေးမှာ ရင်းဂစ်ငွေကြေးကို အသုံးပြုပါတယ်။ ဇွန် ၁ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၄ ဒသမ ၁၃၀၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တစ်ရက်အတွင်းမှာဖလှယ်နှုန်းက ၄ ဒသမ ၁၃၉၅ ရင်းဂစ်နှုန်းအထိရောက်ရှိခဲ့ရာ မေ ၁၆ ရက်နောက်ပိုင်း ရင်းဂစ်တန်ဖိုး အနိမ့်ဆုံးနှုန်းဖြစ်ပါ တယ်။ ရင်းဂစ်ဈေးနှုန်းကျဆင်းမှုကြောင့် အခြားနိုင်ငံခြားငွေဖြင့် စားအုန်းဆီဝယ်ယူသူတွေအတွက် စားအုန်းဆီဈေး သက်သာစေခဲ့ပါတယ်။

စားအုန်းဆီအမြင့်ဆုံးရောက်နိုင်တဲ့ဈေးက တစ်တန်ကို ၂၆၃၄ ရင်းဂစ်နှုန်းဖြစ်မယ်။ ဒီနှုန်းကိုဖောက်ထွက်သွားရင် တစ်တန်ကို ၂၆၇၂ ရင်းဂစ်နှုန်းအထိ ရောက်နိုင်တယ်လို့ သွမ်မဆင်ရိုက်တာရဲ့ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

အခြား ဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန်ချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့ (Chicago Board of Trade) မှာ ဇူလိုင်အတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ ပဲပုပ်ဆီဈေးက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ညဏ်တင်**

Vol: 16, No.20 Monday June 6 2016

# မြန်မာ့ကြံလုပ်ငန်းရေရှည်တိုးတက်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးကောင်းသကြား ထုတ်လုပ်ရေးသို့

တင်ယုခိုင် DOT(MDY)

မြန်မာနိုင်ငံမှာ ပို့ကုန်တွေအမျိုးမျိုးရှိတဲ့အနက် ပြည်ပပို့ကုန်သကြားဟာ နိုင်ငံတော်အတွက် အရေးပါတဲ့ ပို့ကုန်တစ်မျိုးပဲ ဖြစ်ပါတယ်။ သကြားထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ကြံပင်ကို မြန်မာနိုင်ငံနေရာအနှံ့မှာ စိုက်ပျိုးနိုင်ပါတယ်။ ကြံသီးနှံဟာ ရာသီဥတုပြောင်းလဲမှုဆိုးရွားသည့်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ခြင်း၊ ပျက်စီးမှုနည်းပါးခြင်းစတဲ့ စက်မှုကုန်ကြမ်းသီးနှံ အမျိုးအစားတစ်မျိုးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ခေတ်စနစ်အမျိုးမျိုးပြောင်းလဲလာတာနဲ့အမျှ နိုင်ငံတကာအလယ်မှာ ခေတ်နောက်ကျကျန်ရစ်နေခဲ့တဲ့ မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးမှာ ကြံစိုက်ပျိုးရေးလုပ်ငန်းဟာလည်း ခေတ်နောက်ကျမှုနဲ့အတူ နိမ့်ပါးလာခဲ့ပါတယ်။

ကြံတောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့် ကြံပင်တွေ မရရှိမှု၊ ခေတ်မီနည်းစနစ်တွေကို အသုံး မပြုနိုင်မှု၊ ရှေးရိုးစွဲဝါဒကိုသာ ဆုပ်ကိုင်ထားတဲ့ ကြံစိုက်တောင်သူတွေရဲ့ ခေတ်နောက်ကျမှုတွေဟာ မြန်မာ့ကြံစိုက်ပျိုးရေးလုပ်ငန်း အားနည်းလုနီးပါးဖြစ်လာခဲ့ရတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ကြံတောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ်ကိုတောင် ကာမိမှုမရှိတဲ့ မြန်မာ့ကြံဈေးကွက်မှာ ဈေးကောင်းမရရှိတာဟာလည်း စိုက်ပျိုးသူတောင်သူတွေအတွက် အခက်အခဲဖြစ် စေ ခဲ့တာကြောင့် ဒီအချက်ဟာ ကြံလုပ်ငန်းအားနည်းလာတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။



အထွက်ကောင်းတဲ့ အရည်အသွေးကောင်းတဲ့ ကြံပင်မျိုးကောင်းမျိုးသန့်တွေရရှိမှသာကြံအထွက်နှုန်းကောင်းပြီး အရည်အသွေး ကောင်းတဲ့သကြားကို ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ကြံနှင့် သကြားလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့ကြံနှင့် သကြားလုပ်ငန်း မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များနဲ့အထောက်အပံ့ဖြစ်စေနိုင်တဲ့ ဥပဒေပေါ် ပေါက်လာစေဖို့မြန်မာနိုင်ငံ ကြံ၊ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းကြီးရဲ့ နှစ်ပတ်လည်သင်းလုံးကျွတ်ညီလာခံကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်ခန်းမ (၁) မှာ မတ် ၁၇ ရက် က ကျင်းပခဲ့ပါတယ်။

အဲဒီညီလာခံမှာ မြန်မာ့ကြံနှင့်သကြားလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့ နည်းလမ်းများရှာဖွေခြင်းကိစ္စရပ်များ၊ ကြံစိုက်တောင်သူတွေအတွက် နည်းပညာများဖြန့်ဖြူးပေးရေး ကိစ္စရပ်များ၊ မျိုးကောင်းမျိုးသန့်နဲ့ စိုက်ပျိုးစရိတ်များ ရရှိစေရေးကိစ္စရပ်များ၊ နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှု တိုးတက်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ညှိနှိုင်းဆောင်ရွက်ပေးမယ့်ကိစ္စရပ်များ၊ ကြံစိုက်တောင်သူ များရဲ့ လိုအပ်ချက်အသေးစိတ်ကို အသင်းကြီးနဲ့ အပြန်အလှန် ဆက်သွယ်နိုင်ရေး၊ တောင်သူများရဲ့အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေး၊ ထုတ်လုပ်မှုအခက်အခဲများ၊ ဈေးကွက်ရရှိရေး အဟန့်အတားများ၊ ကြံစိုက်တောင်သူ အစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဖွဲ့အစည်းများအတွက် ကိုယ်စားလှယ်များ ရွေးချယ်ခြင်း၊ အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်းကိစ္စရပ်များ၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ အသင်းသားများညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြပါ တယ်။

အာဆီယံဒေသတွင်း နိုင်ငံများမှာသာမက မြန်မာနိုင်ငံရဲ့ အိမ် နီးချင်း နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ သကြားအများဆုံး စားသုံးတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ သကြားကို ပြည်ပမှနှစ်စဉ်တန်ချိန်ပေါင်းများစွာ တင်သွင်းလျက်ရှိ နေတဲ့နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ဒီအခွင့်အရေးဟာ မြန်မာနိုင်ငံရဲ့ပို့ကုန်တိုးမြှင့်နိုင်မယ့် အခွင့်အရေးကြီးတစ်ရပ်လည်း ဖြစ်ပါ တယ်။

အခုလောလောဆယ်ကာလမှာတော့ မြန်မာ့ပို့ကုန်လုပ်ငန်းရှင် တွေအနေနဲ့ သကြားကို Re-export အဖြစ်နဲ့ တခြားနိုင်ငံများမှတစ်ဆင့် တရုတ်နိုင်ငံသို့ မြန်မာ့နယ်စပ်ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်တဲ့ မူဆယ် ကုန်သွယ်ရေးဇုန်မှ တင်ပို့လျက်ရှိနေပါတယ်။

➲ စာမျက်နှာ - ၂၀ သို့

# ပို့ကုန်တိုးမြှင့်နိုင်ဖို့ အညာဒေသထွက် အရည်အသွေးကောင်းဆီးဆန်များ တင်ပို့ကြစို့

ကြည်ကြည်မြင့် (မူဆယ်)



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ နေ့စဉ်ဝင်ရောက်နေသည့် ကုန်တင်ယာဉ်ကြီးများထဲတွင် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသော ကုန်ပစ္စည်းများမှာ ဆန်၊ သကြား၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ကြက်သွန်နီ၊ ရေထွက်ပစ္စည်းများအပြင် တစ်ဖက်နိုင်ငံမှ ပုံမှန်ဝယ်ယူသည့် မြန်မာပြည် အညာဒေသထွက် ဆီးဆန်ကုန် ပစ္စည်းသည် မိမိနိုင်ငံမှ တင်ပို့နိုင်သလောက် တစ်ဖက် တရုတ်ပြည်မှ ဝယ်ယူနေကြောင်းသိရှိရပါသည်။ အညာဒေသထွက် ဆီးဆန်သည်ဆန်၊သကြား၊ပဲ၊ပြောင်းကဲ့သို့ အထွက်နှုန်း မများသော်လည်း မိမိနိုင်ငံမှ ထွက်ရှိသလောက် တစ်ဖက်နိုင်ငံမှ ဝယ်ယူနေခြင်းကြောင့် ပို့ကုန်တိုးမြှင့်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု၍ နိုင်ငံခြားဝင်ငွေရရှိအောင် စွမ်းဆောင်နိုင်သည့် ကုန်ပစ္စည်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုနှစ်တွင် တစ်ဖက်နိုင်ငံမှဝယ်လိုအားရှိ၍ ဈေးကွက်ကောင်းမွန်ပြီး ဆီးသီးစိုက်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ အညာဒေသထွက် ဆီးဆန် ၂၂၁၃ ဒသမ ၉၁ တန်၊ တန်ဖိုး ၉ ဒသမ ၁၄၇ ဒေါ်လာ သန်းတင်ပို့နိုင်၍ အများဆုံး ပို့ကုန် အမျိုး ၂၀ စာရင်းတွင်ပါဝင်ကြောင်း၊ ၂၀၁၆ ဧပြီတွင် ၁၄၂ ဒသမ ၄၀ တန်၊ တန်ဖိုး သုည ဒသမ ၅၈၈ ဒေါ်လာ သန်းနှင့် မေ ၁ ရက်မှ ၁၇ ရက်အထိ ၈၇ ဒသမ ၉၀ တန်၊ တန်ဖိုး သုည ဒသမ ၃၇၅ ဒေါ်လာ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဆီးဆန်အများဆုံးထွက်ရှိရာ ဒေသမှာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်၊ ဒီပဲယင်း၊ အရာတော်၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပုဂံ ညောင်ဦး၊ ပုပ္ပါး၊ အညာဒေသတို့တွင် ထွက်ရှိကြောင်း၊ အညာဒေသထွက် ဆီးသီးများကို ဆီးသီး ကုန်စည်ဒိုင်များမှ ဝယ်ယူစုဆောင်းပြီး ဆီးသီးခွဲစက်ဖြင့် ခွဲကာ ဆီးမှုန့်၊ ဆီးဖတ်၊ ဆီးခွဲခြမ်း၊ ဆီးဆန်များ သီးခြားစီထွက်ရှိပြီးမှ ဆီးဆန်များကိုစုကာ မန္တလေးသို့ တင်ပို့ရကြောင်း၊ မန္တလေးကုန်သည်က ဆီးဆန် တစ်ပိဿာလျှင် ၄၅၀၀ကျပ်မှ ၅၀၀၀ကျပ် ဝန်းကျင် ပေးဝယ်ကြောင်း၊ ဆီးဆန်သန့်ပါက တစ်ပိဿာလျှင် ၆၀၀၀ ကျပ်အထိ ပေးဝယ်ကြောင်း မန္တလေးကုန်သည်များထံမှ သိရှိရပါသည်။ မန္တလေးကုန်သည်မှ ဂိုဒေါင်တွင် ၁၂ ဘီးကား တစ်စီးစာ ၁၆ တန်၊ ၁၇ တန် စုဆောင်းရရှိမှသာ တစ်ဖက်နိုင်ငံသို့ တင်ပို့ကြောင်း၊ ဆီးဆန်ကို တိုင်းရင်းဆေးဝါးများဖော်စပ်ရာတွင်အသုံးပြုကြောင်း၊ ဦးနှောက်အာရုံကြောရောဂါပျောက်ဆေး၊ ကျောက်ကပ်နှလုံးအားတိုးဆေးနှင့် သွေးတိုးရောဂါ ပျောက်ဆေး တို့တွင် အဓိကထည့်သွင်း အသုံးပြုကြောင်း၊ အထူးသဖြင့် သွေးတိုးရောဂါ ခံစားနေသူများ နေ့စဉ် ဆီးဆန်သုံးစေ့မှ ငါးစေ့အထိ စားသုံးပါက သွေးတိုး ရောဂါပျောက်ကင်းကြောင်း သိရှိရပါသည်။

အညာဒေသမှ ထွက်ရှိသော ဆီးဆန်များသည် လက်ရှိတင်ပို့နေသည်ထက် အရည်အသွေးရောအရေအတွက်ပါ တိုးတက်ကောင်းမွန်စေရန်အတွက် ခေတ်မီဆီးသီးခွဲစက်ကောင်းများ အသုံးပြုသင့်ကြောင်း၊သို့မှသာ တန်ဖိုးမြင့်ပို့ကုန်ဖြစ်ကာ သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်ဝပြီး ဈေးကောင်းရရှိ၍ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ တိုးတက်အောင် စွမ်းဆောင်နိုင်သည့် ပစ္စည်းတစ်မျိုးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အညာဒေသထွက် ဆီးဆန်များကို တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက လိုင်စင်လျှောက်စရာမလိုဘဲ ပို့ကုန် အခွန် ၂ ရာခိုင်နှုန်းပေးဆောင်ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်ကြောင်း၊ Export ဈေး တစ်ကီလိုလျှင် ၅၀၀၀ ကျပ်ရှိပြီး တစ်တန်လျှင် သိန်း ၅၀ ရှိကြောင်း၊ မန္တလေးမှ မူဆယ်ကားခဆီးဆန် တစ်ပိဿာလျှင် ၈၀ ကျပ် ပေးဆောင်ရကြောင်း၊ တစ်တန်လျှင် ကားခ ၄၉၀၀၀ ကျပ်ကျကြောင်း၊ ဆီးသီးစိုက် တောင်သူများတစ်ပိုင်တစ်နိုင် မိမိခြံ ထွက်ဆီးသီးများကို စုဆောင်းပြီး ဆီးသီးခွဲစက်ဖြင့် ခွဲကာ ဆီးဆန်များကို တစ်ဖက်နိုင်ငံသို့ ITC ကတ် (တစ်ဦးတည်းပိုင်ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကတ်) ဖြင့် ငါးရက်လျှင် ကျပ်သိန်း ၁၅၀ နှုန်း၊ ဆီးဆန် သုံးတန်ခန့်တစ်ပိုင်တစ်နိုင်တင်ပို့နိုင်ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ဆီးဆန် တစ်ကီလိုလျှင် ဝယ်ဈေး ၂၉ ယွမ်မှ ၃၀ ယွမ်အထိရှိပြီး ပြန်ရောင်းဈေးမှာ တစ်ကီလိုလျှင် ၃၄ ယွမ်မှ ၃၆ ယွမ်အထိရှိကြောင်း စုံစမ်းသိရှိရပါသည်။

အညာဒေသတွင် အလေ့ကျပေါက်သည့် ဆီးသီးပင်မှ ဆီးသီးခြောက်များကို ဝယ်ယူစုဆောင်းပြီး ဆီးသီးခွဲစက်ဖြင့်ခွဲကာ ရရှိသော ဆီးသီးဆန်များကို တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံသို့ ဆီးဆန်တင်ပို့ပြီး အပြန်တွင် မိမိအိမ်သုံး၊ ဒေသသုံး ပစ္စည်းများကိုပါ ITC ကတ်ဖြင့်တစ်ပိုင်တစ်နိုင် တင်သွင်းခွင့်ရှိကြောင်းကိုပါ အညာဒေသ ကျေးလက် နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ပို့ကုန်တိုးမြှင့်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချမည်ဟု တရုတ်ဝန်ကြီးချုပ် ပြောကြား

တရုတ်ဝန်ကြီးချုပ် လီကာရှင်းက လာမည့်ငါးနှစ်အတွင်း ခရီးသွားလုပ်ငန်းတိုးမြှင့်ခြင်းဖြင့် နိုင်ငံတစ်ဝန်းရှိ ဆင်းရဲသား ၁၂ သန်းအား ဆင်းရဲမှုမှ လွတ်ကင်းအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း မေ ၁၉ ရက်က ပေကျင်းတွင် ပထမအကြိမ်အဖြစ် ကျင်းပသည့် World Conference on Tourism for Development ကွန်ဖရင့်အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ပါသည်။ အဆိုပါကွန်ဖရင့်ကို ကုလသမဂ္ဂကမ္ဘာ့ခရီးသွားအဖွဲ့အစည်းနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၀၇ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ကျော်တက်ရောက်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ အဆင်းရဲဆုံးဒေသများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲဝေးလံသည့်ဒေသများနှင့်တောင်တန်းဒေသများဖြစ်ပြီး အဆိုပါဒေသများ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရန် ကမ္ဘာ့လှည့်ခရီးသွားများ နှစ်သက်သည့် သဘာဝရှုခင်းများ၊ အားသာချက်များရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် အစိုးရက ဆောင်ရွက်နေသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အလွန်အရေးပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဗီဇာနှင့်ပြည်ဝင်ခွင့်လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရန်နှင့် ခရီးသွားများ၏ အကျိုးစီးပွားကာကွယ်မှု လုပ်ငန်းစဉ်များတိုးမြှင့်ကြရန် ကွန်ဖရင့်သို့တက်ရောက်လာသော နိုင်ငံများအား ၎င်းကထပ်မံတိုက်တွန်းခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းတိုးမြှင့်ရန် ခရီးသွားလုပ်ငန်းစီမံချက် ၅၀ ခုအား လာမည့်ငါးနှစ်အတွင်း နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် အကြီးဆုံးကမ္ဘာ့ခရီးသွားဈေးကွက်ဖြစ်၍ ၂၀၁၅ ခုနှစ်၌ တရုတ်ခရီးသွားသန်း ၁၂၀ ကျော်သည် ကမ္ဘာတစ်ဝန်းနိုင်ငံများသို့ အပန်းဖြေသွားရောက်ခဲ့ကြပြီး အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၅ ဘီလီယံ ကျော်သုံးစွဲခဲ့ကြောင်း၊ လာမည့်ငါးနှစ်အတွင်း တရုတ်ခရီးသွား သန်း ၆၀၀ ကျော်ရှိမည်ဟု ခန့်မှန်းကြောင်း National Toursim Administration မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့အပြင် ဆင်းရဲသည့်ဒေသ များ၌ တံတား၊ လမ်း၊ ရေ၊ မီးနှင့်အခြား မြို့ပြဆောက်လုပ်ရေးလုပ်ငန်းများကို အထူးဆောင်ရွက်၍ ခရီးသွားလုပ်ငန်း မြှင့်တင်မည်ဖြစ်ကြောင်း၊ ခရီးသွားနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်မှာလည်းဖြစ်ကြောင်း ပြောကြားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အင်ဒိုနီးရှားနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံမှ Lotte Group က ရင်းနှီးမြှုပ်နှံမှုချဲ့ထွင်ဆောင်ရွက်မည်

တောင်ကိုရီးယားနိုင်ငံရှိ Lotte Group ၏ ဥက္ကဋ္ဌသည် တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်တာ အလည်အပတ်ခရီးစဉ်အဖြစ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနှင့်တွေ့ဆုံခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ Lotte Group အနေဖြင့် လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ ၌ Lotte Department Store ကို Duty free အရောင်းဆိုင်နှစ်ဆိုင်နှင့်အတူ ဖွင့်လှစ်ထားပြီး ကော်ဖီနှင့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်သည်။

အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် Lotte ရှော့ပင်းနယ်မြေကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသားများအကြား အထူးရေပန်းစားခဲ့သည်။ အဆိုပါရှော့ပင်းနယ်မြေတွင် Department Store, Duty-free အရောင်းဆိုင်နှင့် စားသောက်ဆိုင်များ အားလုံးပါဝင်သည့် Shopping Complex အဖြစ် ဖွင့်လှစ်ထားခြင်းဖြစ် သဖြင့် နိုင်ငံခြားသားခရီးသွားများအတွက်ပါ ဈေးဝယ်ရန် အဆင်ပြေသည့် နေရာတစ်နေရာဖြစ်သည်။ Lotte Group အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး ဈေးကွက်ကို ဝင်ရောက်ရန်အတွက် လေလံစနစ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံးကုမ္ပဏီတစ်ခုဖြစ်သည့် Salim Group နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ယခုအခါ ကမ္ဘာ့ထိပ်တန်းကုန်ထုတ်လုပ်မှု နိုင်ငံများစာရင်းတွင် ပါဝင်လာပြီး အာဆီယံနိုင်ငံ၏ အဓိကအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကာ လက်ရှိတွင် ကိုရီးယားကုမ္ပဏီပေါင်း ၂၂၀၀ ကျော် လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၁၁ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ နှင့်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# မေလအတွင်း တောင်ကိုရီးယားနိုင်ငံ ပို့ကုန် ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့

တောင်ကိုရီးယားနိုင်ငံအနေဖြင့် လပေါင်းများစွာ ပို့ကုန်ဆက်တိုက်ကျဆင်းခဲ့ပြီးနောက် မေလအတွင်း နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ပြန်လည်နာလန်ထူလာခဲ့ပြီး ပို့ကုန်ကျဆင်းခဲ့သည့် ၁၇ လတာကာလအတွင်း ကောင်းမွန်သည့် လက္ခဏာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ကိုရီးယားအကောက်ခွန်ဌာန၏ စာရင်းဇယားများအရ နိုင်ငံ၏ပို့ကုန်ပမာဏသည် မေ ၁ ရက်မှ ၂၀ ရက်အထိ ၂၄ ဒသမ ၈ ဘီလီယံ ဒေါ်လာရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပို့ကုန်ပြန်လည်မြင့်တက်လာမှုသည် ယခုလ၏ ပထမရက် ၂၀ အတွင်း နှစ်စဉ်တိုးတက်မှုနှုန်း ရရှိနိုင်ရန် ကောင်းမွန်သည့် လက္ခဏာအဖြစ် ၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ၁၉၇၀ ခုနှစ်မှစ၍ လစဉ်ပို့ကုန်ဆိုင်ရာ စာရင်းဇယားများကို စတင်စုစည်းပြုစုခဲ့သည့်အချိန်မှစ၍ ယခုအချိန်အထိကာလ အရှည်ကြာဆုံး ပို့ကုန်ကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ မေတွင် ပို့ကုန် ပြန်လည်နာလန်ထူလာခြင်းအားဖြင့် နိုင်ငံ၏ ပို့ကုန်ဆက်တိုက်ကျဆင်းနေမှုကို အဆုံးသတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံတွင် ခြောက်နှစ်တာကာလအတွင်း အမဲသားဈေးနှုန်းများ အမြင့်ဆုံးရောက်ရှိ

တောင်ကိုရီးယားနိုင်ငံတွင် ယခုနှစ်များအတွင်း နွားမွေးမြူသည့် အရေအတွက် လျော့ကျလာမှုကြောင့် ပြည်တွင်းအမဲသားဈေးနှုန်းများသည် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ကြောင်း အစိုးရ၏စာရင်းဇယားများအရ သိရှိရသည်။ ပြည်တွင်းအမဲသားဈေးနှုန်းများသည် ယခင်လက ၁၈ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၂၀၁၀ ခုနှစ် ဧပြီလမှ ယနေ့ချိန်ထိ ကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ယမန်နှစ်တွင် မွေးမြူရေးနွားအရေအတွက်ကျဆင်းလာသည်နှင့်အမျှ အမဲသားဈေးနှုန်းများလည်း မြင့်တက်ခဲ့သည်ကိုတွေ့ရသည်။ ပြည်တွင်းမွေးမြူရေးခြံများအနေဖြင့် ပြည်တွင်းအမဲသားဈေးနှုန်းများ ကျဆင်းလာသည့်အတွက် မွေးမြူသည့်နွားအရေအတွက်ကို လျှော့ချခဲ့ပြီး၊ အစိုးရကလည်း ပြည်တွင်းမွေးမြူရေးလုပ်ငန်းများကို ၎င်းတို့၏ လုပ်ငန်းများနှင့် အမေရိကန်နှင့် လွတ်လပ်သောကုန်သွယ်မှုဆက်ဆံရေးကို လိုက်ပါဆောင်ရွက်မှုတို့အား ပိုမိုနီးစပ်စွာဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးခြင်းအားဖြင့် ကူညီပေးခဲ့သည်။

နွားကောင်ရေ ၂ ဒသမ ၈ သန်း မွေးမြူရန်ရည်မှန်းချက်ထားခြင်းသည် သင့်တော်လုံလောက်သည့် အရေအတွက်ဖြစ်သော်လည်း ယခုနှစ် ပထမသုံးလပတ်ကာလတွင် ၂ ဒသမ ၅၉ သန်းသာ ရှိခဲ့သည်ဟု အစိုးရက ပြောကြားခဲ့သည်။ မွေးမြူရေးနွားအရေအတွက် တိုးတက်မွေးမြူနိုင်ရေးမှာ အခက်အခဲများရှိနေသဖြင့် ပြည်တွင်း အမဲသားဈေးနှုန်းများသည် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်မြင့်တက်နေလိမ့်ဦးမည်ဖြစ်ကြောင်း ခန့်မှန်းကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနှင့် အစ္စရေးတို့လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများ ဇွန်လအတွင်းပြုလုပ်မည်

တောင်ကိုရီးယားနိုင်ငံအနေဖြင့် အစ္စရေးနိုင်ငံနှင့်နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် လွတ်လပ်သောသဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို လာမည့်ဇွန်လအတွင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ စေ့စပ်ညှိနှိုင်းမှုများ၏ ပထမအဆင့်ကို လာမည့် ဇွန် ၂၇ ရက်တွင် ဆိုးလ်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ ယင်းသို့ ဆောင်ရွက်ရန်အတွက် ဂျေရုစလင်မြို့တွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ တောင်ကိုရီးယား ကုန်သွယ်ရေးဒုတိယဝန်ကြီး ဝူတေဟီးနှင့် အစ္စရေးထိပ်တန်းအရာရှိတို့ သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် အစ္စရေးနိုင်ငံတို့သည် ၂၀၀၉ ခုနှစ်မှစတင်၍ လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသော်လည်း တောင်ကိုရီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပါအဝင် အခြားသောအဓိကကုန်သွယ်ဖက်နိုင်ငံများနှင့်လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို အလေးပေးဆောင်ရွက်မှုကြောင့် အစ္စရေးနိုင်ငံနှင့်စေ့စပ်ညှိနှိုင်းရာတွင် တိုးတက်မှုနှေးကွေးခဲ့သည်။ တောင်ကိုရီးယားနှင့် အစ္စရေးတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအခြေခံသည့် လုပ်ငန်းများစသည့် နယ်ပယ်အမျိုးမျိုးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အလားအလာ အလွန်ကောင်းမွန်လျက်ရှိသည်။

နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံသို့ရောက်ရှိခဲ့ပြီး၊ တောင်ကိုရီးယားနိုင်ငံမှ ပို့ကုန်တင်ပို့မှုစုစုပေါင်းသည် ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံ ရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံ၏ ပို့ကုန်တွန်းအားပေးသည့် စီးပွားရေး အကောင်အထည်ဖော်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ချက် တစ်ရပ်အနေဖြင့် လတ်တလောနှစ်များအတွင်း အမေရိကန်နှင့် တရုတ်အပါအဝင် ၎င်းအဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များကို အောင်မြင်စွာညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၆–၆– ၂၀၁၆)

ဇော်ဝင်း

## လာရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်သာရှိ

ဒီတစ်ပတ်မှာလည်း လားရှိုးဈေးကွက်မှာ ပြောင်းဈေးနှုန်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာ ကျပ် ၄၀၀ နဲ့ အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။ ဝယ်လက်အနေနဲ့ တရုတ်ဘက်နဲ့ မန္တလေးအစာစပ်စက်ရုံမှ အဝယ်ရှိပြီးအရောင်းအဝယ်ပုံမှန်ရှိ နေကြောင်းနဲ့ တစ်ပတ်ကို ၁၅၄ တန် ခန့်အရောင်းအဝယ်ဖြစ် ကြောင်းသိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံတန်ချိန် ၄၇၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက်ဝင်ရောက်မှုနည်း ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ပေမယ့် သယ်ယူပို့ဆောင်ခမြင့်တက်မှုနဲ့ ပြောင်းအရည်အသွေးပေါ် မူတည်ပြီး ပြောင်းဈေးနှုန်းသတ်မှတ် ဝယ်ယူမှုတွေကြောင့် ပြောင်းအရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ၅၀ ကီလိုတစ်အိတ် ကို ၈၆ ယွမ်မှ ၉၂ ယွမ်ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးမြင့်တက် ပဲတီစိမ်းအရောင်းအဝယ် ပုံမှန်ရှိ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲကို အိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး တစ်ပိဿာကို ၂၇၂၆ ကျပ် (တစ်တန်ကို ၁၆၆၉၃၅၇ ကျပ်) နဲ့ တစ်နေ့ကိုအိတ် ၇၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို တော့ အရည်အသွေးပေါ် မူတည်ပြီး ပဲတီစိမ်းကြီးကို တစ်ပိဿာ ၁၆၉၈ ကျပ် (တစ်တန်ကို ၁၀၃၉၈၃၈ ကျပ်)၊ ပဲတီစိမ်းရွှေဝါကို တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန်ကို ၁၀၈၈၈၂၉ ကျပ်)နဲ့ တရုတ် ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ပုံမှန်အဝယ်ရှိနေပြီး အရောင်း အဝယ်အနေနဲ့ တစ်ရက်အိတ် ၆၀၀ ခန့်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီရော မတ်ပဲပါ ဈေးအနည်းငယ်ကျ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မှာ မတ်ပဲဈေးအနည်းငယ် ကျနေပေမယ့် အိန္ဒိယဈေးကွက်အတွက် ဝယ်ယူနေတဲ့ ရန်ကုန် ဝယ်လက်က တစ်ပိဿာကို ၂၆၂၅ ကျပ် (တစ်တန်ကို ၁၆၀၇၅၂၃ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်နေ့ကို အိတ် ၁၅၀ မှ ၂၅၀ အိတ် ကြားအရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါ တယ်။ ပဲစင်းငုံနီဈေးနှုန်းက ယခင်တစ်ပတ်ထက် အနည်းငယ် ထပ်မံကျဆင်းခဲ့ပြီး ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန် ဝယ်လက်က တစ်ပိဿာ ၂၃၇၅ ကျပ် (တစ်တန်ကို ၁၄၅၄၄၂၆ ကျပ်) နဲ့ ဈေး ဖွင့်အဝယ်ရှိခဲ့ပေမယ့် အဝင်နည်းမှု၊ လှောင်လက် တွေမှာ လက်ကျန်နည်းနေမှုကြောင့် အရောင်းအဝယ်အေးနေ ကြောင်း သိရပါ တယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ အစေ့ထုတ်ပြောင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RAW) ကို ပြည်ပအတွက်ဝယ်လက်ဖြစ်တဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၆၆၅ ကျပ် (တစ်တန်ကို ၁၆၃၂၀၁၉ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တာကြောင့် အရင်တစ်ပတ်ထက်ဈေးနှုန်း အနည်းငယ်ကျ ဆင်းသွားကြောင်း သိရပါတယ်။ ရောင်းသူကုန်သည်များအနေနဲ့ တက်ဈေးမျှော်အရောင်းနည်းတာကြောင့် အရောင်းအဝယ်အေး နေကြောင်း သိရပါတယ်။ ဒေသထွက် အစေ့ထုတ်ပြောင်းကို ရန်ကုန်ဝယ်လက်က ပုံမှန်ဝယ်လိုအားရှိနေပြီး ဈေးနှုန်းအပြောင်း အလဲမရှိဘဲ တစ်ပိဿာ ၄၅၀ ကျပ်နဲ့ အရောင်းအဝယ်ပုံမှန်ရှိနေ ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပေ မယ့် ပဲလက်ကျန်နည်းသွားတာရယ်၊ လှောင်လက်တွေလက်ထဲမှာ သာရှိတဲ့အတွက် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

××××××××××××××××



## ပခုက္ကူဈေးကွက် ပဲတီစိမ်းဈေးအနည်းငယ်ကျ အရောင်းအဝယ်အေး

ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးထိပ်စ တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိပေ မယ့် ဈေးနှုန်းအနည်းငယ် ကျဆင်းလာတာကြောင့် အရောင်း အဝယ်အေးနေကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာ ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်)နဲ့ ကုလား ပဲဝါ တစ်ပိဿာ ၁၉၈၅ ကျပ် (တစ်တန်ကို ၁၂၁၅၅၉၄ ကျပ်) နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုရှိပြီး တစ်ပတ်ကို အိတ် ၂၀၀၀ မှ အိတ် ၃၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံ နီကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၅၀ ကျပ်နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် လှောင် လက်ကုန် သည်များက အရောင်းအေးပြီး တစ်ပတ်အတွင်းမှာ အိတ် ၃၀၀ ခန့်သာအရောင်းအဝယ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက် နှမ်းမျိုးစုံနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်အေးနေဆဲ

ဒီတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းမျိုးစုံဈေးကွက်မှာ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိကြောင်း သိရပါတယ်။ မန္တလေးဝယ်လက် ဆီစက်၊ သိုလှောင်သူများက အဝယ်ရှိခဲ့ပြီး ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက နှမ်းဖြူ တစ်ပိဿာ ၂၂၂၀ ကျပ်နဲ့ ဈေးနှုန်းအနည်းငယ် တက်ရိပ်ပြပြီး၊ နှမ်းဖြူတစ်ပိဿာ ၂၁၅၅ ကျပ်နဲ့ ဈေးနှုန်းအနည်းငယ်ကျ၍ နှမ်းနက်စမုံကတော့ ယခင်တစ် ပတ်အတိုင်းတစ်ပိဿာ ၃၆၇၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါ တယ်။ ရောင်းဝယ်မှုအခြေအနေကတော့ နှမ်းမျိုးစုံကို တစ်နေ့ အိတ် ၄၀၀၀ မှ အိတ် ၅၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန် ဝယ် လက်က တစ်ပိဿာကို ၂၃၇၅ ကျပ် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး ယခင် တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်ဖြစ်မှုက တစ်နေ့အိတ် ၆၀၀ မှ ၇၀၀ ခန့်သာရှိလို့ အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက် ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ CP ပြောင်းကို မန္တလေးဝယ်လက်က တစ်ပိဿာ ၄၄၅ ကျပ်နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ် အတိုင်းဈေးနှုန်းငြိမ်နေပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ အိတ် ၁၀၀၀ ခန့်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာပဲတီစိမ်းကြီး ဈေးနှုန်းမြင့်တက်သော်လည်း အရောင်းအဝယ်အေး

မုံရွာဈေးကွက်မှ ပဲတီစိမ်းကြီးကို ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၆၈၄ ကျပ် (တစ် တန်ကို ၁၀၃၁၂၆၄ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပါတယ်။ ယခင် တစ်ပတ်နဲ့နှိုင်းယှဉ်ရင်ဈေးနှုန်း အနည်းငယ်မြင့်လာပေမယ့် အရောင်းအဝယ် အေးနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၁၅ ကျပ် (တစ်တန်ကို ၁၄၁၇၆၈၂ ကျပ်)နဲ့ အရောင်းအဝယ် ဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက်ဈေးနှုန်းအနည်းငယ်ကျ ဆင်းပြီးအရောင်းအဝယ်အေးနေကြောင်းနဲ့ ကုလားပဲဖြူလုံးကြီး က ဈေးနှုန်းအနည်းငယ် မြင့်လာပြီး တစ်ပိဿာ ၂၀၃၆ ကျပ် (တစ်တန်ကို ၁၂၄၆၈၂၆ ကျပ်) နဲ့ ဒေသခံပဲခွဲစက်တွေက အဝယ် ရှိခဲ့ပေမယ့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက် ပဲစင်းငုံနီ၊ မတ်ပဲ ဈေးနှုန်း အနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး တစ်တန်ကို ၁၆၆၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက်ဈေးနှုန်းအနည်း ငယ်ကျကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေနဲ့ ယခင် တစ်ပတ်ထက်ဈေးနှုန်းကျဆင်းပြီး တစ်တန်ကို ၁၄၈၀၀၀၀ ကျပ် နဲ့ အိန္ဒိယဝယ်လက်က ပုံမှန်အဝယ်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးမှာ ပြောင်းဈေးကျ အရောင်းအဝယ်အေး

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်၊ မူဆယ်ဝယ်လက်တွေက အဝယ်ရှိပေမယ့်လည်း ဈေး နှုန်းအနည်းငယ်ကျတာနဲ့ တိရစ္ဆာန်အစာစပ်လုပ်ငန်းရှင်များရဲ့ ဝယ်ယူသိုလှောင်ထားနှုန်းကလည်း အများအပြားရှိပြီး ဖြစ်တာ ကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ တစ် ပိဿာကို ၄၂၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်ပတ် အတွင်းမှာ ပိဿာချိန် ၂၈၀၀၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးအနည်းငယ်ကျ အရောင်းအဝယ်အေး

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ပြည်ပအတွက်ဝယ်ယူ နေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၃၃၀ ကျပ် (တစ်တန်ကို ၁၄၂၆၈၆၈ ကျပ်) ဈေးဖြင့်အဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး အရောင်းအဝယ် ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၁၀၀ မှ ၁၅၀ ကြားသာအရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။ နှမ်းနီတစ်ပိဿာ ၁၉၄၅ ကျပ်၊ နှမ်း နက်တစ်ပိဿာ ၂၃၃၅ ကျပ်၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၃၄၄၅ ကျပ် ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်နေ့ကို နှမ်းမျိုးစုံ အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရ ပါတယ်။

××××××××××××××××

**"ပေါက်ပင်ဘာကြောင့်**
**ကိုင်းရတယ်၊**
**ဖျိုင်းနားလို့ ကိုင်းရတယ်၊**
**ဖျိုင်းဘာကြောင့် နားရတယ်၊**
**ငါးပေါ်လို့ နားရတယ်၊**
**ငါးဘာကြောင့် ပေါ်ရတယ်၊**
**မြွေကိုက်လို့ ပေါ်ရတယ်၊**
**မြွေဘာလို့ ကိုက်ရတယ်၊**
**ငါ့ဝမ်းပူစာမနေသာ၊**
**အစာရှာလို့ ကိုက်ရတယ်။**

ညီညီအောင်

ပြီးခဲ့သည့် မေလ ၂၉ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းမှာရှိတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးအဆောက်အအုံတွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ပတ်သက်သော အစည်းအဝေးတစ်ခု ကျင်းပဖြစ်ခဲ့သည်။

စီးပွား/ကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ ရုံးပိတ်ရက်ဖြစ်သော်လည်း တက်ရောက်သူတို့က အစည်းအဝေးခန်းမတစ်ခုလုံး ပြည့်နှက်နေသည်ကိုတွေ့ရသည်။

ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း၊ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း၊ ရန်ကုန်တိုင်းကုန်စည်ဒိုင်၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စသည်ဖြင့် အသင်းအဖွဲ့များကလည်း တက်ရောက်လာကြသလို အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတံတားဘက်မှ အရာထမ်းများ၊ မြန်မာ့မီးရထား စသည့် ဌာနဆိုင်ရာများလည်း တက်ရောက်ကြသည်။

လက်ရှိဖြစ်ပေါ်နေသည့် ဆိပ်ကမ်းများအတွင်း ကုန်သေတ္တာများကျပ်တည်းမှုကို အဓိကထားဖြေရှင်းကြရန်ဖြစ်သည်။ တက်ရောက်လာကြသူများမှာလည်း အစည်းအဝေးတိုင်းတွင် မကြာခဏဆိုသလို တင်ပြကြရသဖြင့် အကြောင်းအရာတို့မှာ မပြောင်းလဲဘဲ အပ်ကြောင်းထပ်နေလေသည်။

အစည်းအဝေး ကျင်းပသည့် နေရာသာ ပြောင်းသွားသည်။အစည်းအဝေးတက်ရောက်သူနှင့် တင်ပြချက်တို့မှာ အစည်းအဝေးမစခင်ကတည်းကပင် ကြိုသိနေကြပြီးဖြစ်သည်။ တက်ရောက်လာကြသူတချို့မှာလည်း လက်တွေ့လုပ်ကိုင်နေသူများ ပါဝင်သကဲ့သို့ မိမိလက်အောက်ဝန်ထမ်းများ၏ အစီရင်ခံစာများနှင့် စာရင်းဇယားများကို ကွန်ပျူတာရိုက်၊ ပရင့်ထုတ်၍တက်ရောက်လာကြသူတချို့လည်းပါသည်။ ဆုံးဖြတ်ချက်တစ်ခါတည်း ပေးနိုင်သူ (Decision Makers) များ တက်ရောက်မှုနည်းသည်ကို တွေ့ရသည်။

တက်ရောက်လာသည့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍအသီးသီးမှ အသင်းအဖွဲ့လုပ်ငန်း၊ ဌာနဆိုင်ရာများမှာ မိမိတို့ Time Line နှင့် မိမိတို့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများဖြစ်ကြသည်။

သွင်းကုန်ကုန်သေတ္တာဝင်ရောက်မှု ရုတ်တရက် များပြားလာသည့်အတွက် ဟန်ချက်မညီဖြစ်ကြရခြင်းဖြစ်သည်။

သကြားကုန်သေတ္တာများမှာ ဆိုင်းမဆင့် ဗုံမဆင့်ဆိုလို ကုန်သေတ္တာအလုံးပေါင်း မြောက်မြားစွာဝင်ရောက်လာကြသည်။ သတင်းအချက်အလက်အခြေခံသော နည်းပညာခေတ်တွင် ထိုကဲ့သို့သော ကုန်သေတ္တာများ အလုံးအရင်းနှင့် ဝင်ရောက်လာဖွယ်ရှိသည်ကို ကုန်သွယ်ရေးဌာနမှ ကုန်ပစ္စည်းအမျိုးအမည် အတိအကျမဟုတ်သော်လည်း ကြိုတင်၍အရိပ်အမြွက်မျှ သံချောင်းခေါက်သတိပေးသင့်သည်။ ကုန်စည်ပို့ဆောင်ရေးကဏ္ဍမှ ဆိပ်ကမ်း၊ အကောက်ခွန်၊ Forwarder၊ Customs Brokers ၊ Shipping Lines၊ ICD Container Yards များအတွက် ကြိုတင်ပြင်ဆင်ခွင့်ရပါက ယခုလောက် Port Congestive ပြဿနာ ကြီးထွားလာလိမ့်မည်မဟုတ်ဟု သုံးသပ်မိသည်။

ဆိပ်ကမ်းများမှာလည်း နေ့စဉ် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများဖြစ်သော ကုန်ချပြီးသော ကုန်သေတ္တာအခွံများ လက်ခံခြင်း၊အကောက်ခွန်စစ်ဆေးပြီးသော ထုတ်ကုန် ကုန်သေတ္တာများ လက်ခံချထားပေးခြင်း၊ ပြီးလျှင် သက်ဆိုင်ရာ သင်္ဘောပေါ်သို့ တင်ဆောင်ပေးခြင်း (Cargo Loading)၊ သွင်းကုန် ကုန်သေတ္တာများ သင်္ဘောပေါ်မှချထားခြင်း Discharging နှင့် Consignee သို့ ပြန်လည်ထုတ်ပေးခြင်း (Cargo Delivery)၊ Consolidated Cargo(LCL Cargo)များကိုလည်း ထုတ်ပေးခြင်း စသည့်လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရသည်။

အကောက်ခွန်မှလည်း နေ့စဉ် ထုတ်ကုန် သွင်းကုန် ကုန်သေတ္တာများကို စစ်ဆေးပေးနေရသည့်အပြင် ရုံးပိတ်ရက် စနေနေ့ပါအချိန်ပိုဖြင့်ထုတ်ပေးကြရသည်။ ယခုအခါ ၂၄ နာရီဝန်ဆောင်မှုကိုပါ ထပ်မံပေးနေကြရသည်။ ကုန်သေတ္တာကားများမှာလည်း နေ့ခင်းဘက် သွင်းကုန် ကုန်သေတ္တာများသိုလှောင်ရုံတွင်ချ၊ ညဘက် ICD သို့ ပြန်ပို့၊ ထုတ်ကုန် ကုန်သေတ္တာအခွံတင်သင်္ဘောတင်ဂိုဒေါင်သို့သွား၊ မနက်ပိုင်း Stuffing လုပ်၊ နေ့လယ်ဆိပ်ကမ်းဝင် စသည်ဖြင့်လည်ပတ်လျက်ရှိ၏။ အေးဂျင့်များမှာလည်း သွင်းကုန် ကုန်သေတ္တာများ တစ်ရက်ကြို မဲနှိုက်ရသဖြင့်မဲပေါက်ထားသော Green အလုံးများ၊ Yellow အလုံးများနှင့် Red အလုံးများနှင့်ပတ်သက်သော ကုန်သေတ္တာတင်အမိန့် (Movement Order) ကို ကုန်သေတ္တာ ကားဂိတ်သို့ ကြိုပေးထားရသည်။ ကုန်သေတ္တာကားဂိတ်က အဆင်ပြေသည့် ကုန်သေတ္တာကားဖြင့် အဆင်ပြေသည့်အချိန်တွင် ကုန်သေတ္တာများ လာရောက်တင်ပေးထားသည်။

သွင်းကုန် ကုန်သေတ္တာအခွံများ ကုန်သေတ္တာစခန်း (CY/CY) တွင် သွားရောက်ချထားချိန်ရောက်မှ မည်သည့်အချိန်က ကြိုတင်ရောက်နှင့်နေသည်လည်းမသိ။ ပြည့်ကျပ်လျက်ရှိသော ကုန်သေတ္တာအပုံကြီးများက ကုန်သေတ္တာကားအားစိန်ခေါ်လျက်ရှိသည်။ အကြောင်းမှာ ချထားစရာနေရာမရှိတာ မြင်လျက်နှင့် မောင်းလာသောကြောင့်ပင်ဖြစ်သည်။ ICD ကုန်သေတ္တာဝင်းများမှာလည်း နဂိုကတည်းက လက်ရှိနေရာ လက်ရှိ

”

**မိမိတို့စိုးရိမ်ရသည်မှာ ပွင့်လင်းရာသီရောက်၍ ထုတ်ကုန်သုံးဆ တင်ပို့လာသည့်အချိန်တွင် ကုန်သေတ္တာအခွံများကို စင်ကာပူမှတစ်ဖန် ပြန်လည်မှာယူကြရပေဦးမည်။**

အကျယ်အဝန်းဖြင့် ကုန်သေတ္တာအခွံလက်ခံဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်လာခဲ့၏။ လွန်ခဲ့သည့်ဆယ်စုနှစ်က ကုန်သေတ္တာ အဝင်ပမာဏနှင့်အံကိုက်။ အသွင်းရောအထုတ်ရော ညီမျှ (Balance) လျက်ရှိခဲ့သည်။

ထိုစဉ်ကလည်း သိုလှောင်ခနှုန်း (Storage Charges) ထားများမှာလည်း ယခုအတိုင်းပင်။ ယခုအချိန်ရောက်မှ ရုတ်တရက် ကုန်သေတ္တာတစ်လုံးချထားလျှင် တစ်ရက် ငါးဒေါ်လာဟု ရုတ်တရက် တိုးကောက်ပြန်လျှင်လည်း ဖောက်သည်ပျက်ရုံသာ ရှိပေမည်။ မည်သည့်နိုင်ငံကမှ သိုလှောင်ခ သက်သာ၍လာထားကြသည်မဟုတ်ပေ။ သင်္ဘောလိုင်းများကလည်း ပွင့်လင်းရာသီတွင် အပြိုင်အဆိုင်တင်ပို့ကြမည့်ထုတ်ကုန် ကုန်သေတ္တာများ စဉ်ဆက်မပြတ် ပို့ဆောင်နိုင်ရေးအတွက် ပြင်ဆင်ထားသည်လည်း ဖြစ်နိုင်သည်။

သို့သော် ယခုအချိန်တွင်ပြည်တော်ပြန်စီမံကိန်းအစီအစဉ်ဖြင့် သင်္ဘောအခေါက်တိုင်း ကုန်သေတ္တာအခွံများ ပြန်လည်တင်ပို့ပေးလျက်ရှိသဖြင့် အတော်အသင့် လျော့သွားသည်ကို တွေ့ရသည်။ မိမိတို့စိုးရိမ်ရသည်မှာ ပွင့်လင်းရာသီရောက်၍ ထုတ်ကုန်သုံးဆ တင်ပို့လာသည့်အချိန်တွင် ကုန်သေတ္တာအခွံများကို စင်ကာပူမှတစ်ဖန် ပြန်လည်မှာယူကြရပေဦးမည်။ ထိုအခါ သင်္ဘောကုန်တင်တန်ဆာခ (Freight Charges) မည်၍ မည်မျှကောက်ယူကြမည်ကို တွေး၍ရင်လေးမိ၏။

ကုန်သေတ္တာအများကြီး တင်သွင်းလာသော သင်္ဘောကြီးကို ကြည့်ပြန်တော့လည်း အပြစ်ကင်းစင်လျက်ရှိသည်ကို တွေ့ရသည်။ သင်္ဘောကြီးမှာ အခွံကြီးပင်ဖြစ်သည်။ သို့သော် သွင်းကုန်ကုမ္ပဏီများက ကုန်သေတ္တာများငှားရမ်း၍ သင်္ဘောတင်ကြခြင်းကြောင့်ပါလာခြင်းဖြစ်သည်။ ကုမ္ပဏီများဘက်ကိုကြည့်ပြန်တော့ လိုင်စင်ခွင့်ပြုချက်ယူ၍ တရားဝင်တင်သွင်းကြခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးရန် (Home Consumption) မဟုတ်သော သွင်းကုန်လိုင်စင်များ ဖောဖောသီသီ ချထားပေးသဖြင့် သင်္ဘောအခေါက်တိုင်း အခေါက်တိုင်းတွင် မချိမဆန့် တင်သွင်းလာကြခြင်းဖြစ်သည်။

ပြီးလျှင် Re-export ကုန်အဖြစ် နယ်စပ်ဒေသမှတစ်ဆင့်ပြန်လည်တင်ပို့ကြပေဦးမည်။ ကုမ္ပဏီများကိုလည်း ဆိပ်ကမ်းများတွင် ကုန်သေတ္တာကျပ်တည်းခြင်းကို ဖန်တီးသူဟု အပြစ်ပုံချရန်ခက်သည်။ သူတို့မှာလည်း နိုင်ငံတော်အတွက်အခွန်ငွေများ အပြည့်အဝပေးသွင်းခဲ့ကြရသည်။

ဆိပ်ကမ်းအတွင်း ကုန်သေတ္တာကျပ်တည်းမှုဖြစ်စဉ်ကို သေသေချာချာ လေ့လာကြည့်လျှင် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ စာရင်းဇယားအချက်အလက်များ၊ အညွှန်းကိန်းများ၊ နှစ်အလိုက်တင်သွင်းတင်ပို့မှု နှိုင်းယှဉ်ဇယားများနှင့် နိုင်ငံအတွင်းကုန်သေတ္တာလွင်ပြင်များ၌ ကုန်သေတ္တာအခွံလက်ခံနိုင်မည့် အရေအတွက်၊ ဆိပ်ကမ်းများ၌ လက်ရှိသုံးစွဲလျက်ရှိသော စက်ယန္တရားများ၏ မောင်းနှင်မှုစွမ်းအား၊ ကုန်သေတ္တာတင် မော်တော်ယာဉ်အရေအတွက် စုစုပေါင်း၊ အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်များ လုပ်ငန်းစွမ်းဆောင် ရည်ပြည့်ဝမှု စသည်တို့ကို သုတေသနပြုထားရန်လိုအပ်သည်ဟု သုံးသပ်မိသည်။

သို့မှသာလိုင်စင်သက်တမ်း သုံးလအတွင်း အနည်းဆုံးနှင့်အများဆုံး တင်သွင်းနိုင်မည့်ကုန်သေတ္တာအရေအတွက်ကို ခန့်မှန်းနိုင်မည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ချထားပေးမှုတွင် စနစ်တကျထိန်းချုပ်ဆောင်ရွက်သွားနိုင်ပေမည်။

အစည်းအဝေးများတွင် တက်ရောက်လာကြသူများမှာ ဌာနဆိုင်ရာများမှဖြစ်လျှင် တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချထားပေးနိုင်သူများ မဟုတ်သည်ကတစ်ကြောင်း၊ မိမိသဘောဖြင့် ဖြေလျှော့ပေးလိုက်ပြန်လျှင်လည်း တစ်စုံတစ်ခုပြဿနာဖြစ်ပေါ်လာပါက ယူရမည့်တာဝန်နှင့် ကျခံရမည့်ပြစ်ဒဏ်ကလည်း မသေးလှသည်ကတစ်ကြောင်းမို့ လက်ရှိကျင့်သုံးလျက်ရှိသော ဌာနတွင်းပြဌာန်းချက်များကိုဖက်တွယ်၍ အကြောက်အကန် ခုခံကြရလေသည်။

မိမိလုပ်ပိုင်ခွင့်ဖြင့် ဖြေလျှော့၍ရသည့်တိုင်အောင် မိမိစကားမိမိတာဝန်ယူရတော့မှာပါလားဟူသောအသိစိတ်က အတိတ်တစ္ဆေလို ခြောက်လှန့်လျက်ရှိသည်။ ပုဂ္ဂလိက ကဏ္ဍမှ ထုတ်လုပ်တင်ပို့ရောင်းချကြသော ကုမ္ပဏီများကလည်း မိမိတို့၏ချွေးနဲစာမှ နိုင်ငံတော်ကို အခွန်အခအပြည့်အဝထမ်းဆောင်ကြရသလို မိမိတို့လိုအပ်ချက်များကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းပေးသင့်သည်ဟု လက်ခံထားကြသည်။

ဤသို့ဖြင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ ပြုလုပ်ရ၍ အခက်အခဲ (Port Congestion) များဖြစ်ပေါ်နေသည့် ကိစ္စဆိုင်ရာ အစည်းအဝေးများကို မပြီးသေးသော ပန်းချီကားတစ်ချပ်အဖြစ် ဆက်လက်ရေးဆွဲလာခဲ့ကြ၏။ မိမိငယ်စဉ်က ကျောင်း၌ သင်ခဲ့ရသော ပေါက်ပင်နဲ့ ဖျိုင်းကဗျာကလေးကိုသွား၍ သတိရမိသည်။

ငယ်ငယ်ကတော့ ဆိုကောင်းကောင်းနဲ့ ဆိုခဲ့ကြသည်။ ဘာကိုဆိုလိုမှန်းမသိ။ ရေးတဲ့သူကလည်း ဘာကြောင့် ရေးခဲ့မှန်းမသိ။ ယခုဝမ်းစာရှာတဲ့အရွယ်ရောက်တော့မှ ကိုယ့်အတွေ့အကြုံကို အခြေခံပြီးဘက်လိုက်၍ စဉ်းစားမိသည်။

လောကတွင် သက်ရှိသတ္တဝါအားလုံး သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နေ့စဉ်အစာရှာကြရသည်။ မိမိအစာရရှိရေးအတွက် မြွေကဲ့သို့ကိုက်သင့်လျှင် ကိုက်ကြရပေမည်။ ခုခံပြောဆိုသင့်လျှင် ခုခံပြောဆိုကြရပေမည်။ ဆိပ်ကမ်းတစ်ခုမှ သူငယ်ချင်းတစ်ယောက်ပြောဖူးသည့်စကားကို မှတ်မှတ်ထင်ထင်သွားသတိရမိသည်။

**"ဆိပ်ကမ်းဖွင့်ထားတာ စီးပွားရေးလုပ်တာဗျ"**တဲ့လေ။

# ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ငန်းရှင်များသို့ အသိပေးဆွေးနွေး

ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ မေလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို မေ ၃၁ ရက်နံနက်က ကော့သောင်း ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အစည်းအဝေးမှာ စခန်းတာဝန်ခံ ဦးစံဖြိုးဝေ (လက်ထောက်ညွှန်ကြားရေးမှူး) က ကော့သောင်းစခန်း အနေနဲ့ မေလအတွက် ကုန်သွယ်မှုမှာ ၂၉ ရက်အထိ ပို့ကုန် ၄ ဒသမ ၃၀၂ ဒေါ်လာသန်း သွင်းကုန် ၄ ဒသမ ၇၃၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၉ ဒသမ ၀၃၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်တဲ့အတွက် လျာထားချက်အပေါ် ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ပို့ကုန်၊ သွင်းကုန်ပစ္စည်းများနဲ့ ပတ်သက်၍ ပို့ကုန်ပစ္စည်း ၁၂ မျိုးမှအပ အားလုံးတင်ပို့ခွင့်ရှိကြောင်း၊ တားမြစ်ထားတဲ့ပစ္စည်းများမှာ လယ်ယာထွက်ကုန် ပစ္စည်းများတွင် ပန်းနှမ်းဆီ၊ မုန့်ညှင်း၊ မုန့်ညှင်းဆီ၊ နေကြာ၊ နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ရေထွက်ပစ္စည်းများတွင် ပုစွန်ဖွဲ့၊ တွင်းထွက်ပစ္စည်းများတွင် ရွှေ၊ စိန်၊ ရေနံ၊ တိရစ္ဆာန်ထွက် ပစ္စည်းများတွင် ဆင်စွယ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနဲ့ ရှားပါး တိရစ္ဆာန်တို့ပါဝင်ကြောင်း၊ အဆိုပါ တားမြစ်ထားတဲ့ ပစ္စည်းများမှအပ ကျန်ပစ္စည်းများအားလုံး တင်ပို့ခွင့်ပြုထားကြောင်း၊ ဝန်ကြီးဌာနမှလည်း တင်ပို့ခွင့်ကိုထပ်မံ ဖြေလျှော့ခွင့်ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

သွင်းကုန်အနေနဲ့ အရက်၊ ဘီယာ၊ စီးကရက်နဲ့ တည်ဆဲဥပဒေများအရ ကန့်သတ်ထားသော ပစ္စည်းများမှအပ ကျန်ပစ္စည်းများအားလုံးကို တင်သွင်းခွင့်ပြုထားကြောင်း၊ ဓာတုဗေဒ ကုန်ကြမ်းပစ္စည်းများနဲ့ပတ်သက်ပြီး ထောက်ခံချက်လိုအပ်သောပစ္စည်း၊ ထောက်ခံချက် မလိုအပ်သော ပစ္စည်းများရဲ့ အမယ်စာရင်းကို ဝန်ကြီးဌာန အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပြီး သိရှိရပါက လုပ်ငန်းရှင်များအား အသိပေးကြေညာပေးသွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် လုပ်ငန်းသုံးယာဉ်/ ယန္တရားများ တင်သွင်းခွင့်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှာ ရပ်ဆိုင်းခဲ့ပြီး ၂၀၁၆ ခုနှစ် မေ ၂၃ ရက်မှာ စတင်ပြန်လည်တင်သွင်းခွင့်ပေးပြီးဖြစ်ကြောင်း၊ ပြည်တွင်းထွက် ကြက်သွန်နီများကို ပြည်ပတင်ပို့ရာမှာ ပို့ကုန်လိုင်စင် တစ်စောင်လျှင်တန် ၁၀၀ ထက်မပိုဘဲ တိုက်ရိုက် လက်ခံစိစစ်ခွင့်ပြုပေးသွားရန် ညွှန်ကြားထားကြောင်း၊ စားသုံးဆီကိုလည်းယခင်က နေပြည်တော်နဲ့ ရန်ကုန်ကသာခွင့်ပြုလိုင်စင် ထုတ်ပေးခဲ့ရာမှ ယခုအခါ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ် ကုန်သွယ်ရေး စခန်းများမှာပါ သွင်းကုန်လိုင်စင် လျှောက်ထားခွင့်ပြုထားကြောင်း၊ လုပ်ငန်းရှင်များအား အသိပေးပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ပြည်သူများရဲ့ မျှော်မှန်းချက်နဲ့ လိုအပ်ချက်များကို အမြန်ဆုံးထိရောက်စွာ ဖြေရှင်းပေးနိုင်ရန်၊ သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ် အစီအမံများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းအနေနဲ့ ပထမသုံးလအတွင်း ကုန်သွယ်ရေးစခန်းသို့ လာရောက် လုပ်ငန်းဆောင်ရွက်သူများ အလွယ်တကူ စုံစမ်း သိရှိနိုင်စေရန် ကုန်သွယ်မှုဆိုင်ရာ စုံစမ်းမေးမြန်းနိုင်တဲ့ ဌာနစိတ်ဖွင့်လှစ်ထားပြီး အလျင်အမြန် ဆောင်ရွက်ပေးခြင်း၊ အခက်အခဲများ၊ အကြံပြုချက်များကို အလွယ်တကူ တင်ပြနိုင်ရန် အကြံပြုလွှာပုံးများ ထားရှိခြင်း၊ နေ့စဉ် ဖွင့်ဖောက် မှတ်တမ်းထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ Facebook Account ဖွင့်လှစ်ထားပြီး မိမိကုန်သွယ်ရေးစခန်းရဲ့ လုပ်ငန်းဆောင်ရွက်ချက်များ ပြည်သူလူထုကို အသိပေးခြင်း၊ ပြည်သူလူထုရဲ့ အသံကို သိရှိအောင်ဆောင်ရွက်ပြီး အကြံပြုချက်များအပေါ် လိုအပ်သည်များ သုံးသပ်ဖြေရှင်းဆောင်ရွက်ခြင်း ၊ ကုန်သွယ်ရေးစခန်းရဲ့ ကြော်ငြာသင်ပုန်းတွင် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ ဥပဒေများကို အချိန်နဲ့ တစ်ပြေးညီ အသိပေးကြေညာခြင်း၊ ဆက်စပ်ဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ၊ လိုအပ်သည်များကို အထက်ဌာနသို့ အချိန်နဲ့ တစ်ပြေးညီတင်ပြ ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြောင်း ပြောကြားခဲ့ပါတယ်။

ခြောက်လအတွင်းမှာ ITC ကတ်နဲ့ ကုန်သွယ်မှုတိုးတက်စေရေးဆောင်ရွက်ခြင်း၊ အလားအလာရှိတဲ့ ကုန်စည်အမယ်သစ်များ ဖော်ထုတ်ခြင်း၊ Re-Export (သကြား၊ ကွမ်းသီး၊ စက်သုံးဆီ) များအပြင် အခြားဖြစ်နိုင်ချေရှိတဲ့ ကုန်စည်များကို ဒေသခံ ကုန်သည်အသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနဲ့ ပေါင်းစပ်ဖော်ထုတ်ပြီး အထက်ဌာနသို့ တင်ပြခြင်းများ ဆောင်ရွက်သွားရန် စီမံထားကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

## မော်တောင် ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ ကုန်သွယ်မှုပိုမို

မြန်မာ-ထိုင်းနယ်စပ်ရှိ မော်တောင်ကုန်သွယ်ရေးစခန်းမှာ ၂၀၁၆ ခုနှစ်မေလအတွင်း ပို့ကုန်ကန်ဒေါ်လာသုည ဒသမ ၁၁၆ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ဝ၄ဝ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်း ရရှိခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ဝဝ၉ သန်း၊သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ဝ၂၁ သန်း၊ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ဝ၃ဝ သန်းပိုမိုခဲ့ပါတယ်။ ယမန်နှစ်ကာလတူထက် ပို့ကုန်ကန်ဒေါ်လာသုည ဒသမ ၁ဝ၃ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ဝ၂၈ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၁၃၁ သန်းပိုမိုခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းမှာ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်၍ဖြစ်ပြီး သွင်းကုန်ပိုမိုရခြင်းမှာ လုပ်ငန်းသုံးနဲ့ လူသုံးကုန်ပစ္စည်း ပိုမိုတင်သွင်းနိုင်လို့ ဖြစ်ပါတယ်။ ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုရခြင်းမှာ ရေထွက်ကုန်နဲ့ စက်မှုကုန်ချောပိုမိုတင်ပို့နိုင်၍ဖြစ်ပြီး သွင်းကုန်ပိုမိုရခြင်းမှာ လုပ်ငန်းသုံးနဲ့ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်လို့ ဖြစ်ပါတယ်။

မော်တောင် ကုန်သွယ်ရေးစခန်းမှ မေလအတွင်း ကင်းမွန်၊ ငါးမျိုးစုံ၊ ကဏန်း၊သဲကဏန်း၊ကနုကမာ၊ငါးမှုန့်နဲ့ တံမြက်စည်းများ အများဆုံး တင်ပို့နိုင်ခဲ့ပြီး ပလတ်စတစ်ပစ္စည်း၊ ပေါင်းသတ်ဆေး၊ပန်းသီး၊လိမ္မော်သီးနဲ့ စပျစ်သီးတို့ အများဆုံး တင်သွင်းခဲ့ပါတယ်။ **ခင်မြနွယ်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၂၀ ကျော်နှင့် မြိတ်ကုန်သွယ်ရေးစခန်းမှငါးမှုန့် တန်သုံးရာနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၃၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေး ဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၄၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် တစ်ပတ်မှာ တင်ပို့နိုင်ခြင်း မရှိခဲ့ပါဘူး။

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ မေ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂ဝ၅ သန်းတန်ဖိုးရှိ ငါးမှုန့် ၂၈၄ တန်ကျော်တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တန် ၇၉ဝ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ် ကုန်သွယ်ရေးစခန်းတို့မှ မေ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၈၉၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃ဝ၉၂တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၇၇ဝ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန် ဒေါ်လာသုည ဒသမ ၁၃၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၂ တန်ကျော်၊ ကဏန်း ၂၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၄၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၁၉၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၃၂၃ တန်ကျော်၊ကင်းမွန် ၇၈ တန်ကျော်၊ပုစွန် ၅ တန်ကျော်၊ အခြား ရေထွက်ပစ္စည်း ၁၃ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၂ တန်ကျော်၊ ကဏန်း ၁ တန်ကျော်နဲ့ ရေဘဝဲ ၈၁၀ ကီလိုဂရမ်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၆၄ တန်ကျော် ပိုမို တင်ပို့ခဲ့ ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန် ဒေါ်လာ ၁ ဒသမ ၅၅၈ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၂၅၆ တန်ခန့်၊ငါးမှုန့် ၂၈၄ တန်ကျော်၊ ရေငန် ပုစွန် ၁၈ တန်ကျော်နဲ့ ကင်းမွန် ၂ တန် ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် နဲ့ နှိုင်းယှဉ်ပါက ၇၉ဝ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၄၇ တန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁ဝ၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂ဝ၁ သန်း တန်ဖိုးရှိ ဆီးဆန် ၄၇ တန်တင်ပို့နိုင် ခဲ့ပါတယ်။

ယခင် သီတင်းပတ်က မူဆယ် (၁ဝ၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၇၁ တန်ကျော် တင်ပို့ခဲ့တာမို့ ယခု သီတင်းပတ်မှာတော့ ဆီးဆန် ၂၄ တန် ကျော်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေး စခန်းမှ ယခုသီတင်းပတ်မှာဆီးဆန် တင်ပို့မှု မရှိသော်လည်း ကန်ဒေါ်လာ သုည ဒသမ ဝ၁၄ သန်း တန်ဖိုးရှိ ဆီးသီးခြောက် ၂၃ တန်နဲ့ဆီးယိုထုပ် တန် ၃ဝ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ထိုင်းနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်စနစ်များ

ချိုသက်မူ

ပြီးခဲ့အပတ်များက စင်ကာပူနိုင်ငံရဲ့ သွင်းကုန်လိုင်စင်စနစ်ကို ဖော်ပြခဲ့ပြီး ဒီတစ်ပတ်မှာတော့ အိမ်နီးချင်းထိုင်းနိုင်ငံရဲ့စနစ်ကို အသေးစိတ်တင်ပြသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ ပို့ကုန်သွင်းကုန်အချို့ပေါ်မှာ ထိန်းချုပ်ကုန်စည်များအနေနဲ့ လုံးဝပိတ်ပင်တဲ့ ကုန်စည်၊ ကန့်သတ်ကုန်စည်ဆိုတဲ့ ပုံစံများနဲ့ ထိန်းချုပ်တယ်လို့ သိရပါတယ်။ လုံးဝပိတ်ပင်တဲ့ ကုန်စည်ဆိုတာကတော့ ဘယ်လို အခြေအနေမျိုးမှာမှ တင်သွင်းခွင့်မပြုတဲ့ ကုန်စည်ကိုဆိုလိုပြီးတော့ ကန့်သတ်ကုန်စည်ဆိုတာကတော့ တင်သွင်းနိုင်ဖို့အတွက် ခွင့်ပြုချက်လိုအပ်တဲ့ ကုန်စည်ကိုဆိုပါတယ်။

ပိတ်ပင်ထားတဲ့ကုန်စည်ကို ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းသည်ဖြစ်စေ၊ ထိုင်းနိုင်ငံပြင်ပကို တင်ပို့သည်ဖြစ်စေ တားမြစ်ထားတဲ့ကုန်စည်ကို ဆိုလိုတာဖြစ်ပြီး တစ်စုံတစ်ဦးဦးဟာ အဲဒီတားမြစ်ထားတဲ့ကုန်စည်ကို တင်သွင်းခြင်းသော်လည်းကောင်း၊ တင်ပို့ခြင်းသော်လည်းကောင်း ပြုလုပ်မယ်ဆိုရင် သက်ဆိုင်ရာဥပဒေများအရ အပြစ်ပေးအရေးယူခြင်းခံရမှာဖြစ်တဲ့အပြင် အကောက်ခွန်ဥပဒေ B.E. 2469 ကိုလည်း ချိုးဖောက်တယ်လို့ ယူဆခြင်းခံရမှာဖြစ်ပါတယ်။ အဲဒီဥပဒေအရ ထိုင်းနိုင်ငံအတွင်းကို တင်သွင်းခြင်းမှ တားမြစ်ထားတဲ့ ကုန်စည်တွေထဲမှာ အောက်မှာဖော်ပြတဲ့ ကုန်စည်များလည်း ပါဝင်တယ်လို့ သိရပါတယ်-

- ညစ်ညမ်းတဲ့ အရာများ၊ စာပေများ၊ ပုံများ
- ထိုင်းနိုင်ငံတော်အလံပါတဲ့ပစ္စည်းများ
- ဘိန်း၊ ဘိန်းဖြူ၊ ကိုကင်း၊ မော်ဖင်း အစရှိတဲ့ မူးယစ်ဆေးဝါးများ
- ငွေ၊ အကြွေအတုအပများ
- တော်ဝင်တံဆိပ်၊ အစိုးရတံဆိပ်အတုများ
- IPR ချိုးဖောက်တဲ့ကုန်စည်များဖြစ်တဲ့ တိပ်ခွေ၊ CD, VDO၊ ကွန်ပျူတာဆော့ဖ်ဝဲလ်
- ကုန်သွယ်ရေးအမှတ်တံဆိပ် ကုန်စည်အတုများ

ကန့်သတ်ကုန်များကတော့ ဥပဒေအရ ကန့်သတ်တဲ့ ပို့ကုန်သွင်းကုန်များဖြစ်တဲ့အတွက် တင်ပို့တင်သွင်းဖို့အတွက် ဆက်စပ်အစိုးရဌာနများမှ ခွင့်ပြုချက်လိုအပ်ပါတယ်။ ဒါကြောင့် ခွင့်ပြုချက်မပါဘဲ ကန့်သတ်ကုန်ကို တင်သွင်းတင်ပို့မယ်ဆိုရင် သက်ဆိုင်ရာဥပဒေအရ အပြစ်ပေးခံရနိုင်ပါတယ်။

ထိုင်းနိုင်ငံ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပါမစ် သို့မဟုတ် လိုင်စင်စနစ်များနဲ့သွင်းကုန်ကို ထိန်းချုပ်ဖို့ကုန်စည် အဆင့်များကို သတ်မှတ်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့လည်း ထိန်းချုပ်မယ့်ကုန်စည်များကို ဖြေလျှော့မှုများလုပ်ခဲ့တဲ့တိုင် လက်ရှိမှာ စီးပွား/ကူးသန်းမှ သွင်းကုန်လိုင်စင်လိုအပ်တဲ့ ကုန်စည် အုပ်စု ၅၀ ကျော်ရှိပြီး အခါအားလျော်စွာ ဒီစာရင်းကို စီးပွား/ကူးသန်းရဲ့ အကြောင်းကြားစာနဲ့ထုတ်ပြန်ပြီး မကြာခဏ ပြောင်းလဲတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဒီကုန်စည်အုပ်စုတွေမှာ HS Code တွေနဲ့ ဖော်ပြတဲ့ အသေးစိတ် ကုန်စည်လိုင်းစာရင်းဘယ်လောက်အထိ ပါဝင်တယ်ဆိုတာကိုတော့ ပြည်တွင်းလုပ်ငန်းရှင်များအတွက် ကြေညာမှာဖြစ်ပေမယ့် WTO မှာ notify လုပ်ရာမှာတော့ အဲဒီအမျိုးအစားများကို အသေးစိတ်ဖော်ပြမထားပါဘူး။ ကန့်သတ်ကုန်များကို တင်သွင်းမယ်ဆိုရင် မတင်သွင်းမီ စီးပွား/ကူးသန်းမှာ သွင်းကုန်လိုင်စင်ကို ရယူရမှာဖြစ်ပြီး လိုင်စင်လျှောက်ထားရာမှာ ယေဘုယျအနေနဲ့ ရောင်းချသူရဲ့အမှာစာ(Supplier's Order)၊ အတည်ပြုချက်(Confirmation)၊ကုန်ပို့လွှာ (Invoice)နဲ့ အခြားလိုအပ်တဲ့ အထောက်အထားများနဲ့ အတူ တင်ပြရမှာဖြစ်တယ်လို့ သတ်မှတ်ထားပါတယ်။

ထိုင်းနိုင်ငံမှာ နိုင်ငံခြားသားလုပ်ငန်းရှင်များအနေနဲ့ တင်သွင်းခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို ထိုင်းနိုင်ငံရဲ့ The Foreign Business Act of 1999 အရ ကန့်သတ်ထားခြင်းမရှိတဲ့ စီးပွားရေးလုပ်ငန်းထဲမှာပါတဲ့အတွက် လုပ်ကိုင်ခွင့်ရှိတယ်လို့ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ နိုင်ငံခြားလုပ်ငန်းရှင်တစ်ဦးဟာ ထိုင်းနိုင်ငံသားရှယ်ယာ ၅၁ ရာခိုင်နှုန်း မပါဝင်ဘဲ သို့မဟုတ် ထိုင်းအစိုးရထံမှာ ခွင့်ပြုချက်လျှောက်ထားခြင်းမရှိဘဲနဲ့ ပို့ကုန်/သွင်းကုန်လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နိုင်တယ်လို့ဆိုပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေးဌာနမှ ကုန်စည်များစွာအတွက် သွင်းကုန်လိုင်စင်များကို ထုတ်ပေးလျက်ရှိပေမယ့်လည်း အခြားသော သွင်းကုန်လုပ်ငန်းများရဲ့မတူညီတဲ့ ရှုထောင့်များအရ မတူကွဲပြားတဲ့ ကုန်စည်များအတွက် သွင်းကုန်လိုင်စင်ကို အစိုးရဌာနအမျိုးမျိုးက ထုတ်ပေးတယ်လို့ သိရပါတယ်။ ဌာနအသီးသီးရဲ့ မူဝါဒများက ကုန်စည်တစ်မျိုးတင်သွင်းမှုအပေါ် ထိန်းချုပ်ခြင်းတွေမှာ ပါဝင်ပတ်သက်နေတဲ့အတွက် တင်သွင်းသူဟာ သက်ဆိုင်ရာဌာနများက သွင်းကုန်လိုင်စင်ရရှိဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။

ပြည်ပကုန်သွယ်ရေးဌာနက သွင်းကုန်လိုင်စင်လိုတဲ့ ကုန်စည်တွေသတ်မှတ်ရာမှာ ဥပမာအနေနဲ့ ကိန်းဂဏန်းအချက်အလက် စုဆောင်းဖို့ရည်ရွယ်ပြီး မချုပ်ရသေးတဲ့ အဝတ်အစားအပိုင်းအစများ၊ အများပြည်သူအကျိုးကို ကာကွယ်ဖို့အတွက် အသုံးပြုပြီး မော်တော်ယာဉ်များ၊ အသုံးပြုပြီး မော်တော်ဆိုင်ကယ်များ၊ ငွေစက္ကူအတုများထုတ်လုပ်ခြင်းမှ ကာကွယ်ဖို့ Intaglio printing machines သို့မဟုတ် Color copy machines များ ပါဝင်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် FDA က အများပြည်သူကျန်းမာရေးကို ကာကွယ်ဖို့အပြင် အမျိုးသားစီးပွားရေးလုံခြုံဖို့ရည်ရွယ်ပြီး ဆေးဝါး၊ ဓာတုပစ္စည်းများနဲ့ ဆေးဝါးထုတ်ကုန်များတင်သွင်းမှုကို ထိန်းချုပ်ပါတယ်။ ရွှေ တင်သွင်းဖို့ဆိုရင်တော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးလုံခြုံမှုကို ကာကွယ်ဖို့ အလို့ငှာ ဘဏ္ဍာရေးဝန်ကြီးဌာနမှာ လိုင်စင်လျှောက်ထားရမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

# မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းနည်းနေသော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆက်လက်ခိုင်မာအားကောင်းနေဆဲ

ဒေါက်တာထိန်လင်း (MYANTRADE)

ကောင်းမွန်သော မက်ခရိုစီးပွားရေးမူဝါဒများနှင့်အတူ လျှပ်စစ်မီးနဲ့ငွေရေးကြေးရေး လက်လှမ်းမီခြင်းစသော အခြေခံ ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာသည် အနာဂတ်ကာလတွင် ဆက်လက်ခိုင်မာမှုရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စုရဲ့ မေ ၃၁ ရက်က ထုတ်ပြန်လိုက်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ မက်ခရိုစီးပွားရေး တည်ငြိမ်ခဲ့ပြီးနောက် နှစ်နှစ်ကြာ စီးပွားရေးခိုင်ခိုင်မာမာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပိုမိုခက်ခဲသောစီးပွားရေးအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ် မေလထုတ် ကမ္ဘာ့ဘဏ်ရဲ့ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာအရ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပျမ်းမျှနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်း ရှိမယ်လို့ခန့်မှန်းထားခဲ့ပေမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ခုနစ်ရာခိုင်နှုန်းသို့ကျဆင်းခဲ့ရပါတယ်။ အဲဒီလိုကျဆင်းရခြင်းမှာ နိုင်ငံအတွင်း ရေကြီးရေလျှံခြင်းကြောင့် ရောင်းလိုအားတွင် သက်ရောက်မှုများရှိခဲ့ခြင်း၊ အထွေထွေရွေးကောက်ပွဲကာလအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များဝင်ရောက်မှုနည်းပါးခြင်း၊ ပြင်ပစီးပွားရေးဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်လုပ်ငန်းများကို ထိခိုက်စေခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ (၂၀၁၆) အရ ပထမကိုးလအတွင်းမှာ ယခင်နှစ်အလားတူကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရပါတယ်။ အဲဒီလို ကျဆင်းရခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြမှုကို ပိုမိုကြီးထွားလာစေပြီး ငွေလဲနှုန်းအပေါ် ဖိအားဖြစ်စေခဲ့ရပါတယ်။ ကျန်ရှိနေသေးတဲ့ အခြေခံအခက်အခဲများ၊ ငွေလဲနှုန်းကာလတို ဖိအားများကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာမှာ ငွေကြေးဖောင်းပွမှုရာခိုင်နှုန်း လျင်မြန်စွာမြင့်တက်ခဲ့ပြီး အမြင့်ဆုံး ၁၆ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သလို နိုင်ငံရေးပြောင်းလဲမှုများကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များကို အရှိန်လျော့စေခဲ့ပါတယ်။

မြန်မာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ မနှစ်က လျော့ကျသွားပေမယ့် မြန်မာနိုင်ငံသားတွေအတွက် အပြောင်းအလဲနဲ့ ဖွံ့ဖြိုးရေးအတွက် အင်အားကောင်းတဲ့ မောင်းနှင်အားတစ်ခုအနေနဲ့ တည်ရှိနေပါသေးတယ်။ "အစိုးရအနေနဲ့ ယခုဆောင်ရွက်နေတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ဖို့ ဆက်လက်အာရုံစိုက်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းပါတယ်" လို့ကမ္ဘာ့ဘဏ်ရဲ့မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ် Abdoulaye Seck က ဆိုပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရောင်းလိုအား ကျဆင်းမှုမှ စီးပွားရေး ပြန်လည်ကောင်းမွန်လာခြင်းနဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပြန်လည်မြင့်တက်လာခြင်းတို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့ ပုံမှန်ဈေးနှုန်းအရ ဂျီဒီပီသည် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မယ်လို့ ခန့်မှန်းထားပြီး ကာလလတ်မှာတော့ တစ်နှစ်လျှင် ပျှမ်းမျှအားဖြင့် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာဖို့ ခန့်မှန်းထားတယ်လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။ စိုက်ပျိုးရေး ကဏ္ဍမှာ ကာလတိုအတွင်း ပြန်လည်ဦးမော့လာပြီး ရင်းနှီးမြှုပ်နှံသူများရဲ့ ဝန်ဆောင်မှုလိုအပ်ချက်၊ အခြေခံအဆောက်အအုံ တည်ဆောက်မှုများဟာ တိုးတက်မှု အတွက် အဓိကမောင်းနှင်အားများ ဖြစ်ဖို့ကိုလည်း မျှော်မှန်းထားပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာမှာ ခိုင်မာအားကောင်းနေဆဲဖြစ်သော်လည်း ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပေါ်ပေါက်လာမယ့် ဖိအားများဖြစ်တဲ့ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ ကျဆင်းခြင်း၊ ပြင်ပစီးပွားရေးဝန်းကျင်အခြေအနေ အခက်အခဲများနဲ့ ဘတ်ဂျက်လိုငွေများကို ကောင်းမွန်သော မက်ခရိုစီးပွားရေးမူဝါဒများနဲ့ အဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုများနဲ့ ကူညီနိုင်ပါတယ်လို့လည်း မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အဲဒီမူဝါဒများဟာ ကာလတိုအတွင်း စီးပွားရေးတည်ငြိမ်မှုအတွက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုသုံးစွဲခြင်းကို ထိန်းညှိပေးဖို့ဖြစ်ပါတယ်။

"လက်ရှိ အခွန်ကြီးကြပ်ခြင်းနဲ့ မူဝါဒပြုပြင်ပြောင်းလဲခြင်း၊ ပိုမိုထိရောက်တဲ့ ဘတ်ဂျက်သုံးစွဲခြင်းတို့ဟာ မြန်မာနိုင်ငံရဲ့ မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို အထောက်အကူ ဖြစ်စေပြီး အစိုးရဟာလည်း ပြည်သူ့ဝန်ဆောင်မှုများကို ပိုမိုလုပ်ဆောင်လာနိုင်စေမှာ ဖြစ်ပါတယ်" လို့ ကမ္ဘာ့ဘဏ်ရဲ့အရှေ့အာရှနဲ့ ပစိဖိတ်ဒေသ မက်ခရိုဘဏ္ဍာရေးလုပ်ငန်းများဆိုင်ရာ မန်နေဂျာ Mathew Verghis က ဆိုပါတယ်။

ယခင်နှစ်ရဲ့ စိုက်ပျိုးရေးကဏ္ဍထွက်ကုန် ရောင်းလိုအားကျဆင်းမှုပြန်လည် ဦးမော့လာတဲ့အတွက် ငွေကြေးဖောင်းပွမှုဖိအားလျော့ကျလာဖို့ မျှော်မှန်းပြီး နိုင်ငံတကာ ကုန်ပစ္စည်းဈေးနှုန်းများ နိမ့်ပါးနေတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ဖို့ ခန့်မှန်းထားပါတယ်။ ကာလလတ်အတွင်းမှာ ဘတ်ဂျက်လိုငွေဟာ ဂျီဒီပီရဲ့ပျမ်းမျှ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပြီး အစိုးရဝင်ငွေဟာ ဂျီဒီပီရဲ့ပျမ်းမျှ၁၄ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ကာလလတ်မှ ကာလရှည်တွင် ကုန်ထုတ်လုပ်မှုနဲ့ ကုန်စည်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများဟာ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ မောင်းနှင်အားများအဖြစ် အခွင့်အလမ်းကောင်းများ ဆက်လက်ပိုင်ဆိုင်ထားပါတယ်။

အဆိုပါမြန်မာ့စီးပွားရေးစောင့်ကြည့် အစီရင်ခံစာရဲ့ မူဝါဒမှာ စောင့်ကြည့်ခြင်း ကဏ္ဍဟာ လျှပ်စစ်မီးရရှိရေးနဲ့ နိုင်ငံတော်ပိုင် ဘဏ်များ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြောင်းအရာများကို ရွေးချယ်စိစစ်ထားပြီး မြန်မာ့စီးပွားရေးလေ့လာစောင့်ကြည့်ခြင်းအစီရင်ခံစာကို http://bit.ly//1WQemlo မှာ ကြည့်ရှုနိုင်ပါတယ်။ အခြားအချက်အလက်များ ထပ်မံလိုအပ်လျှင်လည်း http://www.worldbank.org./myanmar နဲ့ http://www.facebook.com/WorldBank-Myanmar/ တို့မှာ ဖတ်ရှုနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

GLOBAL WORLD INSURANCE CO.,LTD

# သင်နှင့်သင့်ပိုင်ဆိုင်မှုများအတွက် စိုးရိမ်နေသလား ဂလိုဘယ်ဝေါ(လ်) မှာ အာမခံထား

We always with you.

ရုံးချုပ်
ရွှေသရဖီရိပ်မွန်၊ အမှတ်(၃၇) ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၃၀၇၇၃၊ ၅၃၀၇၇၄၊ ၅၃၀၇၇၈၊ ဖက်(စ်) - ၀၁ - ၅၃၀၆၆၅

ရန်ကုန်ရုံးခွဲ
အမှတ်(၁၃၃-၁၃၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၇၉၇၀၀၃၀၀၂

မန္တလေး
အမှတ် (၈၆)၊ ၆၂ လမ်း၊ ၃၄ x ၃၅ ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ - ၇၉၆၅၂၇၃၀၁၊ ဖက်(စ်) - ၀၂ - ၆၅၆၁၂

မကွေး
အမှတ် (၁၁-၁၂) တိုင်း(အေး/ကာ)တိုက်တန်း၊ ရန်ကျော်ရပ်၊ မကွေးမြို့။
ဖုန်း - ၀၉ - ၂၅၄၇၅၁၃၆၉

- အသက်အာမခံ (Life Insurance)
- မီးအာမခံ (Fire Insurance)
- အလုံးစုံမော်တော်ယာဉ်အာမခံ (Comprehensive Motor Insurance)
- ငွေသားလုံခြုံမှုအာမခံ (Cash In Safe Insurance)
- ငွေပို့ငွေသယ်အာမခံ (Cash In Transit Insurance)
- သမာဓိအာမခံ (Fidelity Guarantee Insurance)
- အထူးခရီးသွားအာမခံ (Special Travel Insurance)
- ကျန်းမာရေးအာမခံ (Health Insurance)
- ရေကြောင်းကုန်ပစ္စည်းအာမခံ (Marine Cargo Insurance)

**Hot Line : 09 - 33087771, 33087774, 793087771**

MADE IN ITALY

PEDROLLO
... the spring of life

## အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး




## Uni Trade Yangon Limited

Contact - 26, Pyay Road, 7 Mile, Mayangone Township, Yangon, Myanmar
Tel: 951-653339, 653448, 666177 Fax: 951-663524
Email-uamutm@myanmar.com.mm

KYN **KAUNG YA NANT** SYN
INTERNATIONAL TRADING CO.,LTD.

## SWAN YA NANT CO., LTD.



No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/nmoks.sms@gmail.com
WEBSITE: www.kaungyanant.com

RGS **Royal Greensmart Co.,ltd**

## ဩဂဲနစ်ဓာတ်မြေဩဇာ

KYN
KAUNG YA NANT INTERNATIONAL TRADING CO.,LTD

SYN
SWAN YA NANT CO.,LTD

No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/naymyooo.kyn@gmail.com
WEBSITE: www.kaungyanant.com


AGRO MYANMAR 2016
မြန်မာ့ နိုင်ငံတကာ စိုက်ပျိုးရေး နှင့် ပတ်သက်သော
ဓာတုပစ္စည်းများဆိုင်ရာ ကုန်စည်ပြပွဲ နှင့် ဟောပြောပွဲအခမ်းအနား
ဇွန်လ ၈ရက် နှင့် ၉ရက်၊ ၂၀၁၆ခုနှစ်
မြန်မာကွန်ဗင်းရှင်းစင်တာ၊ MCC ခန်းမ၊ ရန်ကုန် ၊မြန်မာ
ဖွင့်ချိန် မနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ
ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ထုတ်လုပ်ဖြန့်ဖြူးသည့်
ကုမ္ပဏီများ အပါအဝင် စိုက်ပျိုးရေးသုံး စက်ပစ္စည်းဆိုင်ရာ ထုတ်လုပ်ဖြန့်ချိသော နိုင်ငံပေါင်း
၁၅ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၀ ကျော်တို့က ဝင်ရောက်ပြသကြမည့် ပြပွဲကြီး
----- ဟောပြောပွဲ ခေါင်းစဉ်များ -----
- တရုတ်နိုင်ငံတွင် စိုက်ပျိုးဓာတု ထွက်ကုန်များ၏ ယေဘုယျကို လေ့လာခြင်း။
- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာမှု၊
- မြန်မာနိုင်ငံတွင်း ထုတ်ကုန်များ စာရင်းသွင်းခြင်း။
- အရှေ့တောင်အာရှ နိုင်ငံများအတွင်း ဓာတ်မြေဩဇာ သုံးစွဲမှု၊
- စိုက်ပျိုးရေး ဓာတုပစ္စည်းများ ရောင်းချခြင်း ကွန်ရက်ကို မိတ်ဆက်ပေးခြင်း။
- သီရိလင်္ကာနိုင်ငံတွင် ပိုးသတ်ဆေးထုတ်ကုန်ပစ္စည်းများ မှတ်ပုံတင်ခြင်း နှင့် ဈေးကွက်အကြောင်း။
- မြန်မာ့ဓာတ်မြေဩဇာဈေးကွက်ကို မိတ်ဆက်ခြင်း။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သီးနှံဖြန့်ဖြူးခြင်း နှင့် ပိုးသတ်ဆေးထုတ်ကုန်များ မှတ်ပုံတင်ခြင်း။
8–9 June 2016
Myanmar Convention Center (MCC)
YANGON, MYANMAR
အီးမေးလ် - jasmine.ttm@veas-exhibitions.com/ jasmine.veas@gmail.com
ဖုန်းနံပါတ် ၀၉-၄၂၀၀၂၅၆၄ (Ms.Jasmine)
ထံသို့ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ကံစမ်းမဲ အစား လာရောက်လည်ပတ်သူများကို
တစ်ရက်လျှင် လက်ဆောင် အခု၅၀၀ ပေးမည့်အစီအစဉ်။
www.agriculture-exhibition.com/agro-myanmar-a90.html
www.myanmar.agrochemexworld.com
စီစဉ်သူ
CCPIA
CNCIC
VEAS
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဓမ္မမြေဩဇာနှင့် ထည့်ပြောင်းမရကြီးဌာန
ထောက်ပံ့ထားသူများ
MFVP
PMBAI
AGROW
ထောက်ပံ့သူ
MIO
OCC
မီဒီယာပံ့ပိုးပေးသူများ
THE Farmer


SUZUKI
Authorized Dealer
MM S
MYO MOTOR
Car Sale Center
SUZUKI
ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅
Email:myomotor@gmail.com
FIT twist
FIT twist
MM S

## ပြောင်း

### စခန်းစုံမှပြောင်းတင်ပို့

မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၂၁၉ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၈၀၀ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၂၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၈၀၅ တန်ကျော်၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၅၁၉ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၈၇ တန်ခွဲကျော် အသီးသီးတင်ပို့နိုင်ခဲ့ပါတယ်။ယခုတစ်ပတ် မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ ပြောင်းတစ်ပိဿာကို ၆၈-၇၇ ကျပ်ရှိပြီး ယခု တစ်ပတ်အတွင်း ကုန်ပစ္စည်း သယ်ပို့ကားခများမှာ မြင့်တက်လျက်ရှိတယ်လို့ မန္တလေးကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**မြင့်မြင့်မာ**

### တောင်ကြီးဈေးကွက် ပြောင်းအရောင်းအဝယ်အေး

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ရှမ်းပြောင်းက ပုံမှန်အဝင်ရှိနေပြီး အရောင်းအဝယ်အေးနေပါတယ်။ ပြည်ပဝယ်လက်မရှိဘဲ ပြည်တွင်းသုံးတွေသာ ရှိတယ်လို့လည်း သိရပါတယ်။ ရေသွင်းပြောင်းသစ်တွေလည်း အနည်းအကျဉ်း တော့ဝင်လာပေမယ့် လှောင်လက်တွေဆီမှာ အဟောင်းလက်ကျန်တွေလည်း ရှိနေတော့ အဟောင်းတွေသာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ တိရစ္ဆာန်အစာစပ်အတွက် အစာစပ်စက်ရုံ CP ကုမ္ပဏီကတော့ ဒီနှစ်ရဲ့ သတ်မှတ်ချက်ပြည့်သွားတာကြောင့် ဝယ်ယူအားကိုလည်း လျော့ချလိုက်လို့ အရောင်းအဝယ်ကအေးသွားကြောင်း သိရပါတယ်။ မူဆယ်ဝယ်လက်တွေကတော့ သယ်ပို့စရိတ်နည်းတဲ့ ရှမ်းမြောက်ကပြောင်းတွေကိုသာ အဓိကဝယ်ယူတာကြောင့် ရှမ်းတောင်ပြောင်းက အရောင်းနည်းနည်းပြန်အေးလာတယ်လို့လည်း ဆိုပါတယ်။ အစာစပ်ကုမ္ပဏီတွေကတော့ ဝယ်ရမယ့်ပမာဏကပြည့်သွားပေမယ့် အနည်းအကျဉ်းတော့ဝယ်ယူနေပါတယ်။ ပြည်တွင်းသုံးအတွက်သာဝယ်ယူမှုရှိနေပေ မယ့် တစ်ပတ်အတွင်းမှာ ပြောင်းပိဿာချိန်ပေါင်းလေးသိန်းရှစ်သောင်းခန့်တော့ အရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာပေါက်ဈေးကျပ် ၄၂၅ မှ ကျပ် ၄၃၀ ဈေးရှိတယ်လို့ သိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

## သကြား

### သကြားဈေးကွက် တရုတ်အဝယ်လိုက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်းကန်ဒေါ်လာ ၁၆ ဒသမ ၇၆၃ သန်းတန်ဖိုးရှိ သကြားဖြူ ၂၉၈၇၃ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၇၂ သန်းတန်ဖိုးရှိသကြားဖြူ တန်၁၃၀ တင်ပို့နိုင်ခဲ့ပါတယ်။မေ ၁ ရက်မှ ၂၀ ရက်အတွင်းမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူ ၁၃၂၆၄၄ တန် ကျော် တင်ပို့ခဲ့ပြီး လွယ်ဂျယ်စခန်းမှ ယခုသီတင်းပတ်မှစတင် တင်ပို့နိုင်တာတွေ့ရပါတယ်။ တရုတ်ဝယ်လက်ရှိချိန်ဆိုရင် မန္တလေးဈေးကွက်မှာ တစ်ရက်လျှင်သကြားပိဿာဝင် အိတ်ရေ ၄၀၀၀ ကျော်ခန့် တင်ပို့နိုင်ပြီး ပြည်တွင်းအတွက်စားသုံးရန် လုံလောက်တာကြောင့် ယခုလို ပြည်ပသို့ တင်ပို့နိုင်ကြောင်းနဲ့ တရုတ်နိုင်ငံသို့သကြားကို အကြမ်းရောအနုပါ ပို့ရတော့ အဆင်ပြေတယ်လို့ မြန်မာနိုင်ငံသကြားဒိုင်မှ သိရပါတယ်။

**မြင့်မြင့်မာ**

## ဝဥ

### ဝဥခြောက် တန် ၆၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၁၁ သန်းတန်ဖိုးရှိ ဝဥခြောက် တန် ၆၀ ကျော်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က ဝဥခြောက် ၃၅ တန်ကျော်သာတင်ပို့ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာ ၂၅ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မေ ၁ ရက်မှ ၂၇ ရက်အထိ ကန်ဒေါ်လာ သုည ဒသမ ၃၄၉ သန်း တန်ဖိုးရှိဝဥခြောက် ၁၈၉ တန်ကျော် တင်ပို့ခဲ့ပြီး ဖြစ်ပါတယ်။ဝဥကို မန္တလေးမှ မူဆယ်မြို့၊မူဆယ်မှတစ်ဆင့် တရုတ်ဈေးကွက်သို့ ပုံမှန်တင်ပို့နေရတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

ဈေးကွက်အသင့်အတင့်ရှိပြီး ဈေးနှုန်းလည်းကောင်းမွန်တဲ့ ဝဥစိုက်ပျိုး ထုတ်လုပ်မှုကို ယခုထက် ပိုမိုတွင်ကျယ်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် ဝဥစိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှရော်ဘာပုံမှန်တင်ပို့

ကုန်သွယ်ရေးစခန်းများမှ မေ ၂၁ ရက် မှ ၂၇ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၄၃၀ သန်းဖိုးရှိ ရော်ဘာ ၁၃၀၃ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 တန် ၃၇၀၊ MSR-20 တန် ၆၀၀၊ MSR-50 တန် ၂၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS-3 ၃၂ တန်ကျော်၊ ကန်ပိုက်တီးစခန်းမှ RSS-5 တန် ၁၀၀တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်ကလည်း ကုန်သွယ်ရေးစခန်းများမှ ၁၃၀၃ တန်တင်ပို့ခဲ့တဲ့အတွက် ပုံမှန်အပို့ရှိတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ RSS-3 တစ်တန်ကို ၁၆၀၉၉၈၂ ကျပ်ရှိပါတယ်။ ယခင်တစ်ပတ်က ၁၅၉၅၆၃၃ ကျပ်သာရှိတဲ့အတွက် ဈေးအနည်းငယ်တက်လာပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်းဖိုးရှိ ရော်ဘာတန် ၁၄၀ ကျော်ကို တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့RSS-3 တန် ၆၀ နဲ့ စင်ကာပူနိုင်ငံသို့MSR-20 TSR တန် ၈၀ ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၆၇ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျသိပ်မရှိဘဲ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။ အသင်းမှ ထုတ်ပြန်ထားတဲ့ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၇၀-၁၂၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |



**ယဉ်ယဉ်အေး**

### ပရဆေးကုန်ကြမ်းတန်တစ်ထောင်ကျော်တင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ နောက်ဆုံးရက်သတ္တပတ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၂၆၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၁၁၈၄ တန်ခွဲကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ ဖန်ခါးသီးခြောက်၊တောချင်း၊ ဝဥခြောက်၊ မာလာဥခေါင်း ၊ ကြောင်လျှာစေ့၊ နနွင်းခေါင်း၊ နေလဲစေ့၊ဒရင်ကောက်မြစ်၊ကွမ်းစား ဂမုန်းတို့ ဖြစ်ပါတယ်။

**မြင့်မြင့်မာ**

### စာမျက်နှာ- ၁၂ - မြန်မာ့ကြံလုပ်ငန်း . . . မှ အဆက်

အခုအခါမှာ ဥရောပ သမဂ္ဂ(အီးယူ)ဟာ မြန်မာ့သကြားကို သက်သာတဲ့ အကောက်ခွန်နှုန်းထား သတ်မှတ်ကာ တင်ပို့ခွင့်ပြုထားပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆိပ်ကမ်းကောင်းများ တိုးချဲ့လာပြီဖြစ်၍ ပြည်ပသို့တင်ပို့ရာမှာ တင်ပို့စရိတ်သက်သာမယ့် အခွင့်အလမ်းများ ရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သကြားကြမ်းထုတ်လုပ်တဲ့ စက်ရုံနည်းပါးနေသလို ကုန်ကြမ်းရရှိမှု နည်းပါးတဲ့အတွက် လုပ်ငန်း လည်ပတ်နိုင်ခြင်းမရှိတဲ့စက်ရုံတွေလည်း အများအပြားရှိနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံပင်လျှင် သကြားသန့်စင်စက်ရုံများကို တည်ထောင်နေတာကို တွေ့ရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ပြည်တွင်း မှကုန်ကြမ်းထွက်ရှိမှု နည်းပါးသဖြင့် ပြည်ပမှ သကြားကြမ်းများကို တင်သွင်းပြီး သကြားချောအဖြစ် ပြည်ပသို့ ပြန်လည်တင်ပို့နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဈေးကွက်မှာ ဝယ်လိုအား မြင့်မား လျက်ရှိတဲ့ သကြားကြမ်းကိုပင်လျှင် ပြည်ပတင်ပို့နိုင်ဖို့ဝေးစွ၊ ပြည်တွင်း သုံးစွဲမှုအတွက် ဖူလုံလောက်ငအောင်ပင် စိုက်ပျိုးထုတ်လုပ် နေကြရပါတယ်။ ဒီလိုဖြစ်ရတာဟာလည်း အခြေခံအဆောက် အအုံ တွေဖြစ်တဲ့ ကုန်ထုတ်လမ်းများ၊ ကားလမ်းများစတဲ့ အခြေခံ လိုအပ်ချက်တွေ ပြည့်စုံမှုမရှိတဲ့အတွက် သယ်ယူပို့ဆောင်မှုစရိတ်မြင့်မားကာ ထုတ်လုပ်မှုစရိတ်ကလည်း မသက်သာတဲ့အခြေအနေ တစ်ရပ်ကို ရောက်ရှိနေကာ ပြည်တွင်းသကြားဈေး မြင့်တက်မှုနဲ့ ရင်ဆိုင်နေ ရပါတယ်။

ပို့ကုန်သကြား တိုးတက်ရေးအတွက် ကြံအထွက်တိုးရေးဟာ အဓိကကျပါတယ်။ ဒါကြောင့်လည်း ကြံစိုက်တောင်သူများအနေနဲ့ သမားရိုးကျ စိုက်ပျိုးမှုပုံစံမှ စက်မှုလယ်ယာ စီးပွားရေးစနစ်ပုံစံသို့ ပြောင်းလဲကျင့်သုံးမှသာ စက်ရုံနဲ့တွဲဖက်ပြီး ကန်ထရိုက်ကြံ စိုက်ပျိုးရေးကို စနစ်တကျ အောင်မြင်စွာ ကျင့်သုံးနိုင်မှာ ဖြစ်ပါတယ်။ စက်ရုံ အရွယ်အစားတိုးချဲ့လာတာနဲ့အမျှ ကြံစိုက်ဧကကိုပါ တိုးချဲ့စိုက်ပျိုးပြီး မြန်မာ့ကြံ၊ သကြားလုပ်ငန်းရဲ့ ထုတ်ကုန်ကို ဆန်စပါး၊ ပဲမျိုးစုံ၊ ရော်ဘာ တို့ကဲ့သို့ အမျိုးသားမဟာဗျူဟာ ပို့ကုန်စာရင်းဝင်ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ အခြေအနေမျိုးဖြစ်အောင် ပြုလုပ်ရမှာဖြစ်ပါတယ်။

ကြံကိုစိုက်ပျိုးထုတ်လုပ်ရာမှာ အသေးစားကြံ ကြိတ်ဝါးမှုလုပ် ငန်းရှင်နဲ့ ကြံစိုက်တောင်သူများ အနေနဲ့ သဘာဝရေမြေတော တောင်ကို ထိန်းသိမ်းနိုင်တဲ့ ဂေဟာစနစ်ဖြင့် အော်ဂဲနစ်ကြံ သကာနဲ့ ကြံ သကြားထုတ်လုပ်၍ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ပါက စိုက်ပျိုးရေးနဲ့ စက်ရုံထုတ်လုပ်မှုလုပ်ငန်းအတွက် အကျိုးအမြတ်ကြီးစွာ ရရှိနိုင်မှာဖြစ်ပါတယ်။

ကြံတောင်သူများ၊ သကြားထုတ်လုပ်သူ လုပ်ငန်းရှင်များနဲ့ နိုင်ငံတော်အစိုးရတို့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာ့ကြံနှင့် သကြားလောကကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပြီး အနာဂတ် မျှော်မှန်းချက်များ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် အခြေခံကြံသကြား ဥပဒေ ပေါ်ပေါက်လာပါက ကြံ၊ သကြားလောကသားတို့၏ အကျိုးစီးပွားကို လည်း ကာကွယ်ပေးနိုင်လိမ့်မယ်လို့ ကြံလောကသားများက ယုံကြည်လျက်ရှိကြပါတယ်။

# MPT နှင့် ဖေ့စ်ဘုတ်တို့ ပူးပေါင်း၍ MPT သုံးစွဲသူများအား ဖေ့စ်ဘုတ်အခမဲ့အသုံးပြုခွင့်ကို ဇွန်လ ၆ ရက်မှ စတင်လုပ်ဆောင်မည်




MPT နှင့် ဖေ့စ်ဘုတ်တို့ ပူးပေါင်း၍ MPT သုံးစွဲသူများအား ဖေ့စ်ဘုတ်အခမဲ့သုံးစွဲခွင့်ကို ဇွန်လ ၆ရက်မှစတင်အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း ဇွန်လ ၂ ရက်က Park Royal ဟိုတယ်တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် အင်တာနက်အသုံးပြုခပေးစရာမလိုသော ဖေ့စ်ဘုတ်၏ ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Facebook Flex နှင့် Facebook Basics တို့ကို ဇွန်လ ၆ ရက်မှ စတင်အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ဆွေသဟာအစီအစဉ်ကို ရယူသုံးစွဲနေသူများအားလုံး ရယူခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည်ဖေ့စ်ဘုတ်၏ရည်ရွယ်ချက်တစ်ခုဖြစ်သည့် လူအများ အပြားကို အင်တာနက်အွန်လိုင်းအသုံး ပြုနိုင်စေရေးအတွက် အဓိကကျသည့် စတင်မှုတစ်ခုဖြစ်သည်။

Facebook Flex ကို အသုံးပြုသူများသည်ပုံစံနှစ်မျိုး(အခမဲ့ပုံစံနှင့်ဒေတာအသုံးပြုပုံစံ)ကို ကူးပြောင်း အသုံးပြုနိုင်မည်ဖြစ်ပြီး အခမဲ့အစီအစဉ်တွင် စာများတင်နိုင်ခြင်း၊ ကွန်မန့်ပေးနိုင်ခြင်း၊ လိုက်ခ်ပြုလုပ်နိုင်ခြင်းနှင့် အခမဲ့ စာရိုက်စကားပြောနိုင်ခြင်းတို့ကို ပြုလုပ်နိုင်သော်လည်း ဓာတ်ပုံနှင့်ဗီဒီယိုဖိုင်များကိုမူ ကြည့်ရှုနိုင်မည်မဟုတ်ပေ။

MPT အသုံးပြုသူများသည် Facebook Flex နှင့်အတူ Free Basis ကိုပါ အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။Free Basics တွင် ဝက်ဘ်ဆိုက်များကို အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့် အလမ်းနှင့်ဘဏ္ဍာရေးဆိုင်ရာအကြောင်း အရာများပါဝင်သောဝန်ဆောင်မှု ၃၅ မျိုးကို ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"Facebook နဲ့ပူးပေါင်းပြီးလုပ်ဆောင်တဲ့ဒီအစီအစဉ်ဟာ မြန်မာပြည်သူပြည်သားတွေကို အင်တာနက်ပေါ်မှာ ပိုပြီး ချိတ်ဆက်မှုရှိလာစေဖို့နဲ့ ဒီအခမဲ့အခြေခံစနစ်ပုံစံကနေတစ်ဆင့်လို ချင်သိချင်တဲ့အချက်တွေကို ရယူနိုင်ဖို့ ဖြစ်ပါတယ်။ ဒီပူးပေါင်းမှုဟာ မြန်မာပြည်ရဲ့ဆက်သွယ်ရေးကဏ္ဍမှာ နောက်ထပ်မှတ်တိုင်သစ်တစ်ခု စိုက်ထူလိုက်တာဖြစ်ပြီးအင်တာနက်ပေါ်မှာရှိတဲ့အခြေခံသတင်းအချက်အလက်တွေနဲ့ အခြားတန်ဖိုးရှိတဲ့အချက်အလက်တွေကို အသုံးပြုနိုင်မယ့် နောက်ထပ်အခွင့်အရေးတစ်ခုကို ဖန်တီးလိုက်တာလည်း ဖြစ်ပါတယ်"ဟု MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူမစ္စတာကိုအိချိကာဝါဆဲက ပြောကြားခဲ့သည်။

MPT သုံးစွဲသူများအနေဖြင့် Facebook Flex ကို သီးခြားပြုလုပ်ရန်မလိုဘဲ အဆိုပါအစီအစဉ်စတင်သည့် ဇွန်လ ၆ ရက်တွင် အလိုအလျောက် Update ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# KBZ Gateway နှင့် AsiaSat တို့ ပူးပေါင်း၍ မြန်နှုန်းမြင့် ဂြိုလ်တုဆက်သွယ်ရေးဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် လုပ်ဆောင်မည်

ကမ္ဘောဇကုမ္ပဏီများလုပ်ငန်းစု၏ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီလီမိတက်သည် အာရှဂြိုဟ်တု ဆက်သွယ်ရေးကုမ္ပဏီလီမိတက် (AsiaSat)နှင့် လက်တွဲကာ မြန်မာနိုင်ငံအတွက် ဂြိုဟ်တုကွန်ရက်စနစ် အခြေခံသောမြန်နှုန်းမြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းလုပ်ဆောင်မှုသည် မြန်မာနိုင်ငံအတွက် သီးသန့်အသုံးပြုမည့် အများမျှော်လင့်တောင့်တနေသော ပိုမိုကောင်းမွန်သည့် ဂြိုဟ်တုဆက်သွယ်ရေး စွမ်းအင်အသုံးပြုနိုင်ရေးအတွက် အခွင့်အလမ်းကောင်းများရရှိစေမည်ဖြစ်ပြီး မကြာမီကာလအတွင်း ၎င်းတို့၏ ဂြိုဟ်တုအသစ်တစ်လုံးအား အသုံးပြုချိတ်ဆက်ခွင့် ရရှိစေမည်ဖြစ်သည်။ ယင်းအောင်မြင်မှု မှတ်တိုင်သည် ကမ္ဘာ့ဂြိုဟ်ပတ်လမ်း၏ ဂြိုဟ်တု တည်ရှိမှုကို ကွာခြားမှု အနည်းဆုံးဖြစ်အောင် တည်ဆောက်ရန်နောက် ဆုံးနယ်သစ်သို့ တက်လှမ်းသည့် ခြေလှမ်းဖြစ်ပါသည်။

KBZ Gateway အမှုဆောင် အရာရှိချုပ် Mr. Stephane Lamoureux က ကျွန်တော်တို့အနေနဲ့ မြန်နှုန်းမြင့် ဆက်သွယ်ရေးကို ပေးစွမ်းဖို့အတွက် အာရှရဲ့ ထိပ်တန်းဂြိုဟ်တု အော်ပရေတာနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံအတွက် သီးသန့်ဆက်သွယ်ချိတ်ဆက်ဖို့ ရည်ရွယ်ထားတဲ့ ဂြိုဟ်တုကို ပထမဆုံး အသုံးပြုခွင့်ရတော့မှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။AsiaSat ရဲ့ အရည်အသွေးမြင့် ဂြိုဟ်တုစွမ်းအင်နဲ့ လိုက် လျောညီထွေရှိတဲ့ ဂြိုဟ်တုနည်းပညာများက မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို အထောက်အကူပြုနိုင်မယ့် KBZ Gateway ရဲ့မျိုးဆက်သစ် ဒေတာချိတ်ဆက်ဝန်ဆောင်မှုများနဲ့ ဖြန့်ကြက်မှုကို အရှိန်မြင့်တင်ပေးပါတယ်။ မေလ ၂၄ ရက်က ရန်ကုန်မြို့မှာ ကျင်းပတဲ့ VSAT (Very Small Aperture Terminal) နည်းပညာမိတ်ဆက်ပွဲအပြီးမှာလည်း ဆက်လက်ပြီး ကျွန်တော်တို့ရဲ့ဝန်ဆောင်မှုတွေကို တိုးမြှင့်ဖြည့်ဆည်းပေးလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

KBZ Gateway သည် ကနဦး အနေဖြင့် AsiaSat 4 နှင့် AsiaSat 7 ဂြိုဟ်တုများမှ C-band နှင့် Ku-band စွမ်းအင်များအား အသုံးပြုကာ မြန်မာတစ်နိုင်ငံလုံးအတွက် မြန်နှုန်းမြင့် ဒေတာကွန်ရက်ကို ဖြန့်ချိပေးသွားမည်ဖြစ်သည်။ AsiaSat ၏ စွမ်းအင်မြင့်မားသော ဒေတာပမာဏနှင့် ပို့လွှတ်နိုင်စွမ်းတို့ဖြင့် KBZ Gateway သည် အမြင့်မားဆုံး အရည်အသွေးနှင့် ကုန်ကျမှုသက်သာပြီး ထိရောက်သော ဆက်သွယ်ရေးဝန်ဆောင်မှုများအား ၎င်းတို့၏ client များအတွက်သာမက၊ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူသုံးစွဲသူများကိုပါ ပေးပို့ဖြန့်ဝေသွားမည်ဖြစ်သည်။

၂၀၁၆ နှစ်ကုန်ပိုင်း/ ၂၀၁၇ အစောပိုင်းတွင် အသစ်လွှတ်တင်မည့် AsiaSat 9 ဂြိုဟ်တုနှင့်အတူ KBZ Gateway နှင့် ၎င်း၏ client များသည် ပိုမိုကောင်းမွန်လာသော စွမ်းရည်နှင့် တိုးတက်လာသည့်ဖြန့်ကြက်မှုပမာဏ၏ ကောင်းကျိုးများအား ခံစားရရှိနိုင်တော့မည်ဖြစ်သည်။ AsiaSat 9 မှ မြန်မာနိုင်ငံအတွက် သီးသန့်ရည်ရွယ် အသုံးပြုမည့် Ku-band ၏ ရောင်ခြည်တန်းသည် အလွန်ကောင်းမွန်သည့် ဂြိုဟ်တုချိတ်ဆက်ရေးစွမ်းရည်အား ပေးစွမ်းနိုင်မည်ဖြစ်ကာ၊ တစ်နိုင်ငံလုံးရှိ VSAT broadband နှင့် D TH ဝန်ဆောင်မှုများအတွက် ငွေကြေးကုန်ကျမှုနည်းပါးသော ပိုမိုသေးငယ်သည့် အင်တာနာများအား တပ်ဆင်အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# MEIZU က အာရုံခံစနစ်များပါဝင်သည့် M3 Note ကို ကျပ်နှစ်သိန်းနီးပါးဖြင့် ဈေးကွက်တွင် စတင်ဖြန့်ချိ




MEIZU စမတ်ဖုန်း ထုတ်လုပ်ဖြန့်ချိသည့် တရုတ်နိုင်ငံမှ MEIZU စမတ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီက အာရုံခံ စနစ်များပါဝင်ပြီး ခေတ်မီသည့်ဖုန်း အမျိုးအစားတစ်မျိုးဖြစ်သည့် MEIZU M3 စမတ်ဖုန်းကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျပ်နှစ်သိန်းနီးပါးဖြင့် စတင် ရောင်းချနေပြီဖြစ်ကြောင်း သိရသည်

အဆိုပါ MEIZU M3 စမတ်ဖုန်းသည် ဒီဇိုင်းနှင့် စွမ်းဆောင်မှုအတွက် စံနမူနာအဖြစ် လက်ဗွေဖြင့်စစ်ဆေးသည့်စနစ်နှင့်လက်ဗွေဖြင့်စစ်ဆေးအတည်ပြု၍ ငွေပေးချေမှုများကို ပြုလုပ်နိုင်သည့် အာရုံခံစနစ်များပါဝင်ကြောင်း သိရသည်။

အဆိုပါစမတ်ဖုန်း၏ မျက်နှာပြင်အကျယ်မှာ ၅ ဒသမ ၅လက်မရှိပြီး အခြားသော အာရုံခံစမတ်ဖုန်းများကဲ့သို့ လက်ဗွေကို ဖုန်း၏နောက်ဘက်တွင် ထည့်သွင်းထားခြင်းမရှိဘဲ ရှေ့မျက်နှာပြင်တွင် ထည့်သွင်းထားသဖြင့် ပိုမို လွယ်ကူသည့်စွမ်းဆောင်ရည်မျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း စမတ်ဖုန်းတွင် ပင်မကင်မရာသည် 13 megapixel ရှိပြီး ရှေ့ကင်မရာသည် 5 megapixel ရှိကြောင်း သိရသည်။ ထို့ပြင် Sim Card နှစ်ကတ် တစ်ပြိုင်တည်းအသုံးပြုနိုင်ပြီး WCDMA နှင့် CDMA တို့ကိုပါ အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းစမတ်ဖုန်းအား Memory 2GB RAM, 16 GB ROM နှင့် 3GB RAM, 32 GB ROM နှစ်မျိုးထုတ်လုပ်ထားသည်။ 2GB RAM, 16 GB ROM အား ကျပ် ၁၇၅,၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး 3GB RAM, 32 GB ROM ကိုကျပ် ၁၉၉,၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း MEIZU မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် MEIZU အရောင်းဆိုင်ပေါင်း တစ်ထောင်ကျော် ဖွင့်လှစ်ခဲ့ပြီး လာမည့်နှစ်များတွင် အရောင်းဆိုင်ပေါင်း သုံးထောင်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

MEIZU Technology ၏ Country Manager ဖြစ်သူ မစ္စတာလီရှောင်က "မြန်မာနိုင်ငံဈေးကွက်ကို ဝင်ရောက်တဲ့အကြောင်းကို အခုလို ကြေညာနိုင်ခဲ့တာကို ကျွန်တော်တို့ အရမ်းပဲ ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံရဲ့ စမတ်ဖုန်းဈေးကွက်မှာ ဦးဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရဲ့စမတ်ဖုန်းတွေ အားလုံးကို မကြာခင်အချိန်အတွင်း မြန်မာနိုင်ငံမှာ မိတ်ဆက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

MEIZU စမတ်ဖုန်းအနေဖြင့် လာမည့်လအတွင်း ရန်ကုန်မြို့လသာမြို့နယ်အတွင်း အရောင်းစင်တာနှင့် ဆားဗစ်စင်တာတစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ၂၀၁၆ ခုနှစ် မေလအတွင်း မန္တလေး–မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် မေလအတွင်း မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ ပို့ကုန်ပစ္စည်းများ ဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာတို့ရဲ့ သယ်ယူခနှုန်းထားများမှာ ဒုတိယပတ်မှစပြီးလျှော့ကျလာခဲ့တာ တွေ့ရပါတယ်။ ပို့ကုန်ကုန်စည်သယ်ယူမှုအနေနဲ့ ကတော့ ရေထွက်ကုန်၊ ဖရဲသီး၊ သရက်သီး၊ သရက်ပြားခြောက်၊ ဝဥခြောက်၊ ကြက်သွန်နီ၊ ပရဆေးမျိုးစုံ၊ သကြား၊ နနွင်းတက်တို့ ပုံမှန်တင်ပို့မှုရှိသလို တရုတ် နိုင်ငံဘက်မှလည်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ကြွေပြား၊ သံပြားအစရှိတဲ့ အိမ်ဆောက်ပစ္စည်းမျိုးစုံ၊ စက်ဘီး၊ ဆိုင်ကယ်၊ ပန်းသီး၊ သစ်တော်သီး၊ ကာနေးရှင်းပန်း၊ အိမ်သုံးပစ္စည်းအမျိုးမျိုးနဲ့ ယာဉ်ယန္တရားများ တင်သွင်းလာပါတယ်။ သွင်းကုန်ပစ္စည်းတွေသယ်ယူခ မှာတော့ မြေဆီသယ်ယူခ တစ်ပိဿာကို ၃၀ ကျပ်ခန့်ရှိပါတယ်။ မေလရဲ့ ကုန်စည်သယ်ယူခနှုန်းထားတွေကို အပတ်စဉ်အလိုက်တင်ပြပေးလိုက်ပါတယ်-

| ပို့ကုန် | ၃၀-၄-၂၀၁၆ မှ ၆-၅-၂၀၁၆ အထိ | ၇-၅-၂၀၁၆ မှ ၁၃-၅-၂၀၁၆ အထိ | ၁၄-၅-၂၀၁၆ မှ ၂၀-၅-၂၀၁၆ အထိ | ၂၁-၅-၂၀၁၆ မှ ၂၇-၅-၂၀၁၆ အထိ |
|---|---|---|---|---|
| ပြောင်း | ၇၇-၈၀ | ၇၅-၇၈ | ၆၉-၇၈ | ၆၈-၇၇ |
| ဆန် | ၇၇-၈၂ | ၇၁-၇၈ | ၇၀-၈၀ | ၆၈-၇၇ |
| ပဲတီစိမ်း | ၇၇-၉၆ | ၇၅-၇၈ | ၇၀-၇၂ | ၇၀-၇၈ |
| နှမ်း | ၈၃-၉၀ | ၇၆-၈၀ | ၇၀-၇၂ | ၇၃-၈၀ |
| ရော်ဘာ | ၉၀-၉၁ | ၈၈-၉၂ | ၇၉-၈၅ | ၈၀-၈၃ |
| သွင်းကုန်/ မြေပဲဆီ | ၃၂ | ၃၃ | ၃၀ | ၃၀ |

**မော်မော်အောင်**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတတာလမ်း | ၇၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃.၅ သိန်း | အငှား | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ၊ Hall | ၁၅၀၀ သိန်း | ၉၀ ရာခိုင်နှုန်း ပြီးစီးဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | တိုက်ခန်း | အင်းစိန်မြို့နယ်၊ ရွာမအနောက်မှဒီတာအိမ်ရာ | ၆၀၀ စ/ပေ | အခန်းဖွဲ့ ပြီး | ၉၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၉၇/၆၂၁၁၂၃ |
| ၄။ | တိုက်ခန်း | သယ်န်းကျွန်း၊ ကျိုက္ကဆံဘုရားအနီး | ၉၀၀ စ/ပေ | မြေညီ၊ Hall | ၇၅၀ သိန်း | လမ်းသန့်ရပ်ကွက်သန့် | ၀၉/၉၇/၆၂၁၁၂၃ |
| ၅။ | လုံးချင်း | ဗဟန်းမြို့နယ်၊ သံလွင်လမ်း | ၅၀၀ စ/ပေ | (RC) (၂) ထပ် | ၂၁၀၀၀သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၆။ | လုံးချင်း | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၂၄၀၀ စ/ပေ | (RC) (၂) ထပ်<br>MB (၃) BR (၁) | ၃၅ သိန်း | အသင့်နေ<br>၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ | ၉၀၀ စ/ပေ | MB(၁) BR(၁) | ၂၀၀၀ သိန်း | အဆင့်မြင့်ပြင်ပြီး | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | မြေ ၅၀၀၀ စ/ပေ<br>အိမ် ၁၂၀၀ စ/ပေ | MB(၂) BR(၁) | ၃.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ငါးရန့်ချောင်း | ၂၂၀၀ စ/ပေ | မြေသီးသန့် | ၁၈၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | တိုယိုတာ/နွတ်ချ် (၂၀၀၃) | ယာယီ | ၂၁၅ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | တိုယိုတာ/ဗင်းဂတ် (၂၀၀၉) | ယာယီ | ၄၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | အာအေဖီ (၄) (၂၀၀၆) | ယာယီ | ၃၇၅ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ဟိုက်ဂျက် (၂၀၀၅) | ယာယီ | ၆၉ သိန်း | 660 စီစီ/ဓာတ်ဆီ |
| ၈။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား | နှစ် ၂၀ | ၈၃ သိန်း | ကားကောင်း |

## စာမျက်နှာ ၃ မြန်မာ-ဥရောပသမဂ္ဂ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက် • • • • မှအဆက်

ဒါပေမယ့် ဥရောပသမဂ္ဂဈေးကွက်ဟာ အကျိုးအမြတ် ပေးနိုင်ခြေရှိသော ဈေးနှုန်းသတ်မှတ်မှုတွေ ရှိပါတယ်။ ကုမ္ပဏီတစ်ခုအနေဖြင့် အဆိုပါဈေးကွက်သို့ ဝင်ရောက်နိုင်လျှင် အဆိုပါ ကုမ္ပဏီဟာ အခြားမြင့်မားသော ပို့ကုန်ဈေးကွက်များသို့လည်း ဝင်ရောက်နိုင်မှာဖြစ်ပါတယ်”ဟု ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TDP) အဖွဲ့ ခေါင်းဆောင်မစ္စတာ ဖရစ်စ်ဖာဒီနန် ဟာန်ဒရစ်ခ်က ပြောသည်။

မြန်မာ-ဥရောပသမဂ္ဂ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်မျှဝေရန်ဌာနသည် ဝန်ဆောင်မှုရယူလိုသူအား မှန်ကန်သော စတင်မှုအတွက် နေရာတစ်နေရာဖြစ်သည်။ အဆိုပါ သတင်းအချက်အလက် မျှဝေရန်ဌာနသည် မြန်မာနိုင်ငံ၏ စီးပွားရေးပန်းတိုင်ဖြစ်သည့် လာမယ့်ငါးနှစ်အတွင်း ပို့ကုန်ပမာဏ သုံးဆ တိုးမြှင့်ရန်အတွက် အထောက်အပံ့ကောင်းဖြစ်လိမ့်မည်ဟု ယုံကြည်သည်။ ထို့အပြင် နှစ်ပေါင်းများစွာ သီးခြားတည်ရှိနေခဲ့သော မြန်မာနိုင်ငံကို ကမ္ဘာ့ဈေးကွက်နှင့် ပြန်လည်ပေါင်းစည်းပေးခြင်းအတွက် ကူညီနိုင်ရန် ရည်ရွယ်သည်။

“အားလုံးသိကြတဲ့ အတိုင်းပါပဲ ဥရောပသမဂ္ဂဟာ ကမ္ဘာ့အကြီးဆုံး စီးပွားရေးဈေးကွက်နှင့် ကုန်သွယ်ရေးဆိုင်ရာအဖွဲ့အစည်း ဖြစ်ပါတယ်။ ကုန်သွယ်ရေးမြှင့်တင်ခြင်းမှာ နည်းပညာဆိုင်ရာ ထောက်ပံ့မှုဟာ မရှိမဖြစ်လိုအပ်နေပြီး ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံအား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှတစ်ဆင့် ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂ ဈေးကွက်များသို့ တင်သွင်းသည့် ပို့ကုန်များအားလုံးသည် အခွန်ကင်းလွတ်ခွင့်နှင့် သွင်းကုန်ပမာဏ ကန့်သတ်ချက်မရှိခြင်းတို့ ရရှိပါတယ်။ ဒါပေမယ့် စစ်ဘက်ဆိုင်ရာ ကိရိယာများမပါဝင်ပါဘူး”ဟု မြန်မာနိုင်ငံ ဥရောပသမဂ္ဂအဖွဲ့မှ စီမံကိန်းအရာရှိမစ္စတာလိုရန်ဇိုပက်စ်ကော့တိုမှ ပြောသည်။

ဥရောပသမဂ္ဂအဖွဲ့ အနေဖြင့် အဆိုပါသတင်းအချက်အလက် မျှဝေရန်ဌာနနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ ဈေးကွက်များအကြား ပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင်ရရှိစေရန် လုပ်ဆောင်ပေးသွားမည် ဖြစ် သည်။

မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်မှုဆက်ဆံရေး ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြန်လည်စတင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဥရောပသမဂ္ဂသို့တင်သွင်းသည့် ပို့ကုန်ပမာဏကို နှစ်ဆတိုးမြှင့်နိုင်ခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂဈေးကွက်သို့ အဓိကတင်ပို့သည် ကုန်ပစ္စည်းများမှာ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန် ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ပုလဲနှင့် အဖိုးတန်ကျောက်မျက်များနှင့် ပဲမျိုးစုံ အပါအဝင် စားသုံးနိုင်သော အသီးအရွက်များဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ဥရောပသမဂ္ဂ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏသည် ယူရိုငွေ ၁ ဒသမ ၂ ဘီလီယံကျော်လွန်ခဲ့ပြီး ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ၂၀၁၂ ခုနှစ် (ယူရိုငွေ ၄၀၄ မီလီယံ) နှင့် နှိုင်းယှဉ်ပါက ၃၀၀ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဥရောပသို့ တင်ပို့သည့် ပို့ကုန်ပမာဏသည် ယူရိုငွေ ၆၇၅ သန်းသို့ ရောက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် (ယူရို ၃၉၂ သန်း)နှင့် နှိုင်းယှဉ်ပါက ၇၂ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။

**TDP**

## တရုတ်ဆိုင်ကယ်များကို မူဆယ်နယ်စပ်မှတစ်ဆင့် တရားဝင်သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်းတင်သွင်းခွင့်ပြုပြီ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ဆိုင်ကယ်များကို တရားဝင်သတ်မှတ်ထား သည့် ဈေးနှုန်းများအတိုင်း တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုပမာဏ တိုးတက်စေရန်အတွက်လည်းကောင်း၊ တရားမဝင် ကုန်သွယ်မှုများလျော့နည်းပပျောက်ပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်အတွက်လည်းကောင်း၊ တစ်ဖက်နိုင်ငံမှ ဆိုင်ကယ်ဝယ်ယူ ဈေးနှုန်းအမှန်ကို သိရှိစေရန်ရည်ရွယ်၍ မေ ၂၂ ရက်နေ့၌ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းဝင်များ၊ ဆိုင်ကယ်ထုတ်သွင်းရောင်းချသူများ (Cluster) အဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာန (OSS) မှ အဖွဲ့ဝင်တစ်ဦးစီပါဝင်သော ဈေးကွက်ရှာဖွေရေး၊ ဈေးနှုန်းစိစစ်ညှိနှိုင်းထောက်ခံရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့တို့ဖြင့် တစ်ဖက်နိုင်ငံ ကျယ်ဂေါင်ဘက်၌ ဆိုင်ကယ်ဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသော မြေပြင်တွင် အမှန်ရောင်းချဈေးနှုန်းများကို စုံစမ်းဖော်ထုတ်ခဲ့ပါသည်။

ထိုသို့ ဆိုင်ကယ်ဈေးကွက်မှရရှိသော မြေပြင်ဈေးနှုန်းများကိုအခြေခံ၍ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ မေ ၂၇ ရက်နေ့ ဈေးနှုန်းညှိနှိုင်းအစည်းအဝေးတွင် ဈေးနှုန်းစိစစ်ရေးအဖွဲ့၊ ဆိုင်ကယ်ထုတ်သွင်းရောင်းချသူများ (Cluster) အဖွဲ့၊ ဆိုင်ကယ်တင်သွင်းသည့် လုပ်ငန်းရှင်များတို့ကိုပါဖိတ်ကြား၍ ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် ဈေးနှုန်းများအရ တစ်ဖက်နိုင်ငံမှ တင်သွင်းမှု လွယ်ကူစေရန်နှင့် မှန်ကန်မှုရှိစေရန် ဆိုင်ကယ်အမျိုးအစားစုစုပေါင်း ၈၄ မျိုးအားဈေးနှုန်းညှိနှိုင်းသတ်မှတ်ခဲ့ပါသည်။

ဤကဲ့သို့ ဆိုင်ကယ်အမျိုးအစားအလိုက် ဈေးနှုန်းသတ်မှတ်လိုက်သည့်အတွက် ဆိုင်ကယ်တင်သွင်းသူများ တင်သွင်းသည့် ဈေးနှုန်းများပိုမို၍ ပွင့်လင်းမြင်သာမှုရှိလာပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ အလွယ်တကူ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းရှင်တစ်ဦးက အမေရိကန်ဒေါ်လာ ၂၄၀ တန်ဖိုးရှိသည့် ဆိုင်ကယ်တစ်စီးတင်သွင်းလျှင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်နှုန်းထားမှာ ၃၄၇၉၃ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် Model တရုတ်နိုင်ငံထုတ် ဆိုင်ကယ်အမျိုးအစား ၈၄ မျိုးအတွက် သတ်မှတ်ခဲ့သည့် ဈေးနှုန်းစာရင်းများအား Commerce Facebook page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။

**မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်**

# ယင်းမာပင်ခရိုင်တွင် သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ သစ်သီးဝလံအခြေခံ စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယင်းမာပင်မြို့ သီးပင်ဘုန်းတော်ကြီးကျောင်းတွင် မေ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ ယင်းမာပင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၄ ဦး၊ သင်တန်းသားခြောက်ဦးပြင်ပ လေ့လာသူနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများ အပါ အဝင် စုစုပေါင်း သင်တန်းသား/သူ ၂၈ ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါသစ်သီးဝလံ အခြေခံ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးခင်ဇော်က ကြိုဆိုနှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေကလည်း သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာအကြောင်းကို အကျယ် တဝင့်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

သင်တန်းမှာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေက သစ်သီးများကြာရှည်ခံထားနိုင်အောင် ခွင့်ပြုဆိုးဆေး၊ ဖျော်ရည်နှင့်ယိုမျိုးစုံပြုလုပ်နည်း၊ တာရှည်ခံအောင်ပြုပြင်သည့်နည်းလမ်းများ၊ ပိုးမွှားများရှင်သန်ပေါက်ပွားနိုင်သည့် အခြေအနေကို သင်ကြားပို့ချပြီး၊ ခရမ်းချဉ်သီးအလုံးလိုက်ယိုပြုလုပ်နည်း၊ သဘော်သီး အချိုယို၊ သဘော်သီးချဉ်စပ်ယိုပြုလုပ်နည်း၊ သံပုရာယိုနှင့်သံပုရာပေါင်း ပြုလုပ်နည်း၊ ကျောက်ဖရုံယိုပြုလုပ်နည်း၊ ခရမ်းချဉ်ဆော့၊ မန်ကျည်းဆော့ပြုလုပ်နည်းများ၊ မန်ကျည်းဖျော်ရည်ပြုလုပ်နည်း၊ မန်ကျည်းတော်ဖီပြုလုပ်နည်း၊ သရက်ပေါင်း၊ သရက်ပြားပြုလုပ်နည်း၊ နာနတ်ဖျော်ရည်များ၊ ရှားစောင်းလက်ပတ်ဖျော်ရည်ပြုလုပ်နည်း၊ သစ်သီးဂျယ်လီပြုလုပ်နည်းနဲ့ ဝိုင်မျိုးစုံဖောက်နည်းကို စာတွေ့ လက်တွေ့သင်ကြားပြီး၊ မှိုမတတ်စေတဲ့ဆေး၊ အချဉ်မပေါက်စေသောဆေး၊ ဘူးခွံပိုးသတ်နည်း၊ သကြားအပွေးတတ်စေတဲ့ ဆေးများ၊ ၎င်းတို့ကို အချိုးကျအတိုင်း အသုံးပြုတတ်စေရန်၊ သန့်ရှင်းစွာ ထိန်းသိမ်းမှု၊ သိုလှောင်ထား ရှိမှု၊ အမှတ်တံဆိပ်တွင် ဖော်ပြရမည့်အချက်အလက်များကိုလည်း စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး(ယင်းမာပင်)**

# ပုသိမ်မြို့တွင် EDNA Myanmar က စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အခြေစိုက်ပုသိမ်မြို့ရှိ EDNA Myanmar အဖွဲ့က ဦးဆောင်၍ တစ်ပိုင်တစ်နိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်များရဲ့ အောင်မြင်မှုရရှိနေသော လုပ်ငန်းအတွေ့အကြုံများ ရှင်းလင်းရေးနဲ့ လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးအခမ်းအနားကို မေ ၂၇ ရက်က ကျင်းပရာစားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်နဲ့ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတိုင်း ဦးစီးမှူး ဒေါက်တာပြည့်ဖြိုး၊ ဖိတ်ကြားထားတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ EDNA Myanmar မှ တာဝန်ရှိသူများ၊ ပုသိမ်၊ ငပုတော၊ ကန်ကြီးထောင့်၊ ရေကြည်မြို့နယ်နဲ့ ရှော်ပြောကျေးရွာမှ သင်တန်းသူ/ သင်တန်းသားများစုစု ပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးဖို့အဓိက လိုအပ် ကြောင်း၊ မိမိတို့ဌာနမှလည်း နိုင်ငံတကာအကူအညီများ ဖိတ်ခေါ်၍ အသင်းအဖွဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံလျက်နည်းပညာ၊ ငွေကြေးအရင်းအနှီး ရရှိစေရန် ကူညီဆောင်ရွက်ပေးပြီး လိုအပ်ပါက ရန်ကုန်မြို့ရှိ မြန်မာကုန်သွယ်မှု ဗဟိုဌာနနဲ့ ချိတ် ဆက်ပေးမှာဖြစ်ကြောင်း၊ လုပ်ငန်း ဆောင်ရွက်ရာမှာ ဖြစ်ပေါ်လာတဲ့ အခက်အခဲများကိုလည်း ဝိုင်းဝန်း၍ အဖြေရှာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

အဲဒီနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက စားသောက်ကုန်စည်များ ထုတ်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်ရန်၊ ဓာတုဆိုးဆေးနဲ့ ဖော်မလင်ကင်းစင်ရေးကို အလေးထား ဆောင်ရွက်ရန်၊ ကုန်စည်ထုတ်လုပ်ရာတွင် FDA မှ ထောက်ခံချက်ရယူရန်နဲ့ စားသုံးသူများဘေးအန္တရာယ် ကင်းစင်ရေးတို့ အပါအဝင် အစားအသောက်ဥပဒေ၊ ဆေးဝါးဥပဒေနဲ့ပတ်သက်၍ သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပါတယ်။

တက်ရောက်လာတဲ့ စီးပွားရေးလုပ်ငန်းရှင်များအနက် ဦးစန်းလွင်(ဘုရင်ဟာလဝါ)နဲ့ ဦးအောင်မြတ်ကျော် (ငှက်ပျောကြော်) လုပ်ငန်းရှင်တို့က ၎င်းတို့ရဲ့လုပ်ငန်း အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ရှောင်မြို့မှာဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်းနဲ့ သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်ဆင်းရဲမှုလျှော့ချရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် တောင်ကြီးခရိုင်၊ရှောင်မြို့မှာဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းနဲ့ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ် လုပ်နည်းပညာပေးသင်တန်းဆင်းပွဲအခမ်းအနားကို မေ၃၀ရက်က ရှောင်မြို့ဗထူးခန်းမမှာကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရ၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဦးစိုးညွှန့်လွင်တက်ရောက်သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါတယ်။ အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှောင်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနဲ့ သင်တန်းသား သင်တန်းသူစုစုပေါင်း ၉၇ ဦးတက်ရောက်ခဲ့ကြပါတယ်။

ယခင်ကရှမ်းပြည်နယ်မှာရက်ကန်းနဲ့အသက်မွေးပညာသင်တန်း ကျောင်းသာရှိခဲ့ပြီး ဝန်ထမ်းဦးရေနဲ့ ကျွမ်းကျင်တဲ့နည်းပြနည်းပါးတဲ့ အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု နည်းပါးခဲ့ပြီး ပုံမှန်ရက်ကန်းသင်တန်းများကိုသာဖွင့်လှစ် နိုင်ခဲ့ရာမှရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ရုံး ဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၁၅-၂၀၁၆ဘဏ္ဍာ နှစ်တွင်စုစုပေါင်းသင်တန်း ၂၃ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်းနှင့်သင် တန်းသား ၅၀၀ ဦးအား အသက်မွေးမှု နည်းပညာများဖြန့်ဝေခဲ့ပြီး နောက်ယခုသင်တန်းနှစ်ခုမှ သင်တန်းသားသင်တန်းသူ ၄၀ ဦးကို ထပ်မံ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ဝါးအခြေခံလက်မှုထည် သင်တန်းမှာသင်တန်းကာလရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ် လုပ်နည်းသင်တန်းမှာသင်တန်းကာလ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်းသိရပါတယ်။

**မင်းအောင်(တောင်ကြီး)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၆-၆-၂၀၁၆ မှ ၁၂-၆-၂၀၁၆ ရက်နေ့အထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရည်ရွယ်ချက်အတိုင်းကြိုးစားမှုပြုသောကြောင့် အောင်မြင်မှု ရရှိတတ်ပါသည်။ စီးပွားရေးလောကမှ လူအများနှင့် ဆက်ဆံရာတွင် သတိထား၍ ပြောဆိုဆက်ဆံရတတ်သည်။ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကောင်းမွန်နေတတ်ပါသည်။ ပညာရေးတွင် မိမိ၏ရည်ရွယ်ချက်အတိုင်း ကြိုးစားမှုပြုသောကြောင့် အောင်မြင်မှုရတတ်ပါသည်။ ကျန်းမာရေးတွင် ထူးထူးထွေထွေရောဂါမရှိတတ်ပါ။ အချစ်ရေးတွင် ကံမကောင်းဟုဆိုရမလို အိမ်ထောင်ရေးတွင် သစ္စာတော့ရှိတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်နေကြာပန်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် စာရင်းဇယားချ၍ လုပ်ကိုင်ဆောင်ရွက်ချက်အတိုင်းထိပ်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ပါသည်။ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုငွေများထည့်ဝင်၍ စီးပွားရေးပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းကာနည်းပညာသစ်များကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။ ပညာရေးတွင် မျှော်လင့်ချက်များစွာဖြင့် ကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးတွင် နှလုံးအားနည်းသောဝေဒနာခံစားရမှုရှိနေတတ်သောကြောင့် ဂရုစိုက်နေသင့်ပါသည်။ အချစ်ရေးတွင် အကောင်းအဆိုးရောထွေးမှုရှိသောကြောင့် ဝေခွဲမရဖြစ်နေတတ်ပါသည်။

**ယတြာ။ ။စံပယ်ပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** တစ်ခါတစ်ရံ ပူပန်တတ်မှုစိုးရိမ်မှုတို့ကြောင့် အသွားအလာအနေအထိုင်အပြောအဆိုတို့တွင် သတိထား၍ နေထိုင်ပြောဆိုရတတ်သည်။ စီးပွားရေးတွင် စက်ရုံအလုပ်ရုံတည်ထောင်လုပ်ကိုင်ခြင်းဖြင့် ကြီးပွားချမ်းသာနိုင်ပါသည်။ ပညာရေးတွင် အောင်မြင်နိုင်သည့်ကံတရားရှိနေတတ်ပါသည်။ ကျန်းမာအရေးအနေဖြင့် အအေးမိခြင်း၊ အဆုတ် အားနည်းခြင်းဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေးတွင် ခွင့်လွှတ်ခြင်းဖြင့် အောင်မြင်မှုယူပါ။

**ယတြာ။ ။ငွေနှင်းပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဦးစီးဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ငန်းများကိုလည်းပတ်နိုင်ခြင်းအတွက် အမြတ်အစွန်းများရရှိနေတတ်ပါသည်။ မိသားစုများ၏ စီးပွားရေးတွင်အနှောင့်အယှက်များနှင့် အရှုံးပေါ်နေတတ်သည်ကို သတိရှိသင့်ပါသည်။ ပညာရေးအောင်မြင်မှုအားကောင်းနေတတ်ပါသည်။ ထူးချွန်ထက်မြက်သူ ရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဦးနှောက်အမေ့ရောင်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါ သတိထားသင့်ပါသည်။ အချစ်ရေးတွင် ကျော်တော့လေ့သူကြီး ညားတော့လေ့ထိုးသားဆိုသလို ဖြစ်တတ်ပါသည်။

**ယတြာ။ ။ဇလပ်ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ပတ်ဝန်းကျင်နှင့်ပေါင်းသင်းဆက်ဆံမှု ကောင်းသောကြောင့် အသိုင်းအဝိုင်း၏ ချီးကျူးမှုကိုခံရတတ်သည်။ မြေတွင်းထွက်ပစ္စည်းများဖြစ်သော ပဲ၊ ပြောင်း၊ ဆန်စပါးတို့ အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးကံကောင်းနေ၍ ရည်မှန်းချက်အတိုင်းအောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင် စိတ်ကူးတစ်မျိုး လက်တွေ့တစ်မျိုးဖြစ်နေတတ်သည်။ ကျန်းမာရေးတွင် ဆီး၊ ကျောက်ကပ်နှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မူလပင်တိုင်လုပ်ငန်းနှင့် တိုးချဲ့ထားသောလုပ်ငန်းများ ကျောက်စိမ်းရတနာများစသည်တို့အကျိုးပေးကောင်းပါလိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးတက်တတ်ပါသည်။ အတိုက်အခိုက်များနှင့် အခက်အခဲကြားမှ ယုံကြည်ချက်မျှော်လင့်ချက်များကို မွေး၍ပညာရေးကို အထူးကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်အူရောင်ခြင်း ဝေဒနာခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။

**ယတြာ။ ။သစ်ခွပန်းလှူပါ။**



**စနေသားသမီးများအတွက်** ရုံးလုပ်ငန်းတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေလုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသည်လည်းရှိသလို မတူညီသည်လည်း ရှိတတ်ပါသည်။ အမိန့်ကိုနာခံတတ်ခြင်းနှင့် တာဝန်ကျေပွန်ခြင်းတို့တွင် တူညီပါသည်။ ရာသီထွက်ကုန်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အကျိုးပေးကောင်းတတ်ပါသည်။ ပညာရေးအောင်မြင်ရန် အခွင့်အလမ်းရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် ဆီးချို၊ သွေးချိုရောဂါတို့ကိုသတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဘဝအခြေအနေနှင့် မမှန်သောကြောင့် ချစ်လျက်နှင့် ခွဲခွာနေရတတ်ပါသည်။

**ယတြာ။ ။အောင်သပြေလှူပါ။**



# ကသာခရိုင်အတွင်း အရည်အသွေးကောင်းသီးနှံများရရှိဖို့ သီးနှံအခြောက်ခံစက်များထားရှိရန်လို

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ဟာ လယ်ယာစိုက်ပျိုးရေးနဲ့အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ကြပါတယ်။ တောင်သူ၊ ကုန်သည်နဲ့စက်ပိုင်များမှာ လယ်ထွန်စက်၊ ကောက်စိုက်စက်ကအစ စပါးရိတ်သိမ်းခြွေလှေ့စက်အဆုံး တိုးတက်ပြောင်းလဲ သုံးစွဲလာကြပေမယ့် စပါးအပါအဝင်အခြားသီးနှံ အခြောက်ခံစက် လုံးဝမရှိတာတွေ့ရပါတယ်။

ကသာခရိုင်မှာ စပါးစိုက်ဧက ၃၄၃၄၀၀၊ မြေပဲစိုက်ဧက ၈၁၈၅၀၊ နှမ်းစိုက်ဧက ၉၃၁၁၈၊ နေကြာစိုက်ဧက ၄၈၆၂၀ ရှိတာ တွေ့ရပါတယ်။ ဆန်စပါးကိုအဓိကစိုက်ပျိုးသလို ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ နေကြာစတဲ့ လယ်ယာထွက်ကုန်သီးနှံများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ မိုးရွာသွန်းမှုများပြားတဲ့ဒေသဖြစ်လို့ ဆည်မြောင်း၊ တာတမံကြီးများမရှိသော်လည်း၊ တစ်ဖက်ရပ်ဆည်များတည်ဆောက်ခြင်း၊ ရေသွယ်မြောင်းသွင်းစနစ်များနဲ့ စိုက်ပျိုးလုပ်ကိုင်နေကြပါတယ်။ လယ်ယာကဏ္ဍမှာ မိုးရွာသွန်းမှုမှာ တစ်ဖက်က ကောင်းမွန်ပေမယ့် သီးနှံပေါ်ချိန်ဖြစ်တဲ့ စပါးရိတ်သိမ်းချိန်၊ မြေပဲနှုတ်ချိန်တွေမှာ အဆက်မပြတ် မိုးရွာသွန်းလျက်ရှိချိန်မှာ သိမ်းဆည်းပြီးသီးနှံများ အခြောက်လှန်းဖို့ အခက်အခဲရှိနေတာကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ခဲ့တဲ့ လယ်ယာထွက်သီးနှံတွေ မိုးဖျက်လေဖျက်နဲ့ သီးနှံတွေ အရည်အသွေးပျက်လို့ ဆုံးရှုံးခဲ့ရပေါင်း များပြားခဲ့ပါတယ်။

ကသာခရိုင်အတွင်းမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ တောင်သူတွေအနေနဲ့ ယခုနှစ်ဆောင်းမြေပဲနုတ်သိမ်းချိန်ဟာ ယမန်နှစ်က မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကို ပြန်ဆပ်ရတဲ့အချိန်ပဲဖြစ်ပါတယ်။ ကသာခရိုင်အတွင်းမှာ စိုက်ပျိုးခဲ့တဲ့ မြေပဲဟာ တစ်ဧကကို တင်းတစ်ရာကျော်ထွက်ရှိတဲ့အတွက် အထွက်နှုန်းကောင်းတဲ့နှစ်လည်းဖြစ်ပါတယ်။

မြေပဲတစ်တင်း ယနေ့ပေါက်ဈေးဟာ ကျပ် ၁၁၀၀၀ ရှိတာကြောင့် ဈေးကောင်းရခဲ့ပါတယ်။ ဒါပေမယ့်လည်း ကသာခရိုင်အတွင်းမှာ မိုးကောင်းနေတာကြောင့် နုတ်သိမ်းထားတဲ့ ဆောင်းမြေပဲတွေဟာ နေလှန်းလို့မရတဲ့အပြင် အစိုဓာတ်ကြောင့် အညှောင့်တွေပေါက်နေပြီလို့ တောင်သူတွေကဆိုပါတယ်။

"မြေပဲတွေခြောက်သွားမှ ရောင်းပြီး မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေဆပ်ရမှာပါ။ ဒါကြောင့် နေပူတဲ့ရက်ကိုမျှော်နေရပါတယ်။ တကယ်လို့များ သီးနှံအခြောက်ခံစက်သာရှိခဲ့ရင် အခုလိုသီးနှံတွေ ပျက်စီးကုန်မှာမဟုတ်ဘူး"လို့ တောင်သူများက ပြောကြားကြပါတယ်။

ဒါကြောင့် အရည်အသွေးကောင်းမွန်တဲ့ ကုန်စည်တွေ ဈေးကွက်သို့ ရောက်ရှိရေးအတွက် ကသာခရိုင်အတွင်း စပါးအပါအဝင် သီးနှံအခြောက်ခံစက်တွေ လိုအပ်နေပြီဖြစ်လို့ ဆက်စပ်နေတဲ့ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ လိုနေပြီလို့ တောင်သူတွေက ပြောကြားကြပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

# ပြည်မြို့ဒေသထွက် သရက်သီးမှည့်များ ယခုနှစ်ဈေးသက်သာ အရောင်းအဝယ်သွက်

ယခုနှစ် သစ်သီးဝလံဈေးကွက်တွင် သရက်သီးမှည့်များ ဝင်ရောက်မှုပေါများပြီး ဈေးနှုန်းမှာလည်း ယခင်နှစ်နဲ့မတူဘဲ ဈေးသက်သာလာတာတွေ့ရပါတယ်။ မိုးလည်း ရွာသွန်းနေပြီမို့ သရက်သီးမှည့်တွေက ချိုလည်းချို အရောင်အသွေးမှာလည်း ကောင်းပြီး၊ ဈေးနှုန်းလည်း သက်သာတာကြောင့် ဒေသတွင်းရော၊ နယ်တင်ပို့မှုပါ အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။ ပြည်ဒေသမှထွက်ရှိသော သရက်သီးများမှာ မြကျောက်၊ စိန်တစ်လုံး၊ မန္တလေးသရက်သီးတို့ကတော့ ဈေးကွက်ဝင်သစ်သီးများဖြစ်ပြီး ဒေသတွင်း စားသုံးမှုကတော့ သရက်သီးမျိုးစုံလင်စွာ စားသုံးလျက်ရှိကြပါတယ်။ မြကျောက်နှင့် စိန်တစ်လုံးကို ရန်ကုန်၊ မန္တလေးသို့ တင်ပို့ပြီး မန္တလေးသရက်ကို ရန်ကုန်နဲ့ ဒေသတွင်းသာ ရောင်းဝယ်ကြောင်း သိရပါတယ်။ ယခုဇွန်(ပထမပတ်) အတွင်း သရက်သီးဈေးနှုန်းမှာ မြကျောက်တစ်လုံးဈေး (ရှယ်) ကျပ် ၁၂၀နဲ့(လုံးသန့်) ကျပ် ၁၀၀ဖြစ်ပြီး စိန်တစ်လုံးကတော့ ကျပ် ၂၅၀ ဈေးတစ်မျိုးတည်းဖြစ်ပေါ်နေပါတယ်။ စိုက်ပျိုးသူအနည်းငယ်သာရှိတာကြောင့် ထွက်ရှိတဲ့စိန်တစ်လုံးတွေဟာ ဈေးကွက်ဝင်လာသမျှ အားလုံးအရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ မန္တလေး သရက်သီးကို သရက်သီးကုန်သည်များက အပင်လိုက် ချုပ်ထားတာကြောင့် ဒေသတွင်းဈေးမှာ တစ်လုံးလျှင်(ရှယ်) ၅၀ ကျပ်နှင့် (လုံးသန့်) ၃၅ ကျပ်ရှိပါတယ်။

**နီနီဝင်း**

## MESSE NAGOYA 2016 စက်မှုကုန်စည်ပြပွဲကျင်းပမည်

ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် MESSE NAGOYA 2016 စက်မှုကုန်စည်ပြပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ စက်မှုကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများပါဝင်ပြသရန် နာဂိုရာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဖိတ်ကြားလာပါသည်။

အဆိုပါကုန်စည်ပြပွဲသည် ဂျပန်နိုင်ငံရှိ ကုန်စည်ပြပွဲများတွင် အကြီးဆုံးတစ်ခုဖြစ်ပါတယ်။ နာဂိုရာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Aichi Prefectural Government၊ City of Nagoya တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြပွဲကာလအတွင်း Seminar များ၊ Business Matching များ ပြုလုပ်ရန် စီစဉ်ထားပါသည်။

ကုန်စည်ပြပွဲ၌ ပါဝင်ပြသခြင်းဖြင့် မြန်မာနိုင်ငံရှိ ကုမ္ပဏီများသည် နိုင်ငံတကာမှ လုပ်ငန်းရှင်များနှင့် စီးပွားရေးချိတ်ဆက်နိုင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ ကုန်ကျစရိတ်ကို လာရောက်ပြသမည့် ကုမ္ပဏီက ကျခံရမည်ဖြစ်ပါသည်။ ပြခန်းတစ်ခန်းလျှင် ဂျပန်ယန်း ၁၆၂၀၀၀ ပေးချေရမည်ဖြစ်ပါသည်။ လေ့လာလိုသူအနေနှင့်လည်း သွားရောက်လေ့လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ တက်ရောက်လိုသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုဗဟိုဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ်- ၀၁ ၂၅၄၀၂၃နှင့် Email:itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**MTC (Ygn)**



## မြို့ကြီးများ၏ ၆-၆-၂၀၁၆ မှ ၁၀-၆-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၆-၂၀၁၆) | အင်္ဂါ(၇-၆-၂၀၁၆) | ဗုဒ္ဓဟူး(၈-၆-၂၀၁၆) | ကြာသပတေး(၉-၆-၂၀၁၆) | သောကြာ(၁၀-၆-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၃˚C/၉၂˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | ၈၀% ၃၃˚C/၉၂˚F | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| မန္တလေးမြို့ | ၄၀% ၃၇˚C/၉၉˚F | ၇၀% ၃၇˚C/၉၇˚F | ၆၀% ၃၆˚C/၉၆˚F | ၆၀% ၃၆˚C/၉၆˚F | ၆၀% ၃၅˚C/၉၅˚F |
| မြစ်ကြီးနား | ၆၀% ၃၁˚C/၈၈˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၃˚F |
| လားရှိုး | ၆၀% ၂၈˚C/၈၃˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၇˚F |
| ကျိုင်းတုံ | ၆၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၈˚C/၈၂˚F |
| လွိုင်ကော် | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၁˚F | ၇၀% ၂၇˚C/၈၀˚F | ၇၀% ၂၆˚C/၇၉˚F |
| တောင်ကြီး | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၁˚C/၇၀˚F |
| မော်လမြိုင် | ၆၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၆၀% ၂၉˚C/၈၅˚F |
| ဘားအံ | ၇၀% ၃၂˚C/၉၀˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၄˚F |
| တောင်ငူ | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F |
| မုံရွာ | ၇၀% ၃၇˚C/၉၇˚F | ၆၀% ၃၅˚C/၉၅˚F | ၈၀% ၃၄˚C/၉၄˚F | ၈၀% ၃၃˚C/၉၂˚F | ၇၀% ၃၃˚C/၉၁˚F |
| ပုသိမ် | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၂၈˚C/၈၃˚F |
| မြိတ် | ၆၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| စစ်တွေ | ၇၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၂˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| မကွေး | ၇၀% ၃၄˚C/၉၃˚F | ၇၀% ၃၄˚C/၉၄˚F | ၈၀% ၃၃˚C/၉၂˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၃˚C/၉၁˚F |
| ဖလမ်း | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၄˚C/၇၅˚F | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၂˚C/၇၁˚F | ၈၀% ၂၁˚C/၇၀˚F |



## ပြင်သစ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး စိန်းမြစ်ရေလျှံတက်မှုကြောင့် လူထောင်ပေါင်းများစွာအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့

ပြင်သစ်နိုင်ငံ၏ မြို့တော်ပဲရစ်မြို့၏ တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိန်းမြစ်ရေလျှံတက်ခဲ့ရာ လူထောင်ပေါင်းများစွာတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း La Parisien သတင်းစာတွင် ဖော်ပြထားသည်။

စိန်းမြစ်ရေသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံးအကြိမ် လျှံတက်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

ပဲရစ်မြို့တောင်ပိုင်းရှိ Nemours တွင်နေထိုင်ကြသည့် ဒေသခံပေါင်း ၁၃၀၀၀ အနက် ၃၀၀၀ ကျော်ကို ရေဘေးမှ လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ အဆိုပါမြစ်ရေသည် ဒုတိယထပ်အထိ သို့ပင် မြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အလားတူ ပဲရစ်မြို့တွင်လည်း မြစ်ရေသည် ငါးမီတာခန့်အထိ မြင့်တက်လျက်ရှိရာ ရထားလမ်းများ၊ ကားလမ်းများမှာ သွားလာရခက်ခဲလျက်ရှိကြောင်း သတင်းများက ဖော်ပြထားသည်။

ပဲရစ်မြို့ပေါ်ရှိ Liuvre ပြတိုက်နှင့် Orsay ၏ ပြတိုက်အတွင်းသို့လည်း ရေများ ဝင်ရောက်နေသဖြင့် ပြတိုက်များအား ပိတ်ထားခဲ့ရသည်။ ထို့ပြင် မြစ်ရေ၏အခြေအနေ ထပ်မံမြင့်တက်လာနိုင်သဖြင့် ပြတိုက်များအတွင်းရှိ ရုပ်ထုများ၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် ပါဝင်နေသည့် Loire Valley ဘေးပတ်ဝန်းကျင်တွင်လည်း ရေများ ပတ်လည်ဝိုင်းရံလျက်ရှိသည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံသမ္မတ ဖရန့်ကိုစစ်ဟော်လန်ဒေးက ရေလွှမ်းမိုးမှု အထိခိုက်ဆုံးဒေသများအား အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားပြီး ဒေသဆိုင်ရာအာဏာပိုင်များအား အကူ အညီများ ပေးသွားမည်ဟု ကတိပြုပြောကြားလိုက်သည်ဟု ပြင်သစ်နိုင်ငံထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြထားသည်။

စိန်းမြစ်ရေသည် လွန်ခဲ့သည့် ၁၉၁၀ ပြည့်နှစ်က အမြင့် ၈ ဒသမ ၆ မီတာသာ မြင့်တက်ခဲ့သော်လည်း အနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ပဲရစ်မြို့တော်သူ၊ မြို့တော်သား ထောင်ပေါင်းများစွာတို့ ထွက်ပြေးခဲ့ရကြောင်း မှတ်တမ်းများအရ သိရသည်။

## တရုတ်(တိုင်ပေ)တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် Taoyuan လေဆိပ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွား

တရုတ်(တိုင်ပေ)တွင် ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့တော်တိုင်ပေ၏ အဓိကလေဆိပ်ဖြစ်သည့် Taoyuan လေဆိပ်တွင် ရေလွှမ်းမိုးခဲ့ကြောင်း ချိုင်းနားပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါလေဆိပ်တွင် ရေများဖုံးလွှမ်းနေမှုကြောင့် လေယာဉ်ခရီးစဉ်ပေါင်း ၂၁၉ ခုကို ရပ်ဆိုင်းခဲ့ရသဖြင့် လေဆိပ်တွင်ခရီးသွားများ သောင်တင်လျက်ရှိကြောင်း၊ ဇွန် ၃ ရက်အထိ မိုးဆက်လက်ရွာသွန်းလျက်ရှိရာ ရေလွှမ်းမိုးမှုများမှာ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းလေဆိပ်အနီးတွင်ရှိသည့် ပူရှင်းမြစ်၏ ရေထိန်းနံရံပြိုကျမှုကြောင့် လေဆိပ်၏ခရီးသည်များနှင့် ကုန်ပစ္စည်းများထားရှိရာ နေရာအတွင်းသို့ ရေများဝင်ရောက်လာမှုကြောင့်အခြေအနေ ပိုမိုဆိုးရွားနေခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပူရှင်းမြစ်ရေသည် မြစ်၏စိုးရိမ်ရေမှတ်အထက် ၄ ဒသမ ၂ မီတာအမြင့်သို့ ရောက်ရှိနေပြီး မိုးဆက်လက်ရွာသွန်းနေပါက ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်ကို စိုးရိမ်ပူပန်မိကြောင်း၊ မိုး



သည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေလွှမ်းမိုးမှုများကို ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းအသစ်များကို ကြံဆထားရန်နှင့် လေဆိပ်များပတ်ဝန်းကျင်တွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်လာခြင်းမရှိအောင် ဆောင်ရွက်နိုင်ရန်တို့ကို တရုတ်(တိုင်ပေ)ဝန်ကြီးချုပ် လင်ချွမ်းက ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)မိုးလေဝသဗျူရို၏ သတင်းထုတ်ပြန်ချက်များအရ မြို့တော်တိုင်ပေတွင် မိုးများရွာသွန်းနေသော်လည်း မိုးမရွာသည့်နေ့ဖြစ်သည့် ဇွန် ၂ရက်တွင် အပူချိန်သည် ၃၈ ဒသမ ၇ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ရာ အမြင့်ဆုံးအပူချိန်အဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

သင့်ကျန်းမာရေး

# နွားနို့မတည့်တဲ့လူခြောက်မျိုး

ဒေါက်တာလွင်သန့်

**နွားနို့ဟာ အားအင်ပြည့်ဝစေတဲ့ လူတို့မှီဝဲတဲ့ ရှေးအကျဆုံး အာဟာရတစ်မျိုးဖြစ်ပါတယ်။ နွားနို့နဲ့မတည့်တဲ့ လူခြောက်မျိုးရှိပါတယ်။**

**(၁) သံဓာတ်ချို့တဲ့သွေးအားနည်းသူများ။** အစားအသောက်မှာပါရှိတဲ့ ဖဲလိုသံဓာတ်ဟာ အစာချေလမ်းကြောင်းမှာ "ဖဲရီသံဓာတ်" အဖြစ် ပြောင်းလဲသွားမှ ခန္ဓာကိုယ်က စုပ်ယူအသုံးပြုနိုင်တယ်။ နွားနို့များများ သောက်ရင် နို့မှ ကယ်ဆီယမ်ဓာတ်၊ ဖော့စရပ်ဓာတ်များနဲ့ ဓာတ်ပြုပြီး မပျော်ဝင်နိုင် ပစ္စည်းများအဖြစ်ပြောင်းလဲသွားရင် သံဓာတ်စုပ်ယူအသုံးချမှု ထိခိုက်နိုင်ပါတယ်။ သွေးအားနည်းခြင်းကို အားဖြည့်ပြီးကျန်းမာစေဖို့ (နွားနို့သောက်ပေးခြင်းက အထောက်အကူမပြုဘဲ) ထိခိုက်စေတယ်။

**(၂) အစာအိမ်လမ်းကြောင်း ရောင်ရမ်းသူ။** သုတေသနပြုချက်အရ အစာအိမ်လမ်းကြောင်း အောက်အဆင်းရှိ တွန်းအားပေးကြွက်သားများရဲ့ ကျုံ့အားကို အဆီပါတဲ့နွားနို့က ထိခိုက်စေတယ်။ ဒါကြောင့် အစာအိမ်အရည်(သို့မဟုတ်)အူလမ်းကြောင်း အရည်ပြောင်းပြန်ဆန်စီးဆင်းဖို့ အားပေးသလိုဖြစ်နိုင်ပြီး အစာအိမ်လမ်းကြောင်း ရောင်ရမ်းခြင်းကို ပိုမိုဆိုးဝါးစေနိုင်တယ်။

**(၃) ဝမ်းဗိုက်ခွဲစိတ်ပြီးလူနာများ။** ယင်းလူနာများဟာ " အူလေပွခြင်း" ဖြစ်လေ့ရှိတယ်။ နွားနို့မှာ အဆီဓာတ်နှင့်ကစင်းခေါ်နို့အသားဓာတ်များ အချဉ်ဖောက်လွယ်ပြီး လေထွက်နိုင်တယ်။ အူလမ်းကြောင်း လေပွခြင်း ဖြစ်စေနိုင်တယ်။ အူလမ်းကြောင်းလှုပ်လှုပ်ရွရွလှုပ်ရှားနိုင်စွမ်းအား ပြန်လည်ကောင်းမွန်လာဖို့ အကျိုးယုတ်စေနိုင်တယ်။

**(၄) အစာချေလမ်းကြောင်းအနာခွက်ဖြစ်သူများ။** အစာချေလမ်းကြောင်း အနာခွက်၏မျက်နှာပြင်ပေါ်ကို အစာချေအက်ဆစ်ရည်များရဲ့ ထိတွေ့ထိုးဆွခြင်းကို နွားနို့ကဖြေလျော့စေနိုင်တယ်။ နွားနို့ဟာ အစာအိမ်နဲ့ အူလမ်းကြောင်း အချွဲမြှေးမှ အစာချေအက်ဆစ်ရည်အမြောက်အမြား ထွက်စေနိုင်လို့ ရောဂါပိုမိုဖြစ်စေနိုင်တယ်။

**(၅)လက်တိုဘိုင်အိုနစ် အက်ဆစ် (Lactobionic acid) ချို့တဲ့သူများ။** နွားနို့မှာ လက်တိုခေါ်နို့ သကြားဓာတ်ပါဝင်မှုများတယ်။ အစာချေလမ်းကြောင်းမှာ (Lactobionic Acid) ရဲ့ လုပ်ဆောင်မှုနဲ့ နို့သကြားတစ်ဝက်နှင့် ဂလူးကို့စ်သကြားတစ်ဝက်ဖြစ်အောင် ဖြိုခွဲပြီးမှသာ လူခန္ဓာကိုယ်မှ စုပ်ယူအသုံးပြုနိုင်တယ်။ ယင်းချို့တဲ့ရင် နွားနို့သောက်ပြီး ဗိုက်နာကာဝမ်းလျှောခြင်းဖြစ်စေနိုင်တယ်။

**(၆) သည်းခြေအိတ်ရောင်ရမ်းနာနှင့်ပန်ကရိယရောင်ရမ်းနာရှိလူနာများ။** နွားနို့မှာ ပါဝင်တဲ့ အဆီဓာတ်ကို ချေဖျက်ဖို့ သည်းခြေရည်နှင့် ပန်ကရိယရည်များ ပါဝင်ဖို့လိုတယ်။ နွားနို့သောက်ခြင်းဖြင့် သည်းခြေနှင့် ပန်ကရိယတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်တဲ့အတွက် ရောဂါပိုမိုဆိုးရွားစေနိုင်ပါတယ်။

နွားနို့က " ကမ္ဘာဦးကာလကတည်းက " ကလူတွေရဲ့ အာဟာရပါပဲ။ ဒါကို နည်းစနစ်ပိုင်းမှန်မှန်ကန်ကန် ကျိုချက်ပေးထားသည့်တိုင် ဖော်ပြပါလူခြောက်မျိုးမှာတော့ သောက်သုံးဖို့မသင့်ကြောင်း ဆွေးနွေးပေးလိုက် ပါတယ်။

# အမေရိကန်ပြည်ထောင်စုမှာ အသည်းရောင်အသားဝါစီရောဂါ ဖြစ်ပွားမှု အဆမတန်မြင့်တက်

အမေရိကန်ပြည်ထောင်စုမှာ အသည်းရောင်အသားဝါရောဂါစီပိုးနဲ့ ဆက်နွယ်ပြီးဖြစ်ပွားရတဲ့ သေဆုံးမှုက ၂၀၁၄ ခုနှစ်မှာ မကြုံဘူးလောက်အောင် မြင့်တက်ခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာများမှ မေ ၄ ရက်က ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။ ယခုသေဆုံးနှုန်းက အိပ်ချ်အိုင်ဗွီ၊ အဆုတ်ရောဂါတို့ အပါအဝင် အခြားကူးစက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးရတဲ့ အရေအတွက်စုစုပေါင်းထက်ပိုများပါတယ်။ ကူးစက်ရောဂါ အများစုကို သုံးလအတွင်းပျောက်ကင်းအောင်ကုသနိုင်တဲ့ ခေတ်မီဆေးဝါးတွေ ပေါ်ပေါက်နေတဲ့ကြားက ယခုကဲ့သို့သေဆုံးမှု အရေအတွက် တိုးပွားနေတာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ အသည်းရောင်အသားဝါ စီပိုးကြောင့် သေဆုံးခဲ့ရသူဦးရေမှာ ထိတ်လန့်တုန်လှုပ်စရာကောင်းလောက်အောင် မြင့်မားလာခဲ့ကြောင်း၊ အထူးသဖြင့် ထိုးဆေးကို အသုံးပြုသူတွေမှာ ပိုမိုဖြစ်ပွားတတ်ကြောင်း ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာက ထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်းမှာ အသည်းရောင်အသားဝါစီပိုး ကူးစက်မှုအခြေအနေမှာ နှစ်ဆကျော်တိုးတက်လာခဲ့ပါတယ်။ အသည်းရောင်အသားဝါစီပိုးရဲ့ ရောဂါလက္ခဏာတွေက သတိထားမိနိုင်ဖို့ ခဲယဉ်းတဲ့အတွက် ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့သူဦးရေ ၂၁၉၄ ဦးက အမှန်တကယ် ဖြစ်တာနဲ့နှိုင်းယှဉ်ရင် ဆယ်ပုံတစ်ပုံလောက်သာရှိလိမ့်မယ်လို့ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာမှ ဒေါက်တာဂျွန်ဝပ်ကပြောပါတယ်။

"စစ်ဆေးဖော်ထုတ်နိုင်မှု အကန့်အသတ်ရှိတာနဲ့ အစီရင်ခံစာရနိုင်တဲ့ အခြေအနေနည်းတာတွေကြောင့် ကူးစက်ရောဂါခံစားသူဦးရေက တစ်နှစ်ကိုသုံးသောင်းလောက်ရှိမယ်လို့ ကျွန်တော်တို့ခန့်မှန်းပါတယ်။ ဒါကြောင့် သေဆုံးမှုနဲ့ ကူးစက်ပြန့်ပွားမှုက တိုးတက်နေတယ်လို့ ဆိုပါတယ်။ ဖြစ်ပွားနေတဲ့အရေအတွက် ကိန်းဂဏန်းကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့စစ်မျက်နှာနှစ်ဖက်ဖွင့်ရပါလိမ့်မယ်။ ပထမအလုပ်က သေဆုံးနိုင်လောက်တဲ့အထိ မဖြစ်မီမှာ ပုန်းကွယ်နေတဲ့ ကူးစက်ရောဂါကို ကျွန်တော်တို့စစ်ဆေးပြီးကုသပေးနိုင်ဖို့ ချက်ချင်းလုပ်ရပါမယ်။ နောက်တစ်ခုက ကူးစက်ပြန့်ပွားမှု ဆက်မဖြစ်အောင် ကာကွယ်ရပါမယ်"လို့ ဝပ်က ပြောပါတယ်။

အသည်းရောင်အသားဝါရောဂါက အသည်းရောင်ရာမှတစ်ဆင့်ဖြစ်ပွားတတ်ပြီး ဗိုင်းရပ်ပိုးမှ တစ်ဆင့်ကူးစက်ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ကူးစက်ရောဂါတာရှည်ဖြစ်ခြင်း သို့မဟုတ် ကုသမှု ခံယူမှုမရှိခြင်းတို့ကြောင့် အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာနဲ့ အသည်းအလုပ်မလုပ်တဲ့ရောဂါတွေဖြစ်ပွားတတ်ပါတယ်။ အမေရိကန်ပြည်ထောင်စု မှာ အသည်းရောင်အသားဝါနာတာရှည်ရောဂါ ခံစားနေသူ ၃ ဒသမ ၅ သန်းရှိမယ်လို့ ခန့်မှန်းပါ တယ်။ ဒီလိုခံစားနေရသူတွေအနက် တစ်ဝက်လောက်က သူတို့ ဒီရောဂါခံစားနေရတယ်ဆိုတာကို မသိကြပါဘူးလို့ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာက ပြောပါတယ်။

ရောဂါဖြစ်ပွားတဲ့အထဲမှာ အများဆုံးက Baby Boomer လို့ခေါ်တဲ့ ၁၉၄၅ ခုနှစ်ကနေ ၁၉၆၅ ခုနှစ်အတွင်းမွေးဖွားခဲ့သူတွေဖြစ်ပါတယ်။ သူတို့ထဲက အထူးသဖြင့် ၁၉၉၂ ခုနှစ်မတိုင်မီက သွေးသွင်းကုသမှု သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်း အစားထိုးကုသမှုခံယူဖူးသူတွေ ဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ် နောက်ပိုင်းမှသာ လှူထားတဲ့သွေးနဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ရောဂါစစ်ဆေးမှုတွေ ပြုလုပ်နိုင်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

"ကူးစက်ရောဂါကြောင့် သေဆုံးရတဲ့ ပျမ်းမျှသက်တမ်းက ၅၉ နှစ် ဖြစ်ပါတယ်။ ရောဂါက အဆိုးဝါးဆုံးအခြေအနေ မရောက်မီအထိ လူနာကဘာမှ မခံစားရတဲ့အတွက် သူတို့ ရောဂါကူးစက်ခံနေရတယ်ဆိုတာကို လူအများစုက မသိကြပါဘူး။ ၁၉၄၅ ခုနှစ်ကနေ ၁၉၆၅ ခုနှစ်အတွင်း မွေးဖွားကြသူတိုင်း ဆရာဝန်နဲ့ပြသပြီး စစ်ဆေးမှုခံယူစေချင်ပါတယ်။ သွေးစစ်ရုံသက်သက်ပါ။ ပုံမှန်ဆေးစစ်တဲ့အတိုင်း စစ်ဆေးသွားရုံပါပဲ"လို့ ဝပ်ကပြောပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်က ထိုးဆေးနဲ့ ကုသတာဖြစ်ပြီး ဘေးထွက်ဆိုးကျိုးများတဲ့အတွက် ထိရောက်မှုက ၅၀ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါပေမယ့် ဆေးဝါးထုတ်လုပ်သူတွေရဲ့ ကြိုးပမ်းမှုကြောင့် စားဆေးတွေပေါ်လာပြီး စားဆေးရော၊ ထိုးဆေးပါရောပြီး ကုသမှုပေးနိုင်တဲ့အတွက် ထိရောက်မှုကရာနှုန်း ၈၀ နဲ့ ၉၅ အထိရောက်ရှိလာပါတယ်။

အခက်အခဲတစ်ခုရှိတာက ဆေးဝါးဈေးနှုန်း ဖြစ်ပါတယ်။ ဆေးကိုစံချိန်မီကုသမှုနဲ့ သုံးလကုသမယ်ဆိုရင် အမေရိကန်ဒေါ်လာ ၈၀၀၀၀ ကနေ ၁၂၀၀၀၀ ထိ ကုန်ကျနိုင်ပါတယ်။

သာမန်အားဖြင့် ချောင်းဆိုတာ၊ အစားအစာနဲ့ အသုံးအဆောင်ပစ္စည်းတွေ အတူတကွသုံးစွဲရုံနဲ့ ရောဂါကူးစက်မှု မဖြစ်နိုင်ပါဘူး။ မိသားစုထဲမှာ ရောဂါခံစားနေရသူရှိပါက သွေးထွက်သံယိုဖြစ်ရင် အထူးသဖြင့် နှာခေါင်းသွေးလျှံတာမျိုးဖြစ်ရင် ဂရုစိုက်ရပါမယ်။ ဗိုင်းရပ်ပိုးက အခန်းတွင်းအပူရှိန်နဲ့ဆိုရင် ခြောက်သွေ့နေတဲ့သွေးထဲမှာပင် ရက်သတ္တပတ်သုံးပတ်အထိ အသက်ရှင်နိုင်ပါတယ်။ သွေးကို သန့်ရှင်းရေးလုပ်ရင် လက်အိတ်ကိုအသုံးပြုရပါမယ်။

**စံမီအောင်**

# မေးခိုင်ရောဂါကာကွယ်ဆေး အတုများ ထွက်ပေါ်နေကြောင်း ဖိလစ်ပိုင်နိုင်ငံမှာ သတိပေးချက်ထုတ်ပြန်

မေးခိုင်ရောဂါ ကာကွယ်ဆေးလို့ ပြောပြီး ရောင်းချနေတဲ့ မေးခိုင်ရောဂါကာကွယ်ဆေးအတုတွေ ဈေးကွက်ထဲမှာ ပျံ့နှံ့နေကြောင်း ဖိလစ်ပိုင်ဆေးဝါးလုပ်ငန်းတစ်ခုကသတိပေးထားပါတယ်။ ဆေးအတုတွေကို ထုတ်လုပ်ဖြန့်ချိနေသူအားခြေရာခံထောက်လှမ်းပေးရန် မေးခိုင်ကာကွယ်ဆေး အမှတ်တံဆိပ် Sharjvax ကို ဖြန့်ချိတဲ့ အင်တာနေရှင်နယ် ထရေးဒင်းကုမ္ပဏီက အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေးအဖွဲ့ (Food and Drug Administration-FDA) ကို တိုင်ကြားထားပါတယ်။

"Sharjvax ဆိုတဲ့ကုန်အမှတ်တံဆိပ်နဲ့ မေးခိုင်ကာကွယ်ဆေး (ATS) ကို ကျွန်တော်တို့ ဖြန့်ချိလျက်ရှိပါတယ်။ ဒီဆေးက FDA မှာ မှတ်ပုံတင်ထားပြီးလည်း ဖြစ်ပါတယ်။ ယခုအချိန်မှာ ဒီဆေးကိုအတု ထုတ်လုပ်ရောင်းချနေသူရှိနေပြီး ထုတ်လုပ်တဲ့နေရာဇာစ်မြစ်ကို စုံစမ်းနေဆဲဖြစ်ပါတယ်" ဟု ကုမ္ပဏီပြော ရေးဆိုခွင့်ရှိသူ မက်ကာကာလန်ဂန်က ပြောပါတယ်။

"အတုထုတ်လုပ်သူက ကျွန်တော်တို့အတွက် ချပေးထားတဲ့ FDA မှတ်ပုံတင်နံပါတ်ကိုပဲသုံးပြီး ရောင်းချနေပါတယ်။ ဆေးအတုကိုသုံးပြီး လူနာကို ကုသမယ်ဆိုရင် ကျန်းမာရေးအပေါ်မှာ ဘယ်လိုအကျိုးဆက်တွေ ဖြစ်ပေါ်မယ်ဆိုတာကို ကျွန်တော်တို့ မပြောနိုင်သေးပါဘူး"လို့ မက်ကာကာလန်ဂန်က ပြောပါတယ်။

မေးခိုင်ကာကွယ်ဆေးကို ဝယ်ယူအသုံးပြုမယ်ဆိုရင် စိတ်ချရတဲ့နေရာတွေနဲ့ ကုမ္ပဏီကအသိအမှတ်ပြုထားတဲ့ ဖြန့်ဖြူးသူတွေထံမှသာ ဝယ်ယူဖို့ ကုမ္ပဏီက ပြောကြားပါတယ်။

**စံမီအောင်**



## AFC U-14 Girls Regional Championship 2016 ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာယူ-၁၄ အမျိုးသမီးနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ရမည်

လာအိုနိုင်ငံတွင် ကျင်းပလျက်ရှိသည့် AFC U-14 Girls Regional Championship 2016 ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် မြန်မာ ယူ-၁၄ အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင် ယူ-၁၄အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၄ အသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စု(ခ)တွင် အုပ်စုဗိုလ်အဖြစ် ဆီမီးသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အုပ်စု(က)မှ ဖိလစ်ပိုင် ယူ-၁၄အသင်းသည် အုပ်စု(က)၏အုပ်စုဒုတိယအဖြစ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။

မြန်မာ ယူ-၁၄အသင်းသည် မေ ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဗီယက်နမ်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ပြီး၊ ဇွန် ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်မလေးရှားအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာအုပ်စုပထမနေရာကို ရယူနိုင်ခဲ့သည်။

ထို့ပြင် ဇွန် ၂ရက်က အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် စင်ကာပူအသင်းနှင့်ပွဲစဉ်တွင် မြန်မာအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာအုပ်စုပထမနေရာကို လွတ်လွတ်ကျွတ်ကျွတ် ရယူနိုင်ခဲ့သည်။

မြန်မာအသင်းအတွက် ဂိုးများကို ဗီယက်နမ်နှင့်ပွဲစဉ်တွင် မေသွယ်ကို(မိနစ် ၆၀)၊ မလေးရှားအသင်းနှင့် ပွဲစဉ်တွင် အိမ်စည်သက်ညို(၂၈ မိနစ်)၊ သီရိကျော်(မိနစ် ၅၀)၊စင်ကာပူအသင်းနှင့်ပွဲစဉ်တွင် မြတ်နိုးခင်(၁၂မိနစ်၊ ၁၆ မိနစ်)တို့က သွင်းယူပေးခဲ့ကြောင်း သိရသည်။

အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည့် ဗီယက်နမ်အသင်းသည် စင်ကာပူအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်သာအနိုင်ရရှိခဲ့သဖြင့် အုပ်စု(ခ)တွင်မြန်မာအသင်းနှင့်ရမှတ်တူဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။

အိမ်ရှင်အသင်းဖြစ်သည့် လာအိုအသင်းမှာ အုပ်စု(က)တွင် သုံးပွဲကစားသုံးပွဲရှုံးဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ထိုင်းအသင်းသည် အုပ်စုအဆင့်တွင် သုံးပွဲကစားနှစ်ပွဲနိုင် တစ်ပွဲသရေဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေပြီး ဖိလစ်ပိုင်အသင်းမှာ နှစ်ပွဲနိုင် တစ်ပွဲသရေဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

## အောင်သူနှင့် ကျော်ဇင်ဖြိုးတို့ကို ပရီးမီးယားကော်ဖီ၏ အမှတ်တံဆိပ် သံတမန်အဖြစ်ခန့်အပ်

မြန်မာ့လက်ရွေးစင် ကစားသမားနှစ်ဦးဖြစ်သည့် အောင်သူနှင့် ကျော်ဇင်ဖြိုးတို့ကို ပရီးမီးယားကော်ဖီ၏ အမှတ်တံဆိပ်သံတမန် (Premier Coffee Brand Ambassador) အဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

"လက်ရွေးစင်အသင်းမှာ အကောင်းဆုံးစွမ်းရည်တွေ ပြသနိုင်ခဲ့လို့ အခုလိုဂုဏ်ပြုလိုက်တာပါ။ မြန်မာ့လက်ရွေးစင်အသင်းနဲ့ နောက်ထပ်လက်တွဲသွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟု ပရီးမီးယား ကော်ဖီ၏ Deputy Head of Marketing ဖြစ်သူ မယဉ်ပြုံးဝေက ပြောကြားခဲ့သည်။

ပရီးမီးယားကော်ဖီကုမ္ပဏီသည် မြန်မာ့လက်ရွေးစင်အသင်းအား ၂၀၁၆ခုနှစ်အတွင်း Co-sponsor အဖြစ် ကျပ်ငွေသိန်း ၁၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

## ပြည်နယ်တိုင်းများတွင် ဘောလုံးအကယ်ဒမီကျောင်းများ ဖွင့်လှစ်ရန်အစီအစဉ်ရှိသည်ဟုဆို

လာမည့်နှစ်နှစ်အတွင်းဖီဖာ၏ပံ့ပိုးကူညီမှုဖြင့် ဘောလုံးအကယ်ဒမီများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့ကြီးများတွင်ဖွင့်လှစ်ရန်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးသန်းဇော်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ဘောလုံးအကယ်ဒမီတည်ဆောက်ဖို့ရှိပါတယ်။ ဧရာဝတီယူနိုက်တက်က တာဝန်ယူလုပ်ဆောင်မှာပါ။ တောင်ကြီးမှာလည်းလုပ်ဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ အခုလောလောဆယ်တော့ အဆိုပြုထားတုန်းပဲ ရှိပါသေးတယ်။ သေချာပေါက် ပြောလို့တော့ မရသေးပါဘူး။ လုပ်ဖြစ်မယ်ဆိုရင် အားလုံးကို အသိပေးသွားမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် လက်ရွေးစင်အသင်းနှင့်ယူ-၁၉ အသင်းတို့ကိုလည်း လာမည့် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ပြည်ပသို့စေလွှတ်၍ ခြေစမ်းပွဲများကစားနိုင်ရန် အစီအစဉ်များ ရေးဆွဲထားပြီး အရှေ့အလယ်ပိုင်းဒေသမှနိုင်ငံများ၊ ဥရောပဒေသမှနိုင်ငံများနှင့် အဓိကဆက်သွယ်ထားကြောင်း သိရသည်။




ယခုလက်ရှိတွင် ဘောလုံးအကယ်ဒမီကျောင်းများအဖြစ် ရန်ကုန်ဘောလုံးအကယ်ဒမီ၊ မန္တလေး ဘောလုံးအကယ်ဒမီနှင့် ပုသိမ်ဘောလုံးအကယ်ဒမီတို့သာ ရှိနေကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် အသင်းများအနက် ရန်ကုန်ယူနိုက်တက်အသင်းတစ်သင်းသာ ဘောလုံးအကယ်ဒမီတည်ထောင်ထားကာ လူငယ်ဘောလုံးသမားများ မွေးထုတ်ပေးလျက်ရှိကြောင်းသိရသည်။









## ဘောလုံးသူရဲကောင်းပီလီ၏ပစ္စည်းအမျိုးပေါင်း ၂၀၀၀ ကျော်ကို လေလံတင်ရောင်းချမည်

ဘရာဇီးနိုင်ငံ၏ကမ္ဘာ့ဘောလုံးသူရဲကောင်း တစ်ဦးဖြစ်သည့် ပီလီ၏ ပစ္စည်းအမျိုးပေါင်း ၂၀၀၀ ကျော်ကို လန်ဒန်မြို့တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း Plymouth Argyle ဘုတ်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပစ္စည်းများကို လေလံတင်ရောင်းချမှုမှ ပေါင်နှစ်သန်းခွဲမှ သုံးသန်းခွဲအထိ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ဘုတ်အဖွဲ့ကပြောကြားခဲ့သည်။ လေလံပွဲကို လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည်ဖြစ်ပြီး ပီလီ၏ပရိသတ်များနှင့် ထင်ရှားကျော်ကြားသူများ၏ပစ္စည်းများအား ရှာဖွေစုဆောင်းသူများအတွက် ရည်ရွယ်ပြီး လေလံတင်ရောင်းချရန် စီစဉ်ရခြင်းဖြစ်သည်ဟု ပီလီက ပြောကြားခဲ့သည်။

၎င်းလေလံတင်ပွဲမှ ရောင်းချရသည့်ငွေများအားလုံးကို လူမှုရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ဘုတ်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လေလံတင်ရောင်းချမည့် ပစ္စည်းများအနက် ၁၉၅၈ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၁၉၆၂ခုနှစ်တွင် မက္ကဆီကိုနှင့် ချီလီနိုင်ငံတို့ ပူးတွဲကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ပီလီရရှိခဲ့သည့် တစ်ဦးချင်း ဆုတံဆိပ်များပါဝင်ကြောင်း၊ အဆိုပါဆုတံဆိပ်များကို ရောင်းချခြင်းမှ အနည်းဆုံး ပေါင်တစ်သိန်းကျော်ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ၁၉၆၉ ခုနှစ်က မာရာကာနာဘောလုံးကွင်း၌ ဗာစကိုဒကားမားအသင်းနှင့် ဆန်းတို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဆန်းတို့စ်အသင်းအတွက် ပီလီသွင်းယူခဲ့သည့် ပင်နယ်တီဂိုးသည် ၎င်း၏ အကြိမ် ၁၀၀၀ မြောက် သွင်းဂိုးဖြစ်ပြီး ယင်းပွဲ၌ ပင်နယ်တီသွင်းယူခဲ့သည့် ဘောလုံးကိုလည်း လေလံပွဲတွင် ထည့်သွင်းထားခဲ့ကြောင်း၊ အဆိုပါဘောလုံး၏ လေလံတင်ရောင်းချဈေးမှာ ပေါင် ၂၇၀၀၀ မှ ပေါင် ၄၁၀၀၀ အထိရှိကြောင်း၊ ထို့ပြင် လူအများစိတ်ဝင်တစားရှိနေသည့် ၁၉၈၁ ခုနှစ်က ရိုက်ကူးပြသခဲ့သည့် Escape To Victory ရုပ်ရှင်ဇာတ်ကားတွင် ပီလီဝတ်ဆင်ခဲ့သည့် ဖိနပ်တစ်ရံကိုလည်း ထည့်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် ပီလီသည် စတားလုံး၊ ဆာဘော်ဘီမိုးရ်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊အဆိုပါဖိနပ်ကို ပေါင် ၅၅၀၀ ဖြင့် ရောင်းချရန် စီစဉ်ထားကြောင်း၊ ထို့ပြင် ပီလီကိုယ်ပိုင်သက်သေခံအထောက်အထားများဖြစ်သည့် ပါ့စ်ပို့တ်၊ ယာဉ်မောင်းလိုင်စင်၊ စစ်မှုထမ်းလက်မှတ်တို့ကိုလည်း လေလံတင်ရောင်းချရာတွင် ထည့်သွင်းထားကြောင်း၊ ပီလီ၏အခြားသော ထင်ရှားသည့်ပစ္စည်းများကိုလည်း ထည့်သွင်းထားကြောင်း ဘုတ်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ လေလံတင်ရောင်းချပွဲကို ဇွန် ၇ ရက်တွင် လန်ဒန်မြို့ရှိ Mall Galleries ၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## လက်ဝှေ့သူရဲကောင်း မိုဟာမက်အလီ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြင့် ကွယ်လွန်

အသက် ၇၄နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ္ဘာကျော် လက်ဝှေ့သူရဲကောင်း မိုဟာမက်အလီသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် ဆေးရုံတက်ရောက်ကုသ ခဲ့ပြီးနောက် ဇွန် ၄ ရက်နံနက်ပိုင်းက ကွယ်လွန်သွားခဲ့ကြောင်း မိုဟာမက်အလီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဘီဘီစီသတင်းဌာန သို့ ပြောကြားခဲ့သည်။

"မိုဟာမက်အလီသည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ Phonix ဆေးရုံတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ မိုဟာမက်အလီသည် ၁၉၈၄ ခုနှစ်ကတည်းက သတိမေ့တတ်သည့် ဦးနှောက်ပိုင်းဆိုင်ရာရောဂါကြောင့် လက်ဝှေ့လောကမှ အပြီးတိုင်အနားယူခဲ့ရသူဖြစ်သည်။

ထို့ပြင် မိုဟာမက်အလီသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းက ဆီးလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်၍ ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ မိုဟာမက်အလီ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍လည်း အလီ၏မိသားစုဝင်တစ်ဦးက အတည်ပြုကြောင်း အေအက်ဖ်ပီသို့ပြောကြားခဲ့သည်။ မိုဟာမက်အလီ၏ အသုဘအခမ်းအနားကို အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ် လူးဝစ္စဗီးလ်မြို့ရှိ နေအိမ်တွင်ပြုလုပ်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

# စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ ၂၆ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်လျက်ရှိသော ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများအား ဆွေးနွေး ဟောပြောခဲ့ပါသည်။

အဆိုပါ ပညာပေးဟောပြောပွဲတွင် စစ်ကိုင်းခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူရေးရာ သိကောင်းစရာများအား ပြောကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းခရိုင်ရုံးမှ ဒေါ်ကေသီအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေမှာပါရှိသော စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ လိုက်နာရမည့် အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်၍ အာမခံချက်ပေးနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း၊ အန္တရာယ်ရှိ Entertainment များ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားပြီး ဖြစ်ကြောင်းနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းရခြင်း အကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ကေသီအောင် (စစ်ကိုင်း)**

# ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်ရှိ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက် တွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်တဲ့ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ပြည်သူ့ဈေးအတွင်းရှိ ဆိုင်ခန်းများတွင် စားသုံးသူအကာအကွယ်ပေးရေးနဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ၊ တားမြစ်ကုန်ပစ္စည်းများ၏ ရောင်စုံပုံနှိပ်စာစောင်များ ဝေငှပြီး တားမြစ်ကုန်စည်များရဲ့ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစိစစ်ခဲ့ပါတယ်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဘီးလင်းမြို့နယ်သို့ သွားရောက်ခဲ့ပြီး ဘီးလင်းမြို့ပေါ်ရှိ မင်္ဂလာဈေးတွင် ရောင်းချဖြန့်ဖြူးသူ လုပ်ငန်းရှင်များနဲ့ တွေ့ဆုံ၍ ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးနဲ့ ဥပဒေပါအချက်များအကြောင်းအား လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသူရဇော်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအကြောင်းအား ဆွေးနွေး ဟောပြောခဲ့ပြီး တက်ရောက်လာတဲ့ လုပ်ငန်းရှင်များအား ဌာနမှ လက်ကမ်းစာစောင်များနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ ဝေငှပေးခဲ့ပါတယ်။

**Mon Consumer**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးရှိကုန်သွယ်မှုသင်တန်းခန်းမ၌ မေ ၃၀ ရက်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ စုံညီစွာတက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် စားသုံးသူပြည်သူများအတွက် အရေးကြီးပါကြောင်း၊ အစိုးရ၏ရက် ၁၀၀ စီမံကိန်းတွင် လိုအပ်သော ပံ့ပိုးမှုများ ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများမှလည်း စားသုံးသူရေးရာဦးစီးဌာနနှင့် အတူတကွ ပူးပေါင်းပါဝင်ကြရန်၊ စေတနာ၊ ကရုဏာ၊ ဝါသနာပါထား၍ တိတိကျကျလုပ်ပေးရန် လိုအပ်ပါကြောင်း၊ အစိုးရဌာနမဟုတ်သော ပြင်ပအဖွဲ့အစည်းများနှင့်လည်း လက်တွဲဆောင်ရွက်ကြရန် မှာကြားပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ကားပြည်နယ် ဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နည်းဥပဒေမရှိ သေးပါကြောင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို တိုင်းဒေသကြီး ပြည်နယ်အဆင့်မှ ညှိနှိုင်းဆွေးနွေး အကြံပြုပါရန် မေတ္တာရပ်ခံပါကြောင်း၊ စားသုံးသူပြည်သူများကို အခြေခံကျပြီး ဆွေးနွေးပညာပေးရန် လိုအပ်ပါကြောင်း၊ FDAနှင့် ဌာနဆိုင်ရာမှ ပူးပေါင်းကူညီပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ စားသောက်နိုင်ရေးနှင့် ထုတ်လုပ်သူများ သန့်ရှင်းလတ်ဆတ်စွာ ထုတ်လုပ်ရန်အတွက် စားသုံးရေးရာ ဦးစီးဌာန ကယားပြည်နယ် ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးဆောင်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့သည် မေ၁၁ ရက်က လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ နိုင်ငံတော်မှ စားသုံးရန်မသင့် ဟု ထုတ်ပြန်ထားသော ရွှေဟင်္သာအမှတ်တံဆိပ် အရောင်တင်မှုန့်၊ မြင်းပျံတံဆိပ် ဆီတို့ဟူး၊ မှတ်ပုံတင် ထားခြင်းမရှိသောဆေးဝါးများနှင့် သက်တမ်းလွန် ဆေးဝါး စုစုပေါင်းတန်ဖိုး ၄၆၂၈၁၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီးသိမ်းဆည်းထားသောပစ္စည်းများကို အများပြည်သူများ၏ရှေ့တွင် မီးရှို့ဖျက်ဆီး မည်ဖြစ်ကြောင်း သိရှိရသည်။

**လွင်ကိုအောင် (လွိုင်ကော်)**

# စားသုံးသူအကာအကွယ်ပေးရေးဥပဒေ နှင့် သိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေး

ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးခွန်ကျော်ဌေး(ရုံးအုပ်) သည် ဇွန် ၁ ရက်က တောင်ကြီးမြို့နယ်၊ ကန်ကြီးရပ်ကွက်၊ ပအိုဝ်းအမျိုးသား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကွင်းတွင် ကျင်းပပြုလုပ်သော (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် မျက်နှာစုံညီ (ညီလာခံ) အစည်းအဝေးတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် သိကောင်းစရာများအကြောင်းကို ဟောပြော ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး၌ ဦးခွန်ကျော်ဌေး (ရုံးအုပ်) က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ၊စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်တန်းမှု လက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဝန်ဆောင်မှုများ၊ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အန္တရာယ်ကင်းရှင်းရေးအကြောင်း၊ အချို့မှုန့်၊ ဆိုးဆေးနှင့် စားသုံးဆီများအကြောင်း၊ စားသောက်ရန်မသင့်သည့် မုန့်ပဲသရေစာ၊ အစားအသောက်၊ ဆေးဝါးနှင့် သုံးစွဲရန် မသင့်သော အလှကုန်များ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီနှင့်တကွ ဟိုပုံး ၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ စုစုပေါင်း အင်အား ၂၃၀ တက်ရောက်ခဲ့ပါသည်။

**ခြူးခြူး(တောင်ကြီး)**

# ဖျာပုံခရိုင်၊ နောက်မီးကျေးရွာတွင် မျှင်ငါးပိဆိုးဆေးကင်းစင်ရေး အသိပညာပေးဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများသည် မေ ၁၉ ရက်တွင် ဖျာပုံမြို့သို့သွားရောက်၍ ဖျာပုံခရိုင်ဦးစီးမှူးနှင့် တွေ့ဆုံကာ ဖျာပုံခရိုင်မှ တာဝန်ရှိသူများ၊ ကျားပိုက်လုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးသံချောင်းတို့နှင့်အတူ ဖျာပုံခရိုင်၊ အမာမြို့နယ်အပိုင်၊ နောက်မီးကျေးရွာသို့ သွားရောက်ခဲ့ပါတယ်။



နောက်မီးကျေးရွာသို့ ရောက်ရှိစဉ် မျှင်ငါးပိလုပ်ငန်းရှင် ဒေါ်အေးအေးခင်၏ နေအိမ်တွင် အမာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး၊ ကျေးလက်ကျန်းမာရေးဦးစီးမှူး၊ မျှင်ငါးပိလုပ်ငန်းရှင်များနဲ့ တွေ့ဆုံပြီး မျှင်ငါးပိများတွင် ဓာတုဆိုးဆေးများ ကင်းစင်ရေး၊ စားသုံးသူ ဘေးအန္တရာယ်ကင်းစင်ရေးနဲ့ မိမိတို့ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးတို့အတွက် အလေးပေး ဆောင်ရွက်သွားရန်သာမက FDA ၏ ဆိုးဆေး ကင်းရှင်းကြောင်း ထောက်ခံချက်များလည်း လိုအပ်ပြီး မိမိတို့ထုတ်ကုန်များကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းရောင်းချမှုသာမက ပြည်ပဈေးကွက်ရှိပါက ဈေးကွက်ထိုးဖောက်နိုင်အောင်လည်း မိမိတို့ဌာနမှ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေး ပြောကြားပြီး မျှင်ငါးပိစက်ရုံများတွင် ကြိတ်ခွဲမှု၊ သိုလှောင်မှုနှင့် ထုပ်ပိုးမှု အခြေအနေများနှင့် ဆိုးဆေးပါဝင်မှုရှိ/မရှိ သွားရောက်ကြည့်ရှုခဲ့ပါတယ်။

ပင်လယ်ကျားပိုက်လုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးသံချောင်းကလည်း နောက်မီးကျေးရွာဟာ အိမ်ခြေ ၂၀၀၀ ခန့်ရှိပြီး၊ လူဦးရေ ၁၀၂၀၀ ကျော် နေထိုင်လျက်ရှိပြီး တစ်ရွာလုံး မျှင်ငါးပိထုတ်လုပ်သော ကျေးရွာဖြစ်ကြောင်း၊ မျှင်ငါးပိ ထုတ်လုပ်သော စက်ရုံပေါင်း ၅၀ ကျော်ရှိပြီး၊ လုပ်ငန်းရှင်တစ်ဦးလျှင် တစ်လကို မျှင်ငါးပိ ပိဿာချိန်တစ်သိန်းခန့် ထုတ်လုပ်နိုင်ကြောင်း၊ မျှင်ငါးပိရာသီမှာ တစ်နှစ်လျှင် ရှစ်လခန့်ရှိပြီး ဧပြီလမှ ဇူလိုင်လအထိ လုပ်ငန်းရပ်နားထားကြောင်း၊ မြန်မာနိုင်ငံ ငါးပိထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို မိမိတို့ ကျေးရွာမှ ထုတ်လုပ်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆိုးဆေးကင်းစင်ရေး အသိပညာပေးခြင်းနဲ့ ယခုလည်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နဲ့ အဖွဲ့မှလည်း ထပ်မံအသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနဲ့ ငါးပိတွင် ဆိုးဆေးကင်းစင်ရေးနဲ့ စားသုံးသူ အန္တရာယ်ကင်းစင်ရေး အတွက် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးရှိ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပြီးခဲ့သည့် မေလအတွင်းက ပခုက္ကူခရိုင်အတွင်းရှိပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ တို့ကို မြို့နယ်များရှိ မြို့မစည်ပင်သာယာဈေးများသို့ သွားရောက်၍ ကွင်းဆင်းလေ့လာစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ပြုလုပ်ဆောင်ရွက်ခဲ့ရာတွင် ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ပခုက္ကူမြို့နယ်ရှိ အရှေ့ချောက်ကန်ရွာ၊ ကျွဲတဲကျေးရွာ၊ ကန်တော်ကျေးရွာ၊ ကန်ရပ်ကြီးကျေးရွာနှင့် ပခုက္ကူမြို့ပေါ်ရှိ Actionaid သင်တန်းကျောင်းများတွင် စုစုပေါင်း ငါးကြိမ်၊ မြိုင်မြို့နယ်ရှိနှမ်းဆီကန် အုပ်စုရွာ၊ မြေရင့်ရွာ၊ ပိုက်သင်ကျေးရွာ၊ စဘေရွာ၊ ကျောက်ဆောက်ရွာ၊ ဝက်ကျရွာနှင့် မြိုင်မြို့ပေါ် Actionaid သင်တန်းကျောင်းများတွင် စုစုပေါင်း ခုနစ်ကြိမ်၊ ပေါက်မြို့နယ်ရှိ ပျဉ်းချောင်း ကျေးရွာ၊ ဘုရားတောင်ကျေးရွာ၊ အုန်းတောကျေးရွာ၊ မြို့နယ်စည်ပင် သာယာဈေး၊ သပွတ်စုကျေးရွာနှင့် လယ်လန်းကျေးရွာတို့တွင် စုစုပေါင်းခြောက်ကြိမ်၊ ရေစကြိုမြို့နယ်ရှိ ကျောက်လှေခါးကျေးရွာ၊ ထန်းငယ်တောကျေးရွာ၊ ဥက္ကံကျေးရွာ၊ သဲတောကျေးရွာ၊ မြို့နယ်စည်ပင်သာယာဈေးနှင့် ရေစကြိုမြို့ပေါ်ရှိ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် စုစုပေါင်းခြောက်ကြိမ် ဆိပ်ဖြူမြို့နယ်ရှိ တူရွှင်းမြောကျေးရွာ၊ ချောင်းမကြီးကျေးရွာ၊ အနောက်ကံတွင်းကျေးရွာ၊ သဖန်းတုန်းကျေးရွာ၊ မန်ကျီးကုန်းကျေးရွာ၊ တပ်စုကျေးရွာ၊ တဲကြီးကျေးရွာ၊ ထန်း ပင်ကန်ကျေးရွာ၊ ဂျုတ်ချောင်လေး ကျေးရွာ၊ မြေကြမ်းတောကျေးရွာနှင့် မြို့ပေါ်ရှိ ယောဝရပ်ကွက်၊ အလယ်ပိုင်း ရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်များရှိ လုပ်ငန်းရှင်များတို့ထံတွင် စုစုပေါင်း ၁၁ ကြိမ်၊ ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဂန့်ဂေါမြို့နယ်တွင်းရှိ ရွာစည်ရွာ၊ လာဘ်ရွာ၊ ကျော်ရွာ၊ ခေါင်းတုံရွာ ညောင်လယ်ရွာနှင့် မြို့မ စည်ပင်သာယာဈေးများတွင် စုစုပေါင်း ခြောက်ကြိမ်၊ ထီးလင်းမြို့နယ်ရှိ မြို့မ စည်ပင်သာယာဈေး၊ မြို့မ(၁) ရပ်ကွက်၊ မြို့မ(၂) ရပ်ကွက်၊ ပုဏ္ဏားရွာ၊ သရခါရွာ၊ ကျားခဲရွာတို့တွင် စုစုပေါင်း ခြောက်ကြိမ်၊ ကျောက်ထုမြို့နယ် လယ်ဆောရွာတွင် တစ်ကြိမ်၊ စုစုပေါင်း ပခုက္ကူ ခရိုင်၅ မြို့နယ်နှင့် ဂန့်ဂေါခရိုင် ၄ မြို့နယ်တို့တွင် မေလအတွင်း စုစုပေါင်း ၄၈ ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း လူဦးရေ ၄၈၀၀ တက်ရောက် ခဲ့ပါတယ်။ သက်ဆိုင်ရာ အခမ်းအနားများတွင် လက်ကမ်းစာစောင် ၄၄၁၅ စောင် ဖြန့်ဝေခဲ့ပါကြောင်း သိရှိရပါတယ်။

**ပပရွှေ (ပခုက္ကူ)**

# မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ ဈေးများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်



စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အများပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောခြင်းနှင့်ကွင်းဆင်းစစ်ဆေးခြင်းများကို မေ ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ညောင်ပင်လေးဈေး၌ လည်းကောင်း၊ မေ ၂၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာဈေး၌လည်းကောင်း အသိပညာပေးဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားများသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ညောင်ပင်လေးဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာဈေးမှဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ ဈေးသူ/ဈေးသားများ၊ စုစုပေါင်း ၆၀ ဦးတက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ တာဝန်ခံ ဦးမျိုးထွန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်များဖြစ်သည့် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးများက ကျန်းမာရေးနှင့်ပတ်သက်သော ဆောင်ရန်၊ရှောင်ရန်များနှင့် အစားအသောက်များတွင် အသုံးပြုနေသည့် ခွင့်မပြုဓာတုဆိုးဆေးများ၏ အန္တရာယ်ရှိပုံများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

အခမ်းအနားအပြီးတွင် ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ ညောင်ပင်လေးဈေးနှင့်ချမ်းမြသာစည်မြို့နယ်၊အောင်သာယာဈေးအတွင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ စစ်ဆေးကြည့်ရှုခဲ့ရာ ရောင်းချနေမှုမရှိကြောင်း သတင်းရရှိပါတယ်။

**တင်ချစ်ကောင်း၊ စားသုံးသူ(မန္တလေး)**

# အလုံမြို့နယ် အလုံဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာ ပေးဟောပြောဆွေးနွေးပွဲ ကျင်းပ



စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီး ဌာနနှင့်ပူးပေါင်း၍ ၂၀၁၆ ခုနှစ်၊ မေလ၃၁ ရက်က အလုံမြို့နယ်၊ အလုံဈေး၌ ဈေးရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ဈေးအတွင်း ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဆွေးနွေးပွဲတွင် စာသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်အလက်များနှင့် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုတို့ကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာစုမြတ်ဖြူနဲ့ အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ နန်းထက်ဝင်းတို့က ကျန်းမာရေးနှင့်ပြည့်စုံသည့်အစားအသောက်များ စားသုံးရန်တို့ကိုလည်းကောင်း အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်းသိရှိရပါတယ်။

ဆက်လက်၍ တာဝန်ရှိသူများသည် အလုံမြို့နယ်၊ အလုံဈေးအတွင်း ရောင်းချနေသည့် ဈေးဆိုင်များ၌ စားသုံးရန်နှင့်သုံးစွဲရန် မသင့်လျော်သော စားသောက်ကုန်၊ ဆီနှင့် အလှကုန်၊ ဆေးဝါးများရောင်းချမှု ရှိ/မရှိ လိုက်လံစစ်ဆေးပြီး စားသုံးသူများအတွက် အာမခံချက်ပေးနိုင်သည့် အမှတ်တံဆိပ်တွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားသည့် ပစ္စည်းများကိုသာ ရွေးချယ်ရာင်းချရန် ပြောကြားခဲ့ကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်အတွင်း ယခုဟောပြောဆွေးနွေးပွဲအပါအဝင် တွံတေးခရိုင်အတွင်း လေးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း ခုနစ်နေရာ စုစုပေါင်းနေရာ ၂၀ တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါတယ်။ **နီလာထွေး**

# မကွေးမြို့ စည်ပင်သာယာရန်ပယ်ဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ လိုက်လံစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ဇွန် ၁ ရက်က မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ထွေးနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ ရန်ပယ်ဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိနှင့် ကြက်ဥအတုများ ရောင်းချမှုရှိ/မရှိကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အရာထမ်းနှင့် အမှုထမ်းများ၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဈေးများ တာဝန်ခံ၊ ရန်ပယ်ဈေးတာဝန်ခံတို့နှင့် ပူးပေါင်းပြီး ရန်ပယ်ဈေးအတွင်း လိုက်လံ စစ်ဆေးကြည့်ရှုခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ရန်ပယ်ဈေး၌ ကြက်ဥ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသော ဈေးဆိုင်ကြီးငါးဆိုင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာအဆိုပါဆိုင်များတွင် ရောင်းချနေသော ကြက်ဥများကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ တင်ပို့ရောင်းချနေကြောင်း သိရှိရပြီး ရန်ပယ်ဈေးတွင် ကြက်ဥအတုများ ရောင်းချမှုမရှိကြောင်းကို တွေ့ရှိခဲ့ရပါသည်။



ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန် မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ/မရှိနှင့် မကွေးမြို့မှ ထုတ်လုပ်ရောင်းချနေသော 'ရတနာ'ငါးပိ ဈေးကွက်အတွင်း ဆက်လက်ရောင်းချခြင်းရှိ/မရှိကိုလည်း စစ်ဆေးခဲ့ပြီး ဈေးဆိုင်များနှင့် ဈေးဝယ်ပြည်သူတို့အား စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ လက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့လက်အောက်တွင် ဖွဲ့စည်းထားသည့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် မြို့ပေါ်ရှိဈေးများသို့ တစ်လလျှင်နှစ်ကြိမ် လိုက်လံစစ်ဆေးသွားမည်ဟုလည်း သတင်းရရှိပါသည်။

**အိဇာဖြူ(မကွေး)**

## ဂျီအမ်အက်စ်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုတွင် ထိုင်းဘဏ်များရဲ့ အခန်းကဏ္ဍမြှင့်တင်ဖို့ တိုက်တွန်း

မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဒေသမှာ ငွေကြေးထောက်ပံ့မှု လိုအပ်ချက်မြင့်မားနေတဲ့အတွက် ဖြည့်ဆည်းပေးဖို့ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ထိုင်းဘဏ်များအတွက် ကြီးမားတဲ့ အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်ရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation-IFC) က ပြောပါတယ်။

လွန်ခဲ့တဲ့နှစ်များအတွင်းက ဖြစ်ပွားခဲ့တဲ့ အခက်အခဲ အကျပ်အတည်းများကို ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရတဲ့စွမ်းဆောင်ရည်များကြောင့် ထိုင်းနိုင်ငံရဲ့ ဘဏ်လုပ်ငန်းကဏ္ဍက ရင့်ကျက်မှုရှိလာခဲ့ပါတယ်။ ယခုအခါမှာ နယ်စပ်ဖြတ်ကျော်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ငွေကြေးအထောက်အပံ့ပေးရာမှာ ထိုင်းဘဏ်များရဲ့ အခန်းကဏ္ဍမြင့်မားလာကြောင်း IFC ရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး ဗစ်ဗစ်ပါသက်ရဲ့ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

IFC နဲ့ ထိုင်းဘဏ်နှစ်ခုဖြစ်တဲ့ ဗန်ကောက်ဘဏ်နဲ့ ကီယက်နာကင်ဘဏ်တို့ ပူးပေါင်းပြီး ACLEDA ဘဏ်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကို စုပေါင်းထုတ်ချေးငွေအဖြစ် ပေးဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ACLEDA ဘဏ်က ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ အသေးစား ငွေချေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေတဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်ပါတယ်။ စုပေါင်းချေးငွေထဲမှာ IFC ပါဝင်တဲ့ ရှယ်ယာပမာဏက အမေရိကန်ဒေါ်လာသန်း ၇၀ ရှိပြီး ကျန်ချေးငွေတွေကို BBL, KKP နဲ့ Cathay United Bank (ကမ္ဘောဒီးယား) တို့က ထည့်ဝင်မှာဖြစ်ပါတယ်။ ACLEDA က ယခုရရှိတဲ့ ရန်ပုံငွေတွေကို ထုတ်ချေးရာမှာ အမျိုးသမီး စွန့်ဦးတီထွင်သူတွေကို ထုတ်ချေးမှာ ဖြစ်ပြီး အမျိုးသမီး စွန့်ဦးတီထွင်သူ တစ်သိန်းအတွက် ထုတ်ချေးဖို့ရည်မှန်း ထားပါတယ်။

ကမ္ဘောဒီးယားမှာရှိတဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများအနက် ၄၀ ရာခိုင်နှုန်းကျော်ကို အမျိုးသမီးများက ပိုင်ဆိုင်ပြီး ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် လုပ်ငန်းရှင်အများစုက ဘဏ္ဍာရေးကဏ္ဍရဲ့ ထောက်ပံ့ကူညီမှုကို မရကြပါဘူး။ ရရှိတဲ့သူများကလည်း လုံလုံလောက်လောက် မရကြတာများပါတယ်လို့ ဆိုပါတယ်။

## ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းစီမံချက်မှာ အကောက်ခွန်မဟုတ်တဲ့ အတားအဆီးဖယ်ရှားရေးကို ဦးစားပေး



ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုမှထွက်ပေါ်လာမယ့် အကျိုးစီးပွားများကို အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) ရယူခံစားနိုင်စေရန်အတွက် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးများကို ဖယ်ရှားရေး၊ စီးပွားရေးလုပ်ငန်းသစ်များဖန်တီးရေးနဲ့ ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုထူထောင်ရေးတို့ကို ၂၀၁၅ ခု အာဆီယံစီးပွားရေးအသိုက်အဝန်းစီမံချက်မှာ ဦးစားပေးအဖြစ် ချမှတ်ထားကြောင်း ချန်နယ်နယူးအေရှသတင်းမှာ ဖော်ပြပါတယ်။

အေအီးစီက ထူးထူးခြားခြား အစီအမံတွေကို အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ကြောင်းနဲ့ နယ်နိမိတ်ဖြတ်ကျော် ဆက်ဆံရေးများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ဖို့အတွက် ချမှတ်ထားတဲ့ အစီအစဉ်တွေကို စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး လင်းဟင်းကျန်က မေ ၃၁ ရက်မှာ ကျင်းပတဲ့ ၂၀၁၆ ခုနှစ်အာဆီယံကွန်ဖရင့်မှာ ပြောပါတယ်။

အာဆီယံက အကောင်အထည်ဖော်တော့မယ့် ASEAN Single Window နဲ့ Self-Certification Scheme တွေကြောင့် အကောက်ခွန်ရှင်းလင်းရာမှာ ပိုမိုမြန်ဆန်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာမှာ အချိန်ငွေကြေးကုန်ကျစရိတ် သက်သာစေလိမ့်မယ်လို့သူကပြောပါတယ်။

စီးပွားရေးလုပ်ငန်းတွေအတွက် ပွင့်လင်းမြင်သာ၊ တည်ငြိမ်ပြီးကြိုတင်ခန့်မှန်းနိုင်တဲ့ ပတ်ဝန်းကျင်မျိုးကိုဖန်တီးပေးနိုင်ဖို့အတွက် အာဆီယံကပယ်ဖျက်ပေးမယ့် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေထဲမှာ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းတွေက အစပြုပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းအတွက် အခြားလိုအပ်ချက်တွေပါဝင်ကြောင်း သူကပြောပါတယ်။

၂၀၂၅ ခုနှစ် အေအီးစီအသေးစိတ်စီမံချက်က ခေတ်မီစီးပွားရေးစနစ်မှာ လိုအပ်တဲ့နယ်ပယ်တွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမယ့်အပြင် အီးကောမတ်နဲ့ ကုန်ထုတ်လုပ်မှုမှာပေါ်ထွန်းလာမယ့် တခြားအလားအလာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့မှုရှိစေမယ့်နည်းလမ်းတွေကိုဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာအခြေအနေကိုပြန်လည်သုံးသပ်ပါက အာဆီယံရဲ့ ၂၀၁၅ ခုနှစ်အေအီးစီ အသေးစိတ်စီမံချက်ပါ ရည်မှန်းချက်များရဲ့ ၉၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခု အေအီးစီစီမံချက်ပါ ကျန်အစီအမံတွေကို ယခုနှစ်မှာ ဆက်လက်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

## ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ကို သီရိလင်္ကာနိုင်ငံက အတည်ပြု

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို လက်ခံကြောင်းအကြောင်းကြားစာကို သီရိလင်္ကာနိုင်ငံရဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အမြဲတမ်းကိုယ်စားလှယ် အာရ်ဒီအက်စ် ကူမာရာရက်တနီက ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ် မစ္စတာ ရောဘတ်တိုအဇယ်ဘယ်ဒို အား မေ ၃၁ ရက်နေ့က ပေးအပ်ခဲ့ပါတယ်။ ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ကို လက်ခံကြောင်း အကြောင်းကြားတဲ့နိုင်ငံများအနက် သီရိလင်္ကာနိုင်ငံက ၈၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါတယ်။ လက်ရှိအဖွဲ့အဝင်နိုင်ငံများရဲ့ သုံးပုံနှစ်ပုံ သို့မဟုတ် ၁၀၈ နိုင်ငံကလက်ခံကြောင်း အကြောင်းကြားစာကို တင်သွင်းမည်ဆိုပါက ဒီသဘောတူညီချက်က စတင်အသက်ဝင်တော့မှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီစာချုပ်က ကမ္ဘာ့ကုန်သွယ်မှုကို ထူးထူးခြားခြား အကျိုးဖြစ်ထွန်းစေနိုင်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံတွေကို အထောက်အကူဖြစ်စေနိုင်ပါတယ်။ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကုန်သွယ်ရေးအသုံးစရိတ်ကျဆင်းစေပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို ကောင်းမွန်စေမှာ ဖြစ်ပါတယ်။ ဒဗလျူတီအိုအဖွဲ့ဝင် ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံတွေက စာချုပ်အကောင်အထည်ဖော်ရာမှ ဖြစ်ထွန်းလာမယ့် အထောက်အကူတွေကို ခံစားခွင့်ရနိုင်ပါတယ်။

ဒီသဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အပြုသဘောရလဒ်တွေကိုဆောင်ကျဉ်းပေးပြီး အထူးသဖြင့် သီရိလင်္ကာလို နိုင်ငံငယ်ကလေးများအတွက် ကမ္ဘာ့ဈေးကွက်တွေထဲမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်စေနိုင်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ရဲ့ ရည်မှန်းချက်ကလုပ်ငန်းစီးဆင်းမှုချောမွေ့ဖို့၊ တစ်ပြေးညီရှိဖို့နဲ့ အကောက်ခွန်လုပ်ထုံးလုပ်နည်းတွေခေတ်မီဖို့ဖြစ်ပါတယ်။ ဒီသဘောတူညီချက်ထဲမှာ တစ်ဆင့်ခံကုန်စည်တွေအပါအဝင် ကုန်စည်တွေအားလုံးရွှေ့ပြောင်းသယ်ဆောင်ရာ၊ ထုတ်ပေးရာနဲ့ အကောက်ခွန်ရှင်းလင်းရာမှာ တိုးတက်ကောင်းမွန်ရေးအတွက် ပြဋ္ဌာန်းချက်တွေပါဝင်ပါတယ်။ ဒီသဘောတူညီချက်မှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအမံတွေကို အကောင်အထည်ဖော်နေတဲ့ အာဏာပိုင်များအချင်းချင်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မယ့် အစီအမံတွေလည်း ပါဝင်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံလုပ်သားများအတွက် အနိမ့်ဆုံးလုပ်ခလစာကို အင်ဒိုနီးရှားက အဆိုပြုမည်

အာဆီယံဒေသတွင်းရှိ ဝန်ထမ်းများအား အကာအကွယ်ပေးနိုင်ရန်အတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် နောက်တစ်ကြိမ်ကျင်းပမယ့် အာဆီယံလုပ်သားအင်အားဆိုင်ရာဝန်ကြီးများရဲ့ အစည်းအဝေးမှာ အလုပ်သမားများအတွက် အနိမ့်ဆုံးလစာသတ်မှတ်ဖို့ အင်ဒိုနီးရှားနိုင်ငံက အဆိုပြုတင်ပြသွားမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများရှိ နိုင်ငံသားများမှာ အကာအကွယ်များ ကင်းမဲ့လျက်ရှိနေတဲ့အတွက် စိုးရိမ်မှုကြီးထွားလာချိန်မှာ အင်ဒိုနီးရှား ဒုတိယသမ္မတ ယူဆွတ်ကာလာက ယခုအစီအစဉ်ကို စတင်အဆိုပြုတာ ဖြစ်ပါတယ်။

"ကိုယ့်နိုင်ငံသားတွေ ခေါင်းပုံဖြတ်မခံရအောင် ကာကွယ်ဖို့ အာဆီယံနိုင်ငံတွေက ဆောင်ရွက်ဖို့လိုကြောင်း ကျွန်တော်တင်ပြတာကို ဗီယက်နမ်နိုင်ငံက အများကြီးထောက်ခံပါတယ်" လို့ အန်တာရာနယူးစ်အေဂျင်စီနဲ့ ဇွန် ၁ ရက်နေ့က တွေ့ဆုံမေးမြန်းခန်းမှာ ကာလာက ပြောပါတယ်။

ဒေသတွင်းရှိ အလုပ်သမားတွေအတွက် အနိမ့်ဆုံးလစာသတ်မှတ်ဖို့ ဆောင်ရွက်တာကို အခြားအာဆီယံနိုင်ငံတွေကလည်း စိတ်ဝင်စားမှုရှိကြောင်း သူကပြောပါတယ်။ ဒီပြဿနာကို ဆွေးနွေးအဖြေရှာဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက လူအင်အားဆိုင်ရာ ဝန်ကြီးများ မကြာမီမှာ တွေ့ဆုံဆွေးနွေးကြလိမ့်မယ်လို့ သူကပြောပါတယ်။

"ကျွန်တော်တို့ သဘောတူညီမှုရထားပါပြီ။ ကမ္ဘောဒီးယားကလည်း သဘောတူပါတယ်"လို့ သူကပြောပါတယ်။ အနိမ့်ဆုံးလစာအတွက်ဆောင်ရွက်ရာမှာ အာဆီယံနိုင်ငံတွေမှာရှိတဲ့ နိုင်ငံစုံကုမ္ပဏီကြီးတွေက ဝင်ရောက်ယှဉ်ပြိုင်မှာကို အစိုးရကအလိုမရှိကြောင်းကာလာက ပြောပါတယ်။

"ယှဉ်ပြိုင်မှုဆိုတာကကောင်းပါတယ်။ အခုချိန်အထိတော့ ကုန်ကြမ်းတွေနဲ့ စက်ရုံတွေကတစ်ယောက်နဲ့တစ်ယောက်အတူတူပဲဆိုတော့ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ချက်ကြောင့် ကျွန်တော်တို့ ဒုက္ခမရောက်နိုင်ပါဘူး" လို့ ကာလာက ပြောပါတယ်။

ဒီပြဿနာကို ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားမှာ ဆွေးနွေးတဲ့အခါ အာဆီယံအထွေထွေအတွင်းရေးမှူးကိုလည်း ဖိတ်ကြားမှာဖြစ်ကြောင်း သူကပြောပါတယ်။ "အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားမှာ လုပ်သားတွေ အများကြီးရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေကိုလည်းကျွန်တော်တို့ဖိတ်မှာပါ"လို့ သူကပြောပါတယ်။

# ဘဏ္ဍာရေးနည်းပညာကို အသုံးပြုဖို့ မလေးရှားဘဏ်များကို တိုက်တွန်း

ဘဏ္ဍာရေးနည်းပညာ(Fintech) ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ ယှဉ်ပြိုင်မှုတွေကို မလေးရှားဘဏ်များကကြောက်ရွံ့မနေဘဲ ဘဏ်လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် လက်ခံသုံးစွဲသွားဖို့လိုကြောင်း CIMB Group Holding Bhd ဥက္ကဋ္ဌ ဒါတွတ်ဆရီနာဇယ်ရာဇတ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

"ဘဏ္ဍာရေး နည်းပညာကိုအသုံးပြုတဲ့ ကုမ္ပဏီတွေ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့အတွက် ဘဏ်များကလည်း အလားတူတုံ့ပြန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုတုံ့ပြန်ရင်ဆိုင်တဲ့အခါမှာလည်း သူတို့ကို တိုက်ခိုက်ချေမှုန်းဖို့မဟုတ်ဘဲ သူတို့နဲ့ယှဉ်ပြိုင်ဖို့ဖြစ်ပါတယ်။ ဖောက်သည်တွေအတွက် အဖိုးတန်ဝန်ဆောင်မှုတွေကိုကျွန်တော်တို့ဆောင်ရွက်နိုင်တယ်ဆိုတာကို ပြသရပါမယ်" လို့ ဇွန် ၁ ရက်က ကွာလာလမ်ပူမှာ ကျင်းပတဲ့ ၂၀၁၆ အာဆီယံ ကမ္ဘာ့စီးပွားရေးဖိုရမ်ရဲ့ အလွတ်သဘောတွေ့ဆုံပွဲမှာ နာဇယ်က ပြောပါတယ်။

ဘဏ္ဍာရေးနည်းပညာနဲ့ ပတ်သက်ပြီးဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုတွေကို လျော့ပေါ့သွားစေဖို့အတွက် မလေးရှားဗဟိုဘဏ်ဖြစ်တဲ့ Bank Negara က ကြီးကြပ်မှုဆိုင်ရာ မူဘောင်ကို စတင်ရေးဆွဲတော့မှာ ဖြစ်ပါတယ်။

"ဗဟိုဘဏ်ရဲ့ အစီအစဉ်ကို ကျွန်တော်တို့အားပေးပါတယ်။ ဘဏ္ဍာရေးနည်းပညာ အသုံးပြုမှုအတွက် ကြီးကြပ်ရေးမူဘောင်ရေးဆွဲနိုင်မယ်ဆိုရင်ပိုကောင်းပါတယ်"လို့ နာဇယ်က ပြောပါတယ်။

သုံးစွဲသူတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်လျော်တဲ့အကာအကွယ်တွေရရှိဖို့အတွက် ဘဏ္ဍာရေးနည်းပညာတွေကို ထိန်းကျောင်းကြီးကြပ်သင့်ပါတယ်လို့ သူကပြောပါတယ်။ နာဇယ်က WEF Asean 2016 ဖိုရမ်မှာ ပြုလုပ်တဲ့ အဖွဲ့လိုက်ဆွေးနွေးပွဲမှာပါဝင်ဆွေးနွေးသူတစ်ဦးလည်း ဖြစ်ပါတယ်။

စတုတ္ထတော်လှန်ရေးက ဖိုရမ်ကျင်းပရတဲ့ အဓိကအကြောင်းအရာဖြစ်ပါတယ်။ စတုတ္ထတော်လှန်ရေးဆိုတာက စက်မှုတော်လှန်ရေးနဲ့ နည်းပညာကိုပေါင်းစပ်ပေးတဲ့ တော်လှန်ရေးတစ်ခုဖြစ်ပါတယ်။ အဓိကအားဖြင့် ယခင် ၂၀ ရာစု အလယ်ကစတင်အစပျိုးလာခဲ့တဲ့ ဒစ်ဂျစ်တယ်တော်လှန်ရေးကို ဆိုလိုပါတယ်။

ဘာသာပြန်-စုစည်း-တင်ပြသူ: ဘဏ်တင်-စုစည်းတင်ပြသည်

# မူဝါဒအမှားအယွင်းများကြောင့် အင်ဒိုနီးရှားစီးပွားရေးဖွံ့ဖြိုးမှုနောက်ကျကျန်

အင်ဒိုနီးရှားနိုင်ငံမှာ စွမ်းဆောင်ရည်နဲ့ အလားအလာများရှိသော်လည်း မူဝါဒ အမှားအယွင်းများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုမှာ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ပါကနောက်ကျကျန်ရစ်ခဲ့ရခြင်း ဖြစ်တယ်လို့ ဒုတိယသမ္မတ ဂျူဆပ်ကာလာက ပြောကြောင်း အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

"လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ လောင်စာဆီထောက်ပံ့ကြေးအတွက် ကျွန်တော်တို့ငွေကြေးအမြောက်အမြား မသုံးခဲ့ရင် ဒီငွေရဲ့အတိုးသက်သက်ပင်လျှင် ရူပြားထရီလီယံ ၂၀၀၀ အထိရနိုင်ပါတယ်။ အဲဒီလို ငွေကြေးနဲ့ဆိုရင် ကျွန်တော်တို့ အခြေခံအဆောက်အအုံအမျိုးမျိုးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အမှားအယွင်းတွေများပြားခဲ့တဲ့အတွက် ကျွန်တော်တို့မူဝါဒတွေကိုပြန်လည်သုံး သပ်ရပါမယ်" ဟု မေ ၂၉ ရက်ကပြုလုပ်တဲ့ Widjojo Nitisastro: The advisor of Kings စာအုပ်ဖွင့်ပွဲမှာ သူကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက အင်ဒိုနီးရှားနိုင်ငံရဲ့ စွမ်းဆောင်ရည်နဲ့အညီ အပြည့်အဝတိုးတက်ဖွံ့ဖြိုးမှုမရှိသေးကြောင်း ကာလာက ပြောပါတယ်။ ဒါကြောင့် တစ်ချိန်က အင်ဒိုနီးရှားနိုင်ငံလောက်စီးပွားရေးဖွံ့ဖြိုးမှုမရှိတဲ့ တရုတ်၊ တောင်ကိုရီးယား၊ မလေးရှားစတဲ့ တခြားနိုင်ငံတွေက စီးပွားရေး ဖွံ့ဖြိုးမှုမှာ အင်ဒိုနီးရှားနိုင်ငံကို ကျော်တက်သွားခဲ့တယ်လို့ဆိုပါတယ်။

အင်ဒိုနီးရှားနိုင်ငံသားအများစုက သူတို့ပိုင်ဆိုင်မှုအများစုကို ပြည်ပမှာထားကြကြောင်း၊ ဒီပိုင်ဆိုင်မှုပမာဏကိုဖော်ထုတ်ပြီး စုပေါင်းတွက်ချက်ရင် အင်ဒိုနီးရှားနိုင်ငံရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုက ပိုမိုမြင့်တက်လာပြီး မလေးရှားနိုင်ငံထက် သာလွန်သွားနိုင်ကြောင်း သူကပြောပါတယ်။

"ပြည်ပမှာ ထားရှိတဲ့ အင်ဒိုနီးရှားလူမျိုးတွေရဲ့ ပိုင်ဆိုင်ပစ္စည်း (Asset) တွေက ပြည်တွင်းမှာရှိတဲ့ ပိုင်ဆိုင်မှုတန်ဖိုးထက်ပိုများပါတယ်။ ဒါဆိုဘာမှားနေသလဲ။ ကျွန်တော်တို့ရဲ့ သွင်းကုန်ဥပဒေကမှားနေပါတယ်။ နိုင်ငံခြားငွေဖလှယ်ရေးဥပဒေက မှားနေပါတယ်။ ကျွန်တော်တို့ရဲ့ အခွန်ဥပဒေကလွဲနေပါတယ်။ ကျွန်တော်တို့ရဲ့ မူဝါဒတွေကို ပြန်လည်သုံးသပ်ရပါမယ်"လို့ သူကပြောပါတယ်။

နိုင်ငံတော်ဝင်ငွေနဲ့ အမျိုးသားဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်တက်လာဖို့အတွက် အစိုးရအနေနဲ့ အခွန်သက်သာခွင့်ဥပဒေမူကြမ်းကိုရေးဆွဲပြီး အင်ဒိုနီးရှားလူမျိုးတွေရဲ့ ပိုင်ဆိုင်မှုအက်ဆက်တွေ နိုင်ငံအတွင်းသို့ပြန်ဝင်လာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

# စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးဖို့ ဘဏ်လုပ်ငန်းကဏ္ဍကို ဗီယက်နမ်ဗဟိုဘဏ်ကတိုက်တွန်း



ယခုအချိန်မှစပြီး နှစ်အကုန်အထိချမှတ်ဆောင်ရွက်မယ့် ငွေကြေးမူဝါဒတွေမှာ ဘဏ်လုပ်ငန်းစနစ်ဘေးကင်းလုံခြုံရေးနဲ့ ငွေကြေးဖောင်းပွမှု တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရေးလုပ်ငန်းများကို ဦးစားပေးအဖြစ် ဆောင်ရွက်ကာ စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ဖို့လိုကြောင်း ဗီယက်နမ် ဗဟိုဘဏ်ညွှန်ကြားချက်အမိန့်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။

သက်ဆိုင်ရာအေဂျင်စီများက မေခရီ စီးပွားရေးငွေကြေးဈေးကွက်နဲ့ ချေးငွေလုပ်ငန်းများရဲ့ လှုပ်ရှားမှုတွေကို အနီးကပ်စောင့်ကြည့်လေ့လာသွားမှာဖြစ်ကြောင်းနဲ့ ငွေဖြစ်လွယ်မှုနဲ့ ချေးငွေအဖွဲ့အစည်းများအတွက် ရင်းနှီးငွေရရှိစေမယ့် အရင်းအမြစ်များဖြစ်ပေါ်စေရေးကို ရည်ရွယ်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ အစီအမံများကို ဆောင်ရွက်ရမှာဖြစ်ကြောင်း ဗီယက်နမ်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးလေမင်ဟန်က ပြောပါတယ်။ ဒါပေမယ့် ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုကို ငါးရာခိုင်နှုန်းအောက်ထားရှိဖို့သတ်မှတ်ထားတဲ့ အစိုးရရဲ့ရည်မှန်းချက်ကို ထိခိုက်မှုမရှိအောင် အေဂျင်စီများက ဆောင်ရွက်သွားရပါမယ်။

"ငွေဖြစ်လွယ်မှုကို အာမခံချက်ရှိစေရန်အတွက် ရင်းနှီးငွေအရင်းအမြစ် ခွဲဝေဖြန့်ကျက်ပြီး ချေးငွေအဖွဲ့အစည်းတွေက ချေးငွေလုပ်ငန်းများကို ချိန်သားကိုက်ညီမှုရှိအောင် ဆောင်ရွက်ရပါမယ်။ ချေးငွေဖွံ့ဖြိုးမှုနှုန်းကိုလည်း ရင်းနှီးငွေဖြန့်ကြက်ထားမှုနဲ့ ဗဟိုဘဏ်ကချမှတ်ပေးတဲ့ ချေးငွေခွဲတမ်းများနဲ့ အညီ ဖွံ့ဖြိုးမှုရှိအောင်ဆောင်ရွက်ပြီးချေးငွေဖွံ့ဖြိုးမှုကို လုံခြုံစိတ်ချမှုရှိအောင်ဆောင်ရွက်ရပါမယ်။ စီးပွားရေးလုပ်ငန်းများအတွက်လည်း ချေးငွေရရှိမှုလွယ်ကူဆောင်ရွက်ပေးရပါမယ်"လို့ ညွှန်ကြားချက်ထဲမှာ ဖော်ပြထားပါတယ်။ ညွှန်ကြားချက်အရ ချေးငွေဖွံ့ဖြိုးမှုနှုန်း မြင့်မားပြီး စွန့်စားမှုအလားအလာများတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ချေးငွေအဖွဲ့အစည်းများအား တွေ့ရှိပါက အနီးကပ်ကြီးကြပ်ပြီး သတိပေးချက်တွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မယ့်လုပ်ငန်းတွေထဲမှာ အထူးသဖြင့် အိမ်ခြံ မြေ၊ ဘီအိုတီ (Build-Operate-Transfer-BOT) နဲ့ ဘီတီ (Build-Transfer-BT) စီမံကိန်းတွေ ပါဝင်ပါတယ်။

# စီးပွားရေးလုပ်ငန်းမှာ တီထွင်ဖန်တီးမှုရှိတဲ့ တွေးခေါ်မှုအလေ့အထတွေကို ပျိုးထောင်ဖို့ စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး တိုက်တွန်း

စင်ကာပူရဲ့ အနာဂတ်စီးပွားရေးကို ပုံဖော်ရာမှာ စီးပွားရေးလုပ်ငန်းတွေနဲ့ ဝန်ထမ်းတွေက တီထွင်ဖန်တီးမှုရှိတဲ့ တွေးခေါ်မှုအလေ့အထကို ပျိုးထောင်ဖို့လိုကြောင်း မေ ၃၁ ရက်က စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး အက်စ်အစ်ပွဲဝါရန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေနဲ့ အလုပ်အကိုင်တွေ ပြောင်းလဲဖို့ ဆောင်ရွက်နေတဲ့ အသွင်ကူးပြောင်းရေးကာလမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေကို စင်ကာပူနိုင်ငံက ထိန်းသိမ်းဆောင်ရွက်သွားနိုင်ကြောင်း၊ ဒါပေမယ့် အမျိုးသားရေးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း စီးပွားရေးလုပ်ငန်းရှင် ၃၀၀ ဦး ခန့် တက်ရောက်လာတဲ့ အစည်းအဝေးမှာ ဝန်ကြီးက ပြောပါတယ်။

"ရှေ့ကို တိုးတက်နိုင်အောင် ဆောင်ရွက်ဖို့ဆိုရင် တွေးခေါ်မှုအလေ့အထက အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒီကိစ္စကလည်း အစိုးရတစ်ခုတည်းက အမိန့်ပေးခိုင်း စေနေရုံနဲ့ဖြစ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့ လူအဖွဲ့အစည်းတစ်ခုလုံးရဲ့ အဆင့်တိုင်းကပါဝင်ရမယ့်ကိစ္စ တစ်ခုဖြစ်ပါတယ်"လို့ သူကပြောပါတယ်။ စင်ကာပူနိုင်ငံကို ဒေသတွင်း အချက်အချာဒေသတစ်ခုအဖြစ်သတ်မှတ်ထားရှိမှု၊ အရှေ့တောင်အာရှရဲ့ လျင်မြန်စွာ တိုးတက်နေတဲ့ အကျိုးကျေးဇူးတွေကို ရယူခံစားနိုင်တဲ့အနေအထားရှိမှုနဲ့ သုတေသနနဲ့ဖွံ့ဖြိုးရေးကို အထောက်အကူပေးမယ့် အခြေအနေတွေတည်ရှိနေမှုကြောင့် အပြောင်းအလဲတွေနဲ့ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရာမှာ စင်ကာပူအတွက် အားသာချက်တွေ ဖြစ်စေကြောင်း သူက ပြောပါတယ်။

ဒါပေမယ့် စင်ကာပူနိုင်ငံကနည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များအပြင် တီထွင်ဆန်းသစ်မှုကိုကြိုဆိုတဲ့ အလေ့အထများကိုလည်း ကြိုးစားဖန်တီးရန်လိုကြောင်း မစ္စတာ အစ်စဝါရန်ကပြောပါတယ်။ မစ္စတာအစ်စဝါရန်က အနာဂတ်စီးပွားရေးဆိုင်ရာ ကော်မတီရဲ့ ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။

Business Times သတင်းစာတည်ထောင်တဲ့ နှစ်လေးဆယ်မြောက်ကျင်းပတဲ့ အခမ်းအနားမှာ ပါဝင်တဲ့ The Business Times Leader's Forum ဖွင့်ပွဲမှာ မစ္စတာအစ်စဝါရန်က ယခုလို ပြောကြားခဲ့တာ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**လန်ဒန်**

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မည်ဆိုပါက ဗြိတိန်နိုင်ငံရှိ မိမိတို့ဘဏ်များရဲ့အလုပ်အကိုင်များကိုလျှော့ချပြီး ဥရောပရှိဘဏ်များမှာ အလုပ်အကိုင်ပိုမိုခန့်ထားရတော့မှာဖြစ်ကြောင်း ဗြိတိန်နိုင်ငံတွင် ဘဏ်ဝန်ထမ်း ၁၆၀၀၀ နဲ့ လုပ်ငန်းလည်ပတ်နေတဲ့ အမေရိကန်ဘဏ် ဂျေပီမော်ဂန်ချေ့စ်ရဲ့ အမှုဆောင်ချုပ် ဂျမီဒီမွန်က ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂျော့အော့စဘွန်းနဲ့ တွေ့ဆုံရာမှာ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

**ဝါရှင်တန်**

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ ထွက်ခွာဖို့ မဲခွဲဆုံးဖြတ်ရာမှဖြစ်လာမယ့်စီးပွားရေးအကျိုးသက်ရောက်မှုများအတွက် စိုးရိမ်မှုများတိုးပွားလျက်ရှိသဖြင့် ဇွန်လမှာကျင်းပမယ့် အမေရိကန်ဗဟိုဘဏ်မူဝါဒအစည်းအဝေးမှာ အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို မဆုံးဖြတ်သေးဘဲ ရွှေ့ဆိုင်းထားဦးမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**ဆိုးလ်**

တီထွင်ဖန်တီးမှု စီးပွားရေး (Creative Economy) ဆိုင်ရာ သဘောတူစာချုပ်ကို တောင်ကိုရီးယားနဲ့ ပြင်သစ်နိုင်ငံတို့ လက်မှတ်ရေးထိုးတော့မှာ ဖြစ်တဲ့အတွက် ပြင်သစ်နိုင်ငံနဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်ရာမှာ တောင်ကိုရီးယားနဲ့ ပြင်သစ်နိုင်ငံတို့မှ လူငယ်တွေရဲ့ ထူထောင်စလုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးဖို့ တောင်ကိုရီးယား သမ္မတ ပတ်ဂွင်ဟေးက ဇွန် ၂ ရက်ကတိုက်တွန်းကြောင်း တောင်ကိုရီးယား ဟာရယ်သတင်းမှာ ဖော်ပြပါတယ်။

**ကွာလာလမ်ပူ**

စက်မှုထုတ်ကုန်များနဲ့စားအုန်းဆီပြည်ပတင်ပို့မှုမြင့်တက်လာမှုကြောင့် မလေးရှားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းက ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့တဲ့အတွက် မတ်လကရရှိခဲ့တဲ့ တိုးတက်နှုန်း သုညဒသမ ၂ ရာခိုင်နှုန်းထက် များစွာကျော်လွန် ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့ကိန်းဂဏန်းများကို ကိုးကားပြီး ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

## EU

# ဂျန်ကာ စီမံကိန်းကို ၂၀၁၈ ခုနှစ် အလွန်ထိတိုးချဲ့ ဆောင်ရွက်မယ်လို့ ဥရောပ ကော်မရှင်ကပြော

ဥရောပမဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (EFSI) အစီအစဉ်ကို မူလက ၂၀၁၈ ခုနှစ်မှာ အပြီးသတ်ဆောင်ရွက်မယ်လို့ ရည်မှန်းထားပါတယ်။ ဒါပေမယ့် အစီအစဉ် ပထမနှစ်အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုရရှိခဲ့ပြီးနောက် ဆက်လက်တိုးမြှင့်ဆောင်ရွက်မှာ ဖြစ်တယ်လို့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ယွန်းကလောဂျန်ကာက ပြောကြောင်း ရှင်ဝှာသတင်းမှာ ဖော်ပြပါတယ်။

ဂျန်ကာစီမံကိန်းမှာ အဓိကကျတဲ့ ဥရောပမဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအစီအစဉ်အကောင် အထည်ဖော်မှုအခြေ အနေကိုပြန်လည်သုံးသပ်တဲ့သတင်းစာ ရှင်းလင်းပွဲကို ဇွန် ၁ ရက်က ကျင်းပခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းအစကတည်းက ရင်းနှီးမြှုပ်နှံမှုကျဆင်းကာ ဥရောပ စီးပွားရေးကျဆင်းခဲ့တာကို ပြန်လည် မြှင့်တင်ပေးနိုင်ဖို့အတွက် ဂျန်ကာစီမံကိန်းကို ၂၀၁၅ ခုနှစ်ဇွန်က အတည်ပြုခဲ့ပါတယ်။ ဒီလိုအတည်ပြုခဲ့ပြီးနောက်ပိုင်းမှာ EFSI ကို အကောင်အထည်ဖော် ခဲ့ပါတယ်။

“ဒီရင်းနှီးမြှုပ်နှံမှု စီမံကိန်းက အောင်မြင်နေပါတယ်။ ဥရောပမဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်က အလုပ်အကိုင်သစ်တွေ ဖော်ထုတ်ပေးပြီး စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပေါ်ထွန်းလာစေပါတယ်။ ဒါကြောင့်လည်း ဒီစီမံကိန်းကို ၂၀၁၈ ခုနှစ်အလွန်အထိ တိုးချဲ့ဆောင်ရွက်တာဖြစ်ပါတယ်”လို့ ဂျန်ကာက ပြောပါတယ်။

စီမံကိန်းအဆိုပြုချက်ကို ဆောင်းဦးရာသီမှာတင်သွင်းမယ်။ ဥရောပအဖွဲ့ဝင်နိုင်ငံတွေရဲ့ ဥရောပပါလီမန်ကနေ ဘယ်အချိန်ထိ ထပ်မံတိုးချဲ့ပေးမယ်ဆိုတာကို သတ်မှတ်ထားခြင်းမရှိသေးကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောပါတယ်။



# တောင်ကိုရီးယား ယဉ်ကျေးမှုထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်

ကိုရီးယားယဉ်ကျေးမှု ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှုအဖြစ်နိုင်ငံတော်ပိုင် ကိုရီးယားဖွံ့ဖြိုးရေးဘဏ်(ကေဒီဘီ)နဲ့ပြည်တွင်းရုပ်သံလုပ်ငန်းကေဘီအက်စ်တို့ ပူးတွဲပြီး ဝမ်ဘီလီယံ ၁၀၀(အမေရိကန်ဒေါ်လာ ၈၄ သန်း) ရှိ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ခဲ့ကြောင်း မေ ၃၀ ရက်က ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ယခုရန်ပုံငွေမှာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတို့ ပူးပေါင်းဆောင်ရွက်တဲ့ ရန်ပုံငွေများအနက် အကြီးဆုံးရန်ပုံငွေဖြစ်ကြောင်း ကေဒီဘီဘဏ်ရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။

“လာမယ့် ငါးနှစ်အတွင်းမှာ "Descendants of the Sun" လို တောင်ကိုရီးယား တီဗွီဇာတ်လမ်းတွဲတွေ ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်ပြီး ယဉ်ကျေးမှုထုတ်ကုန်အမျိုးမျိုး အတွက် ငွေကြေးထောက်ပံ့မှုတွေ ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအထဲမှာ တယ်လီဗီးရှင်းဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်ကားတွေနဲ့ ရှိုးပွဲတွေပါဝင်မှာ ဖြစ်ပါတယ်”လို့ ကေဒီဘီဘဏ်ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် လီဒေါင်ဂျီအိုက ပြောပါတယ်။

ရန်ပုံငွေအတွက် တရုတ်ပင်ဂန်ဘဏ် (Pingan Bank) က ဝမ်ဘီလီယံ ၄၀၊ ကေဒီဘီဘဏ်က ဝမ် ၁၉ ဒသမ ၅ ဘီလီယံ၊ ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်က ဝမ် ၁၂ ဒသမ ၅ ဘီလီယံနဲ့ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းတွေက ဝမ် ၁၈ ဘီလီယံ အသီးသီးထည့်ဝင်ကြကြောင်း ကေဒီဘီ ပြောရေးဆိုခွင့်ရှိသူကပြောပါတယ်။

## USA

# ဧပြီလမှာ အမေရိကန်စီးပွားရေးအနည်းငယ်တိုးတက်ကြောင်း ဗဟိုဘဏ်စစ်တမ်းမှာ ဖော်ပြ

အမေရိကန်နိုင်ငံရဲ့ စီးပွားရေးက ဧပြီမှ မေလအထိအနည်းငယ်တိုးတက်မှုရှိခဲ့ကြောင်းနဲ့ အလုပ်သမားဈေးကွက်အကျပ်အတည်းကြောင့် လုပ်ခလစာနဲ့ ကုန်ဈေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်း ဇွန် ၁ ရက်က ထုတ်ပြန်တဲ့ အမေရိကန်ဗဟိုဘဏ် စစ်တမ်းမှာ ဖော်ပြပါတယ်။ စားသုံးသူသုံးစွဲမှုနဲ့ အိမ်ခြံမြေဈေးကွက်ဖွံ့ဖြိုးမှုကြောင့် ခရိုင်အများစုမှာ ဧပြီမှ မေလလယ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနည်းငယ်ရှိခဲ့ကြောင်း ခရိုင် ၁၂ ခရိုင်ရဲ့ စီးပွားရေးအခြေအနေကို ဆန်းစစ်ဖော်ပြတဲ့ နောက်ဆုံးထုတ် Beige Book မှာ ဖော်ပြထားတာကိုရှင်ဝှာသတင်းက ကိုးကားဖော်ပြပါတယ်။

ဧပြီမှစပြီး အလုပ်အကိုင်ရရှိမှုအနည်းငယ်တိုးတက်ခဲ့ကြောင်း ၊ ဒါပေမယ့် ခရိုင်အများစုမှာရှိတဲ့ လုပ်သားဈေးကွက်တွေမှာ အကျပ်အတည်းရှိတာကို တွေ့ရကြောင်း စစ်တမ်းမှာ ဖော်ပြပါတယ်။

လုပ်သားဈေးကွက်မှာ အကျပ်အတည်းဖြစ်ပေါ်မှုနဲ့ အတူလုပ်ခလစာနဲ့ ကုန်ဈေးနှုန်းတွေက ဧပြီကစပြီး တိုးတက်လာတာကို တွေ့ရပါတယ်။

အမေရိကန်စီးပွားရေးအခြေအနေဆက်လက်ကောင်းမွန်လာရင် လာမယ့်လတွေမှာ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးမှာဖြစ်ကြောင်း ဗဟိုဘဏ်အရာရှိများကပြောကြားထားပြီးဖြစ်ပါတယ်။

ဗဟိုဘဏ်ရဲ့ မူဝါဒရေးဆွဲရေးအဖွဲ့ဖြစ်တဲ့ ပြည်ထောင်စုလွတ်လပ်သော ဈေးကွက်ကော်မတီက ဇွန် ၁၄ ရက်နဲ့ ၁၅ ရက်မှာ အစည်းအဝေးကျင်းပပြီး အတိုးနှုန်းမြှင့်သင့်မမြှင့်သင့် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## South Asia



# အိန္ဒိယနိုင်ငံက အီလက်ထရွန်းနစ်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံရင်းနှီးမြှုပ်နှံဖို့ ရည်မှန်း

တိုးတက်လျက်ရှိနေတဲ့ ဝယ်လိုအားကိုဖြည့်ဆည်းဖို့အတွက် အီလက်ထရွန်းနစ်ကဏ္ဍမှာ လာမယ့်လေးနှစ်အတွင်း အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ ရင်းနှီးမြှုပ်နှံဖို့ ခန့်မှန်းထားကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

“၂၀၂၀ ပြည့်နှစ် ရောက်ရင် အီလက်ထရွန်းနစ်ကဏ္ဍရဲ့ ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ဖိုးထုတ်လုပ်ပြီး ပြည်ပကိုအမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ ဖိုး တင်ပို့မယ်လို့ ခန့်မှန်းထားပါတယ်”လို့ အီလက်ထရွန်းနစ်နဲ့ အိုင်တီဝန်ကြီးဌာန ညွှန်ကြားရေးမှူး အက်စ်ကေမာဝါယာက ပြောပါတယ်။

အီလက်ထရွန်းနစ် ကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အိန္ဒိယနိုင်ငံက ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားပြီး အစိုးရကထောက်ပံ့ကြေးကို ၂၅ ရာခိုင်နှုန်းအထိပေးထားကြောင်း မေ ၃၁ ရက်မှ ဇွန် ၃ ရက်အထိ စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ "India Connect" စီးပွားရေးဖိုရမ်မှာ သူကပြောပါတယ်။

နိုင်ငံအတွင်း တည်ဆောက်လျက်ရှိတဲ့ ခေတ်မီမြို့တော် (Smart City) ၉၈ ခုကနေ တိုးတက်လာမယ့် ဝယ်လိုအားကြောင့် လာမယ့်လေးနှစ်အတွင်းမှာ အီလက်ထရွန်းနစ်ကဏ္ဍရဲ့ ထုတ်လုပ်မှုကို အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ဖိုးထပ်မံတိုးတက်အောင် ဆောင်ရွက်ဖို့လိုကြောင်း သူကရှင်းလင်းတင်ပြပါတယ်။ အိန္ဒိယနိုင်ငံရဲ့ လက်ရှိအီလက်ထရွန်းနစ် ဝယ်လိုအားက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရှိပါတယ်။ ယခုအချိန်ထိ အီလက်ထရွန်းနစ်ကဏ္ဍအတွက် လက်ခံရရှိထားတဲ့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံရှိပါတယ်လို့ မာဝါယာက ခန့်မှန်းပါတယ်။

ဤကဏ္ဍကနေ ရင်းနှီးမြှုပ်နှံမှုတွေပိုမိုဆွဲဆောင်နိုင်ဖို့အတွက် ဈေးကွက်ရှာဖွေရေးလှုပ်ရှားမှုတွေကို ကမ္ဘာတစ်ဝန်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။ အီလက်ထရွန်းနစ် ကဏ္ဍရဲ့ ပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ အထိ ရှိမယ်လို့လည်း မာဝါယာက ပြောပါတယ်။

အဆိုပါပြပွဲကို စင်ကာပူပြပွဲဝန်ဆောင်မှုလုပ်ငန်းက စီစဉ်ကျင်းပတာဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ကုမ္ပဏီပေါင်း ၅၄ ခုက အသံလွှင့် လုပ်ငန်း၊ ဆက်သွယ်ရေး အစရှိတဲ့ အီလက်ထရွန်နစ်နဲ့ဆိုင်တဲ့ ကုန်ပစ္စည်းတွေကို ပြသခဲ့ကြပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ဖို့ စဉ်းစားဆောင်ရွက်ရာမှာ အလုပ်အကိုင်ဈေးကွက် အခြေအနေကိုပါ ထည့်သွင်းစဉ်းစားပါတယ်။ ဒါကြောင့် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမူဝါဒကိုကြည့်ပြီး ဆောင်ရွက်နေကြတဲ့ ရင်းနှီးမြှုပ်နှံသူတို့က အလုပ်သမားအစီရင်ခံစာ ထုတ်ပြန်မှာကို စောင့်စားရင်း သတိထား ဆောင်ရွက်နေကြတဲ့အတွက် ထွန်းသစ်စအာရှငွေကြေးအများစုက ရက်သတ္တပတ်အလိုက် ကျဆင်းရာကနေ ဇွန်၃ ရက်မှာ ပြန်လည်နာလန်ထူလာတာကို တွေ့ရပါတယ်။

အမေရိကန်စီးပွားရေးကမျှော်လင့်ထားတဲ့အတိုင်း မြင့်တက်လာပြီး အလုပ်အကိုင် အခြေအနေကလည်း ဆက်လက်ကောင်းမွန်လာမယ်ဆိုရင် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးမှာဖြစ်ကြောင်း ယခင်ရက်သတ္တပတ်အတွင်းက ဗဟိုဘဏ်ဥက္ကဋ္ဌယယ်လင်က ပြောခဲ့ပါတယ်။ ဇွန် သို့မဟုတ် ဇူလိုင်လောက်မှာ အတိုးနှုန်းတွေ မြှင့်တင်ပေးနိုင်လိမ့်မယ်လို့လည်း ခန့်မှန်းခဲ့ပါတယ်။

**တရုတ်ယွမ်**

ဇွန် ၁ ရက်က ထုတ်ပြန်ခဲ့တဲ့ မေအတွက် ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းတွေက တရုတ်နိုင်ငံရဲ့ စီးပွားရေးရှေ့အလားအလာနဲ့ ပတ်သက်တဲ့ စိုးရိမ်မှုတွေကို ဖြေဖျောက်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ ယွမ်ငွေတန်ဖိုး ကျဆင်းမှုကြောင့် တရုတ်နိုင်ငံအတွင်းမှ ငွေကြေးစီးထွက်မယ့် အလားအလာတွေ ပိုမိုမြင့်မားကာ ကမ္ဘာ့ဈေးကွက်တွေမှာ ဖိတ်လျှံအကျိုးသက်ရောက်မှု တွေဖြစ်နိုင်ပါတယ်။ ယွမ်ငွေကြေးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ဇွန် ၃ ရက်က သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါတယ်။

တရုတ်နိုင်ငံခြား ငွေရောင်းဝယ်ရေးဌာနရဲ့ မေ ၃ ရက်က ယွမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာတို့ကို ဖလှယ်ရာမှာ ၁ ဒသမ ၀၅ ရာခိုင်နှုန်း လျှော့ချပြီး တစ်ဒေါ်လာကို ၆ ဒသမ ၅၇၉၃ ဝမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အမေရိကန်ဒေါ်လာကို ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်များက ထုတ်ရောင်းလျက်ရှိတဲ့အတွက် ရူပီးငွေတန်ဖိုးက ဇွန် ၃ ရက်နံနက်မှာ သုည ဒသမ ၁၃ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၁၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်တွင်း ရှယ်ယာဈေးကွက်တွေမှာ အိန္ဒိယရှယ်ယာဈေးတွေ မြင့်တက်မှုကလည်း ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရာမှာ ရူပီးတန်ဖိုး မြင့်တက်စေရန် အထောက်အကူပေးခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒါပေမယ့် ပင်လယ်ရပ်ခြားဒေသမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးခိုင်မာမှုက ရူပီးတန်ဖိုးမြင့်တက်မှုကို ထိန်းချုပ်မှုရှိခဲ့ပါတယ်။

**ဂျပန်ယန်း**

အမေရိကန် အလုပ်အကိုင်အခြေအနေက ခန့်မှန်းချက်ကိုမပြည့်မီတဲ့အတွက် အမေရိကန်ဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို ယခုလမှာ မြှင့်တင်မယ့် အလားအလာကို မေးမိုန်စေခဲ့တဲ့အတွက် ယူရို၊ ယန်းတို့နဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက ဒီဇင်ဘာနောက်ပိုင်းအနိမ့်ဆုံးအဖြစ် ကျဆင်းခဲ့ပါတယ်။ ဇွန် ၃ရက်နံနက် ၁၀ နာရီ ၁၀ မိနစ်မှာ ယူရိုနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃၃၄ ရှိခဲ့ပါတယ်။ ယန်းငွေနဲ့ဖလှယ်ရာမှာတော့ ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၀၆ ဒသမ ၉၃ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

မလေးရှားနိုင်ငံရဲ့ အီကွီတီရှယ်ယာဈေးကွက်တိုးတက်ကောင်းမွန်မှုနဲ့အညီ ပြည်တွင်းရင်းဂစ်ငွေကြေးကို ဝယ်ယူဖို့ စိတ်ဝင်စားမှုမြင့်တက်လာတဲ့အတွက် ဇွန် ၃ ရက်နံနက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကို မြင့်တက်စေခဲ့ပါတယ်။

ရင်းဂစ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာဖလှယ်နှုန်းက ဇွန် ၂ ရက် ညနေ ၅နာရီက အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၁၄၇၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၄၂၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ဗြိတိသျှပေါင်မှအပ အခြားအဓိကငွေကြေးများနဲ့ဖလှယ်ရာမှာ အများအားဖြင့် ရင်းဂစ်ငွေကြေးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ထုတ်ပြန်တော့မယ့် စီးပွားရေးကိန်းဂဏန်းတွေနဲ့ လာမယ့်ရက်တွေမှာ ဖြစ်ပေါ်လာမယ့် အဖြစ်အပျက်တွေကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်အကဲခတ်နေဆဲဖြစ်တဲ့အတွက် ဇွန် ၃ ရက်မှာ တောင်ကိုရီးယား စတော့ရှယ်ယာဈေးတွေ အပြောင်းအလဲမရှိဘဲ တန့်နေပါတယ်။ တောင်ကိုရီးယား ဗဟိုဘဏ်အစည်းအဝေးကို ဇွန် ၉ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

တောင်ကိုရီးယား ဝမ်တန်ဖိုးကို ယခင်နေ့ကနဲ့ နှိုင်းယှဉ်ရင် ၃ ဝမ်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၈၃ ဒသမ ၆၀ နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ထိုင်းနိုင်ငံရဲ့ ကာလရှည်ဘွန်းစာချုပ်တွေကို ပြန်လည်ရောင်းချပေမယ့် ကာလတိုဘွန်းစာချုပ်တွေကိုပြန်လည်ဝယ်ယူခဲ့ပါတယ်။ ဒါကြောင့် ထိုင်းအစိုးရဘွန်းစာချုပ်ဈေးတွေမြင့်တက်ခဲ့သလို ဘတ်ငွေတန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။

ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးက ဇွန် ၂ ရက်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၅၉ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်း တိုးမြှင့်ပါက ကမ္ဘာ့ဈေးကွက်များက ရင်ဆိုင်နိုင်မယ့်အနေအထားရှိ

အမေရိကန်ဗဟိုဘဏ်က နွေရာသီမှာ ဗဟိုဘဏ်အတိုးနှုန်းကိုမြှင့်တင်မယ်ဆိုရင် ကမ္ဘာ့ဈေးကွက်တွေကလည်း ရင်ဆိုင်နိုင်ဖို့ အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း မေ ၃၀ ရက်က စိန့်လူးဝစ်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျိမ်းဘူးလတ်ရဲ့ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။ ဘူးလတ်က မူဝါဒအပြောင်းအလဲ ပြုလုပ်မယ့်ရက်ကိုတော့ အတိအကျပြောကြားခြင်း မရှိပါဘူး။

အမေရိကန်ပြည်ထောင်စုရဲ့ ဂျီဒီပီ တိုးတက်မှုနှုန်းနာလန်ထူမှုက ဒုတိယသုံးလပတ်မှာ အကောင်အထည်ပေါ်လာတော့မှာဖြစ်ကြောင်း သူက ပြောပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းမြှင့်တင်မယ့်အချိန်ကို သူကအတိအကျ ပြောကြားခြင်းမရှိပါဘူး။ ဇွန်နဲ့ ဇူလိုင်လမှာမူဝါဒဆိုင်ရာ အစည်းအဝေးနှစ်ခု ကျင်းပဖို့ ရှိပါတယ်။ အမေရိကန်ပြည်ထောင်စု ပထမသုံးလပတ် စီးပွားရေး တိုးတက်မှုနှုန်းက မူလခန့်မှန်းထားသလောက် အားနည်းမှုမရှိတာကို တွေ့ရပြီးနောက် သူ့ရဲ့ ဝေဖန်သုံးသပ်ချက်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒုတိယသုံးလပတ်မှာ စီးပွားရေးဖွံ့ဖြိုးတော့မယ့် အလားအလာများနဲ့အတူ အမေရိကန်တို့ရဲ့ ဝင်ငွေကလည်း ခိုင်မာတိုးတက်လာတဲ့အတွက် အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို ဇွန်မှာ အစောဆုံးထားပြီး မြှင့်တင်မယ့် အလားအလာရှိကြောင်း စီးပွားရေးပညာရှင်တွေက ခန့်မှန်းပါတယ်။

အကယ်၍အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲမှာ ဒေါ်နယ်ထရမ့်သာ သမ္မတအဖြစ် ရွေးချယ်ခံရပါက မူဝါဒပြောင်း၊ မပြောင်း မစ္စတာဘူးလတ်ကို မေးမြန်းခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်က လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံရေးအရ ဖိအားပေးမှုကို လိုက်နာမှာမဟုတ်ကြောင်း သူက ပြောပါတယ်။

# အတိုးနှုန်းမြှင့်တင်မှုကို ၂၀၁၉ ခုနှစ် ရောက်မှသာ ဆောင်ရွက်မယ်လို့ ဂျပန်ဝန်ကြီးချုပ်ပြော

အတိုးနှုန်းမြှင့်တင်မှုကို နောက်ထပ်နှစ်နှစ်ခွဲအထိ ဆိုင်းငံ့ထားဦးမယ်လို့ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကပြောကြောင်း မေ ၂၉ ရက်ကထုတ်ပြန်ထားတဲ့သတင်းတွေကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အတိုးနှုန်း နောက်တစ်ကြိမ်တိုးမြှင့်မယ့်ကိစ္စကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ ရွှေ့ဆိုင်းထားရန် ရည်ရွယ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး တာဆိုအာရိုအပါအဝင် ဝန်ကြီးချုပ်ရဲ့ လက်ထောက်များအား အာဘေးက မေ ၂၈ ရက်ကပြောကြောင်း ဂျပန်မီဒီယာသတင်းတွေမှာ ဖော်ပြပါတယ်။

လက်ရှိဝန်ကြီးချုပ်အာဘေးရဲ့ သက်တမ်းက ၂၀၁၈ ခုနှစ် စက်တင်ဘာမှာကုန်ဆုံးမှာဖြစ်ပါတယ်။ သဘောကတော့ ကြီးလေးတဲ့အခွန်ကောက်ခံရေးတာဝန်ကို သူ့ကိုဆက်ခံမယ့်နောက်ဝန်ကြီးချုပ်ရဲ့ တာဝန်အဖြစ် ချန်ထားခဲ့မယ့်သဘောဖြစ်ပါတယ်။ ယခင်နှစ်ကလည်း အခွန်နှုန်းကို ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ရေးကိစ္စကို ၂၀၁၇ ခုနှစ်ဧပြီလအထိ ရွှေ့ဆိုင်းထားခဲ့ဖူးပါတယ်။

ကမ္ဘာ့စီးပွားရေးက အကျပ်အတည်းကြုံတွေ့ရမယ့် အန္တရာယ်နဲ့ ရင်ဆိုင်တွေ့ကြုံနေရကြောင်း ဂျပန်နိုင်ငံမှာ မေ ၂၇ရက်က ပြီးဆုံးခဲ့တဲ့ ဂျီ-၇ အစည်းအဝေးမှာ ဂျပန်ဝန်ကြီးချုပ်က ပြောကြားပါတယ်။ ဒါပေမယ့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခရစ်စတင်းလားဂတ်တို့က သူ့ခန့်မှန်းချက်က အပျက်သဘောဘက်ကို ကြည့်လွန်းကြောင်း ပြောပါတယ်။


ဂျပန်ကားအပိုပစ္စည်းအမျိုးမျိုး၊ အရည်အသွေးအာမခံစနစ်ဖြင့်ရောင်းချသည်။
ENTRE®
Auto Parts
NTR Myanmar Co.,Ltd
BEST QUALITY GUARANTEE
https://www.facebook.com/NTRautoparts
No(250,251), Supound Yone Path Street, 37th Ward, North Dagon Twonship, Yangon.
+951 581 842, +959 31679 888, +959 73033028.
Air Filter
Oil Filter
Fuel Filter
Cabin Filter
Brake Shoe
Bushing
Shock Absorber
Link Stabilizer
Tie Rod
Ball Joint
Rack End
Arm
Rubber Pad
NTR Myanmar Co.,ltd
မှ ထိုင်ဝမ်အခြေစိုက်စက်ရုံတွင်
ဂျာမနီ နည်းပညာဖြင့် ဂျာမနီအရည်အသွေးစစ်ဆေး
ကြီးကြပ် လမ်းညွှန်မှုအတိုင်း ထုတ်လုပ်ထားသော
ဂျပန်ကား အပိုပစ္စည်း အမျိုးမျိုး ကို
မြန်မာနိုင်ငံ တစ်ဝှမ်းလုံး သို့
စျေးနှုန်း သင့်တင့် မျှတစွာဖြင့်
ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။



ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com
www.zenithpowermyanmar.com
www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE




လုံခြုံလျှို့ဝှက်၊ ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MOBILE BANKING SERVICES
Customer များအနေဖြင့် Mobile Phone အသုံးပြု၍ ...
Balance စစ်ဆေးခြင်း၊ Bank Statement ကြည့်ရှုခြင်း၊
Account Summary ကြည့်ရှုခြင်း၊ Cheque လက်မှတ်စစ်ဆေးခြင်းနှင့်
ဘဏ်၏သတင်းအချက်အလက်များဖြစ်သည့် ATM စက်တည်ရှိရာ နေရာများ၊
ဘဏ်ခွဲလိပ်စာများ၊ ငွေလဲလှယ်နှုန်း၊
ငွေလွှဲနှုန်းများစသည့် ဝန်ဆောင်မှုများကို
ရရှိနိုင်ပါသည်။
MPU
Point of Sale (POS)
MPU , CUP, JCB Card များဖြင့် ငွေပေးချေနိုင်သော
မြဝတီဘဏ်လီမိတက်၏ Point of Sale (POS)
Terminal များကို Shopping Centers၊ Restaurants၊
Clinics၊ Travels & Tours၊ Cafes၊ Hotels၊
Transportation Services၊ Retail Merchants နှင့်
ATM SERVICES
MPU/ CUP/ JCB Card များဖြင့် MPU Logo ပါရှိသည့်ဘဏ်၏
ATM စက်များတွင်မဆို ...
• Savings A/C၊ Current A/C တို့မှ Card A/C သို့
• Card A/C သို့ မြဝတီဘဏ်လီမိတက် ဘဏ်ခွဲများ နှင့် Deposit ပေးသွင်းနိုင်ခြင်း။
မြဝတီဘဏ် (ရုံးချုပ်)
Tel : (01) 230 1367, 230 1368, 230 1452, 230 1378, 230 1401, 230 1410
Fax : (01) 230 1395, 230 1450, 230 1402, 230 1418
Email : mwdbankygn@mptmail.net.mm
မြဝတီဘဏ် (နေပြည်တော်)
Tel : (067) 421 441, 421 581, 421 582
Fax : (067) 421 442, 421 443
Email : mwdbanknpt@gmail.com

COMMERCE INTERNATIONAL

# အိုပက်အဖွဲ့ အစည်းအဝေးမှာ ရေနံထုတ်လုပ်မှုထိန်းချုပ်ဖို့ သဘောတူညီမှုမရ

အီရန်နိုင်ငံက ရေနံထုတ်လုပ်မှု တိုးမြှင့်ရန် တိုက်တွန်းလျက်ရှိတဲ့အတွက် ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်) အစည်းအဝေးမှာ ထုတ်လုပ်မှုဆိုင်ရာမူဝါဒကို ချမှတ်နိုင်ခြင်း မရှိပေမယ့် ဈေးကွက်အတွင်းသို့ ရေနံများကို အလျှံပယ်တင်ပို့မှာ မဟုတ်ကြောင်း ဆော်ဒီအာရေးဘီးယားနိုင်ငံက ဇွန် ၂ ရက်က ကတိပြုခဲ့ကြောင်း ဒိုမိန်းဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ်ဒီဇင်ဘာကကျင်းပတဲ့ အစည်းအဝေးမှာ ရေနံထုတ်လုပ်မှု ရည်မှန်းချက်ချမှတ်ဖို့ကြိုးပမ်းချက်က နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အောင်မြင်မှု မရရှိခဲ့ပါဘူး။ ၂၀၁၅ ခုနှစ် အစည်းအဝေးနောက်ပိုင်း ကျင်းပတဲ့ အစည်းအဝေးအများအပြားမှာလည်း ဆော်ဒီအာရေးဘီးယားနဲ့ အီရန်နိုင်ငံတို့အကြား တင်းမာမှုတွေရှိခဲ့ပါတယ်။

ဆော်ဒီအာရေးဘီးယားနိုင်ငံက စေ့စပ်ညှိနှိုင်းလိုတဲ့ဆန္ဒရှိကြောင်း ရေနံဝန်ကြီးသစ် ခါလစ်အယ်ဖာလစ်က ပြသလာခြင်းနဲ့ အိုပက်အဖွဲ့ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် နိုင်ဂျီးရီးယားနိုင်ငံမှ မိုဟာမက်ဘာကင်ဒိုကို ရွေးချယ်ဖို့ အိုပက်အဖွဲ့က တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခြင်းစတဲ့အချက်များကြောင့် ဇွန် ၂၁ ရက်မှာ တင်းမာမှုတွေ လျော့ပါးခဲ့ရပါတယ်။ ကျဆင်းနေတဲ့အိုပက်အဖွဲ့ရဲ့ အရေးပါမှုကိုပြန်လည်မြှင့်တင်ဖို့နဲ့ ဈေးနှုန်းနဲ့ရင်းနှီးမြှုပ်နှံမှုကို ကျဆင်းစေတဲ့ ဈေးကွက်ဝေစုတိုက်ပွဲ အဆုံးသတ်ဖို့အတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဆော်ဒီအာရေးဘီးယားနဲ့ ပင်လယ်ကွေ့မဟာမိတ် နိုင်ငံတွေက အမြင့်ဆုံးထုတ်လုပ်မှု ကန့်သတ်ချက်အသစ်ကို သတ်မှတ်ဖို့ကြိုးပမ်းခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ကုန်ထုတ်လုပ်မှုမူဝါဒနဲ့ အမြင့်ဆုံးထုတ်လုပ်မှုပမာဏ သတ်မှတ်ဖို့အတွက် ကြိုးပမ်းချက်မအောင်မြင်ခဲ့ရကြောင်း အိုပက်သတင်းရပ်ကွက်က ပြောပါတယ်။

သဘောတူညီမှုမရရင် အိုပက်အဖွဲ့မှာ ရေနံစိမ်း အများဆုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံက ပြိုင်ဘက်တွေကို ဒဏ်ခတ်ပြီး ဈေးကွက်ဝေစုပိုမိုရဖို့အတွက် ထုတ်လုပ်မှုမြှင့်တင်မှာကို ဈေးကွက်ကစိုးရိမ်လျက်ရှိပါတယ်။ ဒါပေမယ့် ဆော်ဒီအာရေးဘီးယားရဲ့ ဆောင်ရွက်မှုကြောင့် ဈေးကွက်ကို စိတ်သက်သာမှုရစေခဲ့ပါတယ်။

"ဆော်ဒီအာရေးဘီးယားက ရေနံတွေ အလျှံပယ်ထုတ်လုပ်မှာကို စိုးရိမ်စရာ အကြောင်းလုံးဝမရှိပါဘူး "လို့ ဈေးကွက်အတွင်းသို့ ရေနံတွေ တိုးမြှင့်တင်ပို့ဖို့ရှိမရှိ မေးခွန်းနဲ့ပတ်သက်လို့ မေးမြန်းချက်ကိုဖြေကြားရာမှာ သူက ပြောပါတယ်။

**ဉာဏ်တင်**

## Korea-Myanmar B2B Meeting

ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များအသင်း (Korea Importer Association – KOIMA) ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် ကိုရီးယားသွင်းကုန်လုပ်ငန်းရှင်များအသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် Business Forum နှင့် B2B Meeting များ ကျင်းပ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွား မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

နေ့ရက် - ၇-၆-၂၀၁၆ (အင်္ဂါနေ့)
အချိန် - နေ့လည် ၂ နာရီမှ ၅ နာရီအထိ
နေရာ - Sule Shangari-La Hotel, Yangon

(စိတ်ပါဝင်စားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် itpic.moc@gmail.com (ဖုန်း - ၀၁ ၂၅၄၀၂၄) သို့ စာရင်း ပေးသွင်း တက်ရောက်နိုင်ပါသည်။ ပါဝင်တက်ရောက်သည့် လုပ်ငန်းရှင်များ ဆွေးနွေးညှိနှိုင်းမှုပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ကိုရီးယား-မြန်မာ စကားပြန်များ ထားရှိဆောင်ရွက်ပေးမည် ဖြစ်ပါသည်။)

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 6th June 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 19.5.2016 | 20.5.2016 | 18.5.2016 | | 29.5.2016 | 2.6.2016 | 9.6.2016 |
| | S/O CUT | | | | | | | | 15.5.2016 | 16.5.2016 | 14.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.6.2016 | 9.6.2016 | 10.6.2016 | | | 20.6.2016 | 23.6.2016 | |
| | S/O CUT | | | | | | | 4.6.2016 | 5.6.2016 | 6.6.2016 | | | | | |
| MV.HOEGH CHENNAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | | | 20.6.2016 | 19.6.2016 | 18.6.2016 | | | 30.6.2016 | 4.7.2016 | |
| | S/O CUT | | | | | | | 16.6.2016 | 15.6.2016 | 14.6.2016 | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.7.2016 | 12.7.2016 | 10.7.2016 | | 22.7.2016 | 26.7.2016 | |
| | S/O CUT | | | | | | | | 7.7.2016 | 8.7.2016 | 3.6.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။